# ပန်းသီနှင်း

## ကိုယ့်ရင်ထဲကပန်းတစ်ခင်း



အချစ်ဆိုတာ . . . .

နှလုံးသားရဲ့စေညွှန်ရာ . . . .

ခန့်တလူ

အချစ်ဆိုတာ . . . .

လက်ခုပ်နှစ်ဖက်တီးမှသာ ထွက်ပေါ်လာသော အသံ ။

မိုးနိုင်

အချစ်ဆိုတာ . . . .

ချိုလည်းချို ခါးလည်းခါး
မချိုလည်းမချို မခါးလည်းမခါး

ဒီတာ

အချစ်ဆိုတာ . . . .

မျက်ရည်များနှင့် ဆုံးရှုံးခြင်း

ရည်မွန်

ကားဟွန်းသံနှစ်ချက်ဆင့်ကာ တီးလိုက်တာကြောင့် ခြံဝင်းတံခါးဝမှာ ရောက်နေတာ ဖေဖေ့ကားပဲဟု အပ်ချ မတ်ချ ဒက်ကာနဲ့သိလိုက်ကာ ပန်းပင်ရေလောင်းနေသော ပိုက်ကလေးကို လွှတ်ချလျက် မြက်ခင်းစပ်က ရေဘုံဘိုင်ခေါင်းကို ပိတ်ပြီး ခြံဝင်းတံခါးဆီရေစိုဖိနပ်နှင့် တဖျတ်ဖျတ် ပြေးလာမိသည်။

ခြံဝင်းတံခါးကို ဖွင့်ပြီး နူးညံ့သောအပြုံးတစ်ခုနှင့် ဖေဖေ့ကို ကြိုမိပါသည်။

"ဖေဖေပြန်လာပြီ"

ကလေးဘဝတုန်းကလိုပဲ နှုတ်က တီးတိုးရေရွတ်မိတုန်း၊

"သမီးငယ် ရေတွေရွှဲနေပါလား"

"အင်း"

"အအေးမိအုံးမယ်၊ မြန်မြန်လုပ်"

"ဟုတ်ကဲ့ပါ"

ဖေဖေက ကားကို မရွှေ့သေးပဲ -

"ရော့ . . . သမီး" ဟု ဝယ်လာသော ပန်းသီးနီရဲရဲတစ်လုံးကို လှမ်းပေး၏။

အိတာက ခစ်ကနဲရယ်ကာ လှမ်းယူထားလိုက်၏။ ဖေဖေ့ကားဝင်သွားတော့မှ ခြံဝင်းတံခါးကို ပြန်ပိတ်သည်။

"ဩော် . . . သမီး ဖွင့်ပေးလိုက်ပြီလား"

ဟွန်း . . . တော်လိုက်တဲ့ခေါ် လုံး ခြံတံခါးဖွင့် ပေးဖို့ရောက်လာတဲ့အဘက မြန်လွန်းလှပါဘိ။

အိတာကို မြင်တော့ ဝမ်းသာအားရ ပြုံးလှည့် သွားပြီ။ အိတာက ခေါင်းတချက်ရမ်းရင်း ပြန်လျှောက်လာ၏။ ရေဘုံဘိုင်ခေါင်းကို ပြန်ဖွင့်ပြီး ပန်းသီးကို ရေစင်အောင် ဆေးကာ မြက်ခင်းဘေးက အုတ်ဘောင်ကလေးပေါ် ထိုင်ချလျက် ကိုက်စားမိသည်။ ချိုပြီး ကြွပ်ပြီးမွှေးလိုက်တာ။

အိတာက ပန်းသီးကြိုက်သည်။

မမရည်မွန်က ပန်းသီးမကြိုက်ပါ။

ရေစိုနေသော ခြေထောက်အစုံမှာ သဲတွေလည်း ကပ်ကာနေသည်။ ဂျင်းဘောင်းဘီကို ခေါက်တင်ထားတာ ဒူးဆစ်နီးပါး၊ တီရှပ်ကလေးကတော့ ရေမစိုပါ။ ပန်းခြံထဲမှာ သစ်ပင်ပန်းပင်တွေရေလောင်းရတာ ပျော်သည်။ အိမ်က ကားသုံးစီးကို ရေဆေးရတာလည်းပျော်သည်။ တစ်ခါတစ်လေ ဦးအုန်း မလာခင် ဆေးထားလိုက်တာပါပဲ။

"သမီး အိတာရေ"

ဟော . . . မေမေ ခေါ်နေပြီ။

"လာပြီဗျို့"

အိတာက ခြေထောက်ကို ရေဆေးပြီး အိမ်ထဲဝင် လာခဲ့၏။ မေမေနှင့် ဖေဖေက ညှိခန်းမှာရှိသည်။

"သမီး မမရော"

" အိမ်ပေါ်မှာ အေရိုးဗစ်ကစားနေတယ်"

"ပြီးပြီလား ပြီးရင်ခေါ်လေ"

"ဟုတ်ကဲ့"

အိတာက လှေခါးကိုပြေးတက်လာခဲ့၏။

မမရည်မွန်က အောရိုးပစ်ကစားပြီး ချွေးတိတ်အောင် ထိုင်နေသည်။ အသားကပ်ဝတ်စုံ အနီရဲလေးပင် မလဲရသေးပါ။ အိတာက မမရည်မွန်ဆီ လျှောက်သွားပြီး . . .။

"ဖေဖေခေါ်နေတယ်" ဟုဆိုပါသည်။

"ဟုတ်လား . . . အကျႌလဲပြီး ဆင်းလာမယ်လေ"

မမရည်မွန်က စကားသံချိုချိုကလေးနှင့် ပြန်ပြောသည်။ အိတာက မမရည်မွန်ကို ငေးကြည့်နေမိသည်။

သိပ်လှတာပဲ မမက။

ဘယ်အချိန်ကြည့်ကြည့် ဘယ်လိုပဲကြည့်ကြည့် အရမ်းလှသည်။ ဖြူဖြူစင်းစင်းလေးနှင့် ဝင်းဝင်းပပကလေး။ မျက်နှာလည်းလှသည်။ ဆံပင်လေးလည်း လှသည်။ ကိုယ်လုံးလေးလည်း လှသည်။ မလှတာ ဘာမှမရှိ။

"ဘာလဲ အိတာ"

ရပ်ပြီး ငေးကြည့်နေတော့ မမရည်မွန်က မေးသည်။

"ဟင့်အင်း . . . ဘာမှမဟုတ်ပါဘူး"

အိတာက ခေါင်းလေးရမ်းပြီးဖြေသည်။

မမရည်မွန်က သူ့အခန်းထဲဝင်သွားတော့ အိတာ ပြန်ဆင်းလာခဲ့သည်။

မေမေက ဖေဖေ့အတွက် သံပုရာရည် ချိုချိုချဉ်ချဉ် ကလေး တစ်ခွက်ဖျော်လာပေးသည်။

"ဘာလဲသမီးငယ် . . . မမက မလာသေးဖူးလား"

"အခုပဲ ဆင်းလာပါလိမ့်မယ်မေမေ"

အိတာက ပြန်ပြောပြီး ခြံထဲဆင်းဖို့ပြင်သည်။

"ဟဲ့ . . . ဪ . . . ဒီမှာ ဖေဖေက နှစ်ယောက်စလုံးကို ပြောစရာရှိလို့ပါဆို"

"ဟင် . . ဟုတ်လား"

မေမေတားတော့မှ အိတာက ခြေလှမ်းတန့်ပြီးရပ်သွား၏။

မမရည်မွန်လည်း ဆင်းလာသည်။

အိတာက ပန်းသီးတကြွပ်ကြွပ်ဝါးကာဖေဖေ့စကား ကို နားစွင့်ထားလိုက်၏။

"သမီးတို့အတွက် ဖေဖေလက်မှတ် သုံးစောင် ယူလာခဲ့တယ်။ တဲလင်းန် ရှိုး၊ ဖက်ရှင်ရှိုးပေါ့ "

"ဟင် . . . ဟုတ်လား"

မမရည်မွန်က ဝမ်းသာစွာမေးသည်။

" မောင်ခန့်တလူနဲ့ အတူတူသွားကြပေါ့ "

"ဟုတ်ကဲ့ . . . ဟင်း ဒီပွဲကို သမီးကြည့်ချင် နေတာ 'TALENT & FASHION SHOW' ရှိုးပဲ . . '

"ညီမလေးလည်းခေါ် သွား"

ဖေဖေက ဘယ်တော့ဖြစ်ဖြစ် ညီညီမျှမျှ ဆုံးဖြတ်လုပ်ကိုင်သည်။ အိတာ စိတ်ထဲဘယ်လိုမှမနေအောင် ဂရုစိုက်သည်။ ဖေဖေ့ကိုအိတာနားလည်သည်။ အမြဲတမ်း ကျေးဇူးလည်းတင်သည်။

ရည်မွန်က အိတာကို တချက်လှမ်းကြည့်သည်။ အိတာက ပန်းသီးစားရင်း ဘာမှဝင်မပြောပါ။

"ကိုခန့် အားရဲ့လား မေးကြည့်လိုက်မယ်"

လက်မှတ်သုံးစောင်ကို ယူပြီး မမရည်မွန်က အပေါ်ထပ်လှစ်ကနဲ တက်သွား၏။ ခန့်တလူဆီ ဖုန်းဆက်ဖို့ပါ။

"သမီး လိုက်သွားနော်"

"ဟုတ်ကဲ့"

ဖေဖေက သေချာထပ်မှာ၏။ ခေါင်းသာညိမ့်လိုက်ရတာပါ။ မမရည်မွန်က ခေါ်ပါ့မလားမသိပါ။ သူတို့ သူငယ်ချင်းနှစ်ယောက်သွားလျှင် အိတာကို မခေါ်တာက များပါသည်။ တခါတလေ စိတ်ပါမှ ခေါ်တာ။

ကိုခန့်တလှကို မမရည်မွန်က အရမ်းဂရုစိုက်သည်။ အရမ်းအလေးထားသည်။

ဒီတာက ဖြူလဲပြန်ဆင်းလာပြီး ပန်းပင်တွေ ရေဆက်လောင်းနေမိရင်း စိတ်ထဲမှာ တောတောတုန်းကလို မရွှင်လန်းတော့သလိုပါ။ ဘာကို စိတ်မကောင်းဖြစ်မိတာလဲမသိ။ မသေချာသော မသဲကွဲသော ဝေဒနာ တစ်ခုက ရင်ထဲမှာ အုံ့ဖွဲ့နေသည်။

မမရည်မွန်ကို ဒီတာ အားကျသည်။

အရမ်းလှသည်။ ပြီးတော့ အရမ်းထက်မြက်သည်။ လိုက်ဖက်ညီသော ကိုခန့်တလှလို သူငယ်ချင်းလည်းရှိသည်။ ပြီးတော့ ဖေဖေနှင့်မေမေက အရမ်းချစ်သည်။

ကိုခန့်တလှ၏ ဂရုစိုက်မှုကိုလည်းရသည်။ ကိုခန့်တလှ၏ ဖေဖေနှင့် မေမေကလည်း မမရည်မွန်ကို သမီး . . . သမီးနှင့် အရမ်းချစ်သည်။ ဆယ်တန်းကို ဂုဏ်ထူးတွေနှင့် အောင်မြင်ခဲ့သော မမရည်မွန်ကို ဖေဖေက ကားတစ်စီး ဝယ်ပေးခဲ့သည်။ မေမေက မမရည်မွန်မွေးနေ့မှာ အမှတ်တရ ဟမ်းဖုန်းတစ်လုံး ဝယ်ပေးခဲ့ပါသည်။ ဒီတာက မကျေမနပ်မဖြစ်မိပေမယ့် စိတ်ထဲမှာတော့ အားကျအားငယ်ဖြစ်မိသည်။

အကောင်းဆုံး အလှပဆုံးဆိုသော အရာတွေက မမရည်မွန်ဆီသို့သာ ဦးတည်လာတတ်ပါသည်။

ဒါဟာ ကံတရားလား။

အိတာကပန်းသီးကို အခဲပွါယ်မဲ့စွာ အကြာကြီးဝါးရင်း ငုံ့သက်နှိုက်မိသည်။

အိတာက ဘာလို့ မမရည်မွန်လို မလှတာလဲ။

ဘာလို့ မမရည်မွန်လောက် မထူးချွန်ရတာလဲ။

ကိုခန့်တလူကရော မမရည်မွန်နဲ့မှ သူငယ်ချင်းဖြစ်ရတာ ဘာကြောင့်လဲ။

"အိတာ"

"ဟင် . . . မမရည်မွန်"

မမရည်မွန်က ဘေးနားလာရပ်ပြီးခေါ်မှ စိတ်နှင့်လူ ပြန်ကပ်မိသည်။ ပျက်နေသော မျက်နှာကို ဟန်လုပ်ပြုံးရင်း

"ဘာလဲဟင် မမ" ဟု မေးမိသည်။

"ပြောစရာရှိတယ်"

"ဟုတ်"

" Talent show" ကို မလိုက်ရင် ဖြစ်မလား"

"ရှင်"

တွေးထင်ထားသလိုပါပဲ။ မမရည်မွန်က မခေါ်ချင်ပါ။ ဖေဖေက လက်မှတ်သုံးစောင်စီစဉ်ပေးခဲ့ပေမယ့် မမရည်မွန်က ကိုခန့်တလူနှင့် နှစ်ယောက်တည်း သွားချင်ပုံပါ။

အိတာ အင်းမလုပ် အဲမလုပ်နှင့် ဘာမှပြန်မပြော။

"ဖြစ်မလားဆို . . . နောက်တစ်ပတ်မှ ရုပ်ရှင်လိုက်ပြမယ်လေ . . ဒါမှမဟုတ် အင်္ကျီတစ်ထည်ဝယ်ပေးမယ်" အဲဒီလိုပါပဲ။ အမြဲအပေးအယူ လုပ်နေကြပါ။

သည်လိုအပေးအယူလုပ်တာမျိုးကို အိတာက ကျေနပ်ရဲ့လားဆိုတာ ထည့်တွေးပုံမပေါ်။

" **Talent** ရှိုးဆိုတော့ ကြည့်ချင်တယ်"

အိတာက မခံချင်စိတ်နှင့် ပြောမိသည်။ ချန်ခဲ့မယ်ဆိုတာသိသည်။ ကျန်ခဲ့ရမှာကို သိလျက်နှင့် စောဒက တက်မိသည်။

"နောက်လည်း ကြုံအုံးမှာပါ "

မမရည်မွန်ကလည်း မခေါ်ဘူးဆို မခေါ်ဘူးပါပဲ။

"နေခဲ့လိုက်ပါ။ လိမ္မာပါတယ်၊ မမတို့ တခြားနေရာလည်း သွားစရာရှိသေးလို့ပါ။"

အိတာက နှုတ်ခမ်းလေးစူကာ ထပ်မပြောတော့ပါ။

"နော် . . . အီတာက ချစ်ဖို့ကောင်းတယ်"

မရည်မွန်က ပါးလေးဆွဲပြီး တဖက်သတ်ဆုံးဖြတ်ကာ လှည့်ထွက်သွားတော့သည်။

အီတာကလက်ကလေးပိုက်ရင်း ရှက်လှပင်စိမ်းစိမ်းကို ငူငူစိုက်ကြည့်နေမိသည်။

**Talent** ရှိုးကို တကယ်ကြည့်ချင်တာလား

မမရည်မွန်က မခေါ်လို့ ပိုလိုက်ချင်တာလား

ဒါမှမဟုတ် ကိုခန့်တလူနှင့် အပြင်ထွက်လည်ရတာကို နှစ်သက်နေတာလား။

ဟိုတုန်းကတော့ ညီမလေး ညီမလေးနှင့် အရမ်းခင်ခဲ့တာပါပဲ။ အခုမှ တဖြည်းဖြည်း မမြင်ရသော အုတ်တံတိုင်းကြီး တစ်ခု စည်းခြားထားတာပါ။

ကိုခန့်တလူရယ် မမရည်မွန်ရယ် အီတာရယ် သုံးယောက်တပူးပူးတကျွတ်ကျွတ်နှင့် ခင်မင်ရင်းနှီးခဲ့ကြသည်။ နောက်တော့ မမရည်မွန်က အီတာကို ဖယ်ထုတ်ခွါ ချန်ထားရစ်ခဲ့တာပါ။

အဲဒါ ဘာကြောင့်များလဲ။

ကိုခန့်တလူနှင့် မမရည်မွန် ချစ်သူတွေဖြစ်သွားကြပြီလား။

ထိုအတွေးကြောင့် အပူလုံးတစ်ခု ရင်ထဲကို ဆောင့်တက်လာသည်။ လူက တကိုယ်လုံး ထုံကျင်လာသလို ခံစားရသည်။ ပင့်သက်တချက်ရှိုက်ကာ အိမ်ထဲပြန်ဝင်လာခဲ့သည်။ စိတ်ထဲမှာ အရမ်းသိချင်သည်။

ကိုခန့်တလူနှင့် မမရည်မွန် ချစ်သွားကြပြီလား ဆိုတာ။ အခန်းထဲဝင်လာပြီး ကိုခန့်တလူ၏ လက်ကိုင်ဖုန်းကိုခေါ်မိသည်။ ဘာမှ ရှည်ရှည်ဝေးဝေး မစဉ်းစားနိုင်။

"ဟယ်လို"

ကိုခန့်တလူက ချက်ချင်း ဖုန်းထူးသည်။

"ရည်မွန်လား"

မမရည်မွန် ထပ်ခေါ်တယ်ပဲထင်တာ။

အိတာက ကိုခန့်တလူဆီ ဖုန်းဆက်ခဲသည်။ အရမ်းဆက်တာနည်းသည်။ မဆက်သလောက်ကို နည်းတာ။ ဟိုတုန်းကတော့ တခါတလေ ဆက်မိသည်။ အခု နောက်ပိုင်း ပိုပြီး မဆက်ဖြစ်တော့တာပါ။

"ရည်မွန်လား"

"မဟုတ်ဘူး"

ဒုတိယအကြိမ် မေးလာတော့ ကမန်းကတန်း ဖြေမိ၏။

"ဟာ . . အိတာလား"

ခန့်တလူဆီက အံ့ဩသံထွက်လာ၏။

"ဒီနေ့ မိုးရွာမယ် ထင်တယ်"

ဆွဲအားကောင်းသော အသံချိုချိုမှာ နူးညံ့တည်ကြည်မှုပါဝင်သည်။ ထိုအသံကို ကြားလိုက်ရတော့ ရင်ထဲက ပူပန်မှုတွေလျော့နည်းသွားရသည်။

အိတာ၏မသိစိတ်က ဆန်းကြယ်ထူးခြားလွန်းသည်။

"အိတာ မဆက်စဖူးဆက်တော့ ထီထိုးမှပဲ"

ခန့်တလူက ရယ်သံတစ်ဝက်နှင့် နောက်နေ၏။

"ကိုကြီး"

" ဟင် . . . ပြောလေ . . ပြော"

သိချင်စိတ်ပြင်းထန်လှစွာနှင့် မေးမလို့ ဖုန်းဆက် ပြီးကာမှ ထိုမေးခွန်းမေးရမှာ မဝံ့မရဲနှင့် နှုတ်တွန့်မိသည်။ မေးသင့်ရဲ့လား။ အိတာကို သူဘယ်လိုထင်မလဲ။

"အိတာ တဲလင့်နဲ့ ရှိုးမလိုက်ဖြစ်ဘူးဆို"

"ရှင်"

ခန့်တလူက မမေ့မလျော့ မေးလာသည်။

"ရည်မွန်က ဖုန်းဆက်တယ် စောစောကပဲ၊ အိတာ

သင်တန်းနဲ့ တိုက်နေလို့ မလိုက်တော့ဘူးဆို။ လိုက်ခဲ့ပါလားကွာ၊ သင်တန်းနဲ့ အိမ်နဲ့ကြာရင် ကုတ်ချိဖြစ်သွားမယ်ကွ။ သင်တန်း တစ်ရက်တလေ ပျက်တာဘာဖြစ်လဲ . . . အိတာက တော်ပြီး သားပဲ"

ကိုခန့်တလူက အိတာကို လိုလိုလားလား ခေါ်ပါသည်။ မမရည်မွန်ကသာ မလိုက်စေချင်တာ။ ပြီးတော့ အိတာ မပြော သော စကားတွေ လျှောက်ပြောထားသေးသည်။

ဘာသဘောမှန်း မသိပေမယ့် မကျေမနပ်ဖြစ်မိ တာ တော့ တကယ်ပါ။ ဖေဖေ ကိုယ်တိုင်က လက်မှတ်ကို သုံးစောင် စီစဉ်ပေးခဲ့တာ။ မမရည်မွန် မတရား။

အိတာ အဲဒီနေ့မှာ ကွန်ပျူတာသင်တန်းလည်း မရှိ။ စန္ဒရားဆရာလည်း မလာ။ တကယ်ကို အားနေတာပါ။

မမရည်မွန်ကသည်လောက် မလိုက်စေချင်မှတော့ နေခဲ့လိုက်တာ အေးပါသည်။ အတိုက်အခံ အငြင်းအခုံ မဖြစ် ချင်။

"ဟုတ်လား . . . ရည်မွန်ကခေါ်တာ မလိုက်ဘူးဆို"

"အင်း"

အိတာ ခေါင်းညိတ်ရုံသာရှိတော့သည်။

"လိုက်ခဲ့ပါလား . . . ပြီးရင် ကိုကြီးတို့ ညစာ အတူ
စားကြ တာပေါ့ . . ."

"ဟင့်အင်း . . . မလိုက်တော့ဘူး"

နွတ်ခမ်းလေးကို ကိုက်ရင်း ငြိမ်သက်နေမိသူ
အိတာ။

" လိုက်ခဲ့ လိုက်ပါ. . . ခါတိုင်းလိုပဲ ပျော်ပျော်
ပါးပါးပေါ့ "

ငိုချင်စိတ်က ကြီးစိုးလာ၏။

" ဟင့်အင်း. . . မလိုက်တော့ဘူး "

ဖုန်းကို အသာချလိုက်ပြီး မျက်နှာကို လက်ဖဝါးနှ
အုပ်ကာ အိတာငိုမိသည်။ စိတ်ထိခိုက်သည်။ ဝမ်းနည်းသည်
သူတို့နှင့် လိုက်ခွင့်မရတာ ငိုစရာလား။

ကိုခန့်တလူကို အိတာ သိပ်အလေးထားနေမိတာလာ
ကိုယ့်ကိုယ်ကို သုံးသပ်မိကာ မျက်လုံးပြူးလာ၏။

တနေ့နေ့တချိန်ချိန် အရှုံးနှင့်ရင်ဆိုင် ပက်ပင်းကြုံ
မှာက အိတာပါ။ ကြိုတင်သိနေပြီ။

မမရည်မွန်ကို ကျော်၍ မမရည်မွန်ကိုထား၍ အိတာ
ဆီကို လျှောက်လာရဲဖို့ဆိုတာ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ပါ။

မမရည်မွန်ကို ဒီတာက ဘယ်နေရာမှ မယှဉ်သာ။ ဘယ်ဘက်က ကြည့်ကြည့် မမရည်မွန်က အပြတ်အသတ်သာသည်။

အဲဒါတွေကို ဒီတာ မနာလိုမဖြစ်ခဲ့ပါ။

စမွေးလာကတည်းက ကံချင်းမတူ။

ရုပ်ရည်ချင်းလည်း မတူ။

သို့ပေမယ့် ကိုခန့်တလူနှင့် ပက်သက်လျှင် ဒီတာ အရမ်းခံစားရသည်။

ဒီတာ မှားနေပြီလား မသိပါ။

ကုတင်ဘေးမှာ ဒူးကလေးကျို့ကာ ထိုင်ချရင်း ကိုယ့်ဘဝကို အကြီးအကျယ်အားငယ် စိတ်နာလာမိသည်။

သည်အိမ် သည်မိသားစုအားလုံးနှင့် အဝေးကြီးမှာ သွားပြီးနေချင်ပါ၏။

မမရည်မွန်နှင့် ယှဉ်လျှင် ကိုယ်က အမြဲ ဒုတိယပါ။ ဒုတိယနေရာက လူတစ်ယောက်၏ ခံစားချက်ကို ဒုတိယနေရာကလူပဲ သိသည်။ မမရည်မွန်နှင့် အတူတူနေလျှင် ဘယ်တော့ ပထမဖြစ်လာမှာ မဟုတ်ပါ။ လောဘကြီး လွန်းတာတော့ မဟုတ်ပေမယ့်၊ တစ်သက်မှာ တစ်ခါဖြစ်ဖြစ် ပထမတော့ ရှူးချင်သေး

စိတ်ဓာတ်မြှင့် တက်လာဖို့ သည်။အားငယ်ညှိုးရော်နေသော စိတ်ဓာတ်မြှင့် တက်လာဖို့ အတွက်ပါ။

"သမီးရေ . . . အိတာ . . . ရေချိုးနေလား ထမင်းစားမယ်။ ပြီးရင် ဆင်းလာခဲ့တော့"

မေမေကအခန်းတံခါးကို တစ်ချက်ခေါက်ကာ ခေါ်သည်။

"ဟုတ်ကဲ့ . . . လာပြီမေမေ"

အိတာက မျက်ရည်တွေကို သုတ်ပစ်ကာ ပြန်ပြောသည်။ ဆက်ပြီးငိုနေလို့မရ။ ကြာလျှင် ဖေဖေက အိမ်ပေါ်ထပ်တက်လာပြီး ခေါ်တော့မှာ။ ကပျာကယာ ရေဝင်ချိုးမိသည်။ စိတ်ညစ်စရာတွေ ခေါင်းထဲက ထုတ်ထားမိ၏။

ကိုခန့်တလူနှင့် မမရည်မွန်ကြိုက်သွားမှာကို အိတာကသာ ပူပန်စိုးထင့်နေတာပါ။ သူတို့ချင်းမေတ္တာမျှ သွားကြလျှင်လူကြီးမိဘတွေက ဝမ်းသာအားရ ကြောင်းလမ်းပေးစားကြမှာပါ။ ကိုခန့်တလူ မိဘတွေက မမကို သဘောကျ ကြည်ဖြူပြီးသားပါ။

အိတာကိုဆိုလျှင်ရော . . .
အိတာနှင့်ဆို ကန့်ကွက်ကြမှာလား။

မတွေးရဲတွေးရဲ တွေးကြည့်မိသည်။

ဘယ်သဘောတူပါ့မလဲ။ အိတာက သူဌေးသမီးမှ မဟုတ်ပဲ။ အိတာက မွေးစားသမီးဆိုတော့ ကန့်ကွက် တားမြစ်မှာ သေချာပါသည်။

ကိုခန့်တလူကရော . . ။

ရေပန်းကိုဖွင့်ချပြီး ရေပန်းအောက်မှာ မျက်နှာမော့ကာ နေမိရင်း တွေးကြည့်မိသည်။

ထိုအတွေးက အဖြေသေသေချာချာမထွက်။

အိတာက ကိုခန့်တလူကို ယုံကြည်နေမိတာလား။

ဘာလို့ ယုံကြည်စိတ်ကဲနေရတာလဲ တကယ်ဆို အခု လတ်တလောခြေအနေက အဖြေပဲ မဟုတ်လား။

မမရည်မွန်ကို ကြည်ဖြူစွာ နှစ်သက်မြတ်နိုးစွာ တွဲနေတာပဲ မဟုတ်လား။ အိတာဆီ ဖုန်းဆက်လို့လား။ အိတာဆီ ရောက်လာလို့လား။ အိတာကို သတိတောင်မရ။

ရင်ထဲမှာမွန်းကြပ်စွာနှင့် ရေပန်းခလုတ်ကို ဖိချပိတ်မိသည်။ သူတို့အတွက် အိတာက အရေးမပါ။

အိတာအတွက်တော့ ကိုခန့်တလူက အရေးကြီးနေသည်။ မမရည်မွန်ဆီက အိတာဘာမှမလိုချင်ပါ။

သို့ပေမယ့် ဖြစ်နိုင်လျှင် ကိုခန့်တလူကို အိတာ လိုချင်

သည်။

အရာရာမှာ ပြည့်စုံသော မမရည်မွန်အတွက် ကိုခန့်တ

မရှိလည်း ဘာမှမဖြစ်ပါ။ အရာရာမှာ ချို့တဲ့အားနည်းသော

အိတာအတွက် ကိုခန့်တလူ ရှိလာလျှင် ပြီးပြည့်စုံပါပြီ။

အိတာစိတ်တွေ ဘယ်အချိန်ကများ ပြောင်းလဲသွား

ပါလိမ့်။

\+ + +

စန္ဒရားတီးနေသော အိတာဘေးကို မပရည်မွန်က ဖျတ်ကနဲရောက်လာ၏။ အိတာက တီးနေတာရပ်ပြီး လှည့်ကြည့်မိတော့ လက်ထဲမှာ ဘီးချွန်တစ်ချောင်းနှင့် ခေါင်းစည်းကွင်းကလေးနှစ်ခုနှင့် . . .

"အိတာ"

"ဟင်"

"ကျစ်ဆံမြီး ကျစ်ပေး"

"အင်း"

သူ့လက်ထဲက ဘီးကိုလှမ်းပေးပြီး အိတာကို ပြော၏။

ကြောင်နှစ်ကောင်စာအုပ်တိုက်

အိတာက ဘီးလှပ်ယူပြီး မတ်တတ်ရပ်သည်။ မမရည်မွန်က ခုံမှာ ထိုင်ချသည်။

"နှစ်ခုနော် . . . နှစ်ဖက်ခွဲကျစ်မယ် . . . ဒါပေမယ့် ပူးပူးကလေးနော်၊ လုံးဝ မခြားနဲ့"

မမရည်မွန်ပြောတာ အိတာ နားမလည်။

"ပူးပူးစုစုကလေး . . . နေအုံး . . . ပုံစံပြမယ်"

လှစ်ကနဲ ပြေးထွက်သွားကာ ပြန်ရောက်လာတော့ ပိုစတာတစ်ခုပါလာသည်။ ကျစ်ဆံမြီးနှစ်ခုကို နီးနီးကပ်ကပ် ကျစ်ထားတာ တစ်ခုတည်းလို့ပင် ထင်ရသည်။

"တွေ့လား . . . အဲဒီလိုမျိုးလေး"

"အင်း"

ပိုစတာထဲက ကျစ်ဆံမြီးကျစ်ထားတာ မင်းသမီးလေးလိုပင် မမရည်မွန်ကလှပါသည်။

အိတာက မမရည်မွန် စိတ်တိုင်းကျ ကျစ်ဆံမြီးကျစ်ပေး၏။ ကျစ်ဆံမြီး ကျစ်လိုက်တော့ မျက်နှာကလေးနှင့် လည်တိုင်ကလေးက ပိုပေါ်လာသည်။

"နည်းနည်းပွနေတယ်"

"**water - jel**" နဲ့ ပြန်ကျစ်ပေးရမလား အဲဒါမ

အရမ်းသပ်ရပ်မှာ"

"အင်း ကောင်းသားပဲ"

မမရည်မွန်ကို ကြည့်ရတာ မြူးသွက်ကာနေ၏။

အိတာက အပြင်သွားမလို့လား ဟုမေးချင်ပေမယ့် မမေးပါ။ သွားရင်လည်း ခေါ်တာမဟုတ်။

အိမ်မှာက ဖေဖေက ကားတစ်စီး၊ မေမေက ကားတစ်စီး၊ မမရည်မွန်က ကားတစ်စီး၊ အိတာက ကားသုံးစီးကို အဆင်ပြေသလို လှည့်စီးနေရတာ။ အိတာမှာ ကိုယ်ပိုင်ကားမှ မရှိပဲ။ အိတာကလည်း မပူဆာပါ။

"အင်း . . . ရပြီ"

ကျစ်ဆံမြီးကလေး နှစ်ခုက မမရည်မွန်နှင့် ချစ်စရာကောင်းလွန်းလှပါသည်။

" အိတာ"

"ဟင်"

"တဲလင့်နဲ ရှိုးပွဲကို လိုက်ချင်လားဟင်"

အိတာ ပြန်မဖြေမိပါ။ မေးစရာမလိုသော မေးခွန်း။ မလိုက်ချင်ပဲ နေပါ့မလား။

"ဒီလို လုပ်ပါလား"

မမရည်မွန်က စဉ်းစဉ်းစားစားနှင့်

" အိတာနည်းနည်း ခွဲလျှောက်ပေးမလား"ဟု ဆိုလာ၏၊ အိတာက ငိုင်းစက်သော မျက်နက်ဝန်းကလေးနှင့် မမရည်မွန်ကို ရှုစိုက်ကြည့်နေမိပါသည်။

"ကိုတလူနဲ့ ပြောချင်တာပြောလို့ရအောင်ပါ"

အိတာ မျက်နှာလွှဲမိရင်း . . .

"မမတို့ ချစ်နေကြပြီလား" ဟုမေးမိ၏။

ရည်မွန်က တိုးတိုးရယ်သည်။ ပြီးမှ . . .

"အင်း . . ." ဟုခေါင်းညိတ်ပြသောအခါ အိတာ ရင်ထဲမှာ ချားရဟပ်ဆယ်စီးလည်သလို ခြောင်းဆန်သွားမိရင်း မျက်လုံးလေး ပြူးသွား၏။

ခေါင်းထဲမှာ မိုက်ကနဲဖြစ်ကာ လက်ဖျားခြေဖျားတွေ အေးစက်သွားရသည်။

"မကြာခင်မှာ ချစ်တော့မယ်"

"ရှင်"

ရည်မွန်က နောက်ဆက်တွဲပြောလာ၏။

" သိပ်မကြာတော့ဘူး"

အိတာ နှုတ်ခမ်းတွေ ခြောက်သွေ့ကာ ရင်ထဲပူလောင်

လာ၏။ အရမ်းသွေးပျက်တုန်လှုပ်မိသည်။

အရှုံးတစ်ခုက လျှင်မြန်စွာ နီးကပ်လို့လာသည်။ ထင်ထားတာထက် ပိုဆိုးနေသည်။

သည်လိုသာဆို အိတာက သူတို့အတွက် အနှောင့်အယှက်များလား။ အောင့်သက်စွာ တွေးမိသည်။ ကိုခန့်တလူက ဟန်လုပ်ခေါ်နေတာလား။ စိတ်ထဲကတော့ သူလည်း လိုက်စေချင်မှာမဟုတ်။

မမရည်မွန်နှင့် နှစ်ယောက်တည်း လွတ်လွတ်လပ်လပ်သွားချင်နေမှာ၊ မကောင်းတတ်လို့သာ ခေါ်ရတာလား။

"မေမေတို့ကို သွားမပြောနဲ့အုံး"

စိတ်မချသလိုမှာ၏။

"မပြောပါဘူး"

"ပြောသင့်တဲ့အချိန်ရောက်ရင် မမကိုယ်တိုင်ပြောမယ်။ အခုအရမ်းစောသေးတယ်လေ။"

အိတာက ပင့်သက်ငွေ့ငွေ့ရှိုက်သည်။

"ဟော . . . ကိုတလူ လာပြီထင်တယ်"

ခြံရှေ့မှာ ကားဟွန်းသံကြားတော့ မမရည်မွန်က အတတ်ပြောလာ၏။ ကိုခန့်တလူနှင့် အပြင်ထွက်မှာကိုး။

သိပ်မကြာလိုက်ပဲ ကိုခန့်တလူ ညှော်ခန်းထဲ ရောက်၏။ အိတာနှင့် ဖျတ်ကနဲ မျက်လုံးချင်း ဆုံမိသည်။ အိတာက ချက်ချင်းပဲ မျက်လွှာချကာ စန္ဒရားခုံမှာ ပြန်ဝင်ထိုင်ပြီး စန္ဒရားဘက်လှည့်လိုက်၏။

သူတို့နှစ်ဦးနှင့် မျက်နှာချင်းမဆိုင်ချင်ပါ။ စိတ်ကသိကအောက်နှင့် ဒေါသလည်း ဖြစ်နေမိသည်။

" အိတာ. . . လိုက်မလား"

ကိုခန့်တလူက ဘေးနားလာရပ်ပြီးမေး၏။

" ဟင့်အင်း . . . "

"ကြေးအိုးသွားစားမလို့လေ"

အိတာ ကြိုက်တတ်မှန်းသိတော့ ခေါ်သည်။

" မလိုက်တော့ဘူး"

"ခဏလေးပဲ လိုက်ခဲ့ပါလား"

အိတာ ခေါင်းခါမိ၏။

"ဒါဆို ပါဆယ်ဝယ်လာမယ်"

ခန့်တလူက ပြောသည်။ မမရည်မွန်က ပြုံးရုံပြုံးနေပြီး ဘာမှဝင်မပြောပါ။

ဟန်ဆောင်ခေါ်မနေပါနဲ့တော့ ကိုကြီးရယ်။

သွားပါ . . . အိတာ ဘဝထဲက အပြီးထွက်သွားပါ။

အိပ်မက်လှလှတစ်ခုကနေ အိတာလန့်နိုးခဲ့ပါပြီ။

လူဆိုတာ ကိုယ့်ဘဝကိုယ် နားလည်ရမယ်မဟုတ်လား။ သူတို့နှစ်ဦးကို ကျောခိုင်းပြီး စန္ဒရားဘက်မျက်နှာ လှည့်လိုက်ရပေမယ့် စန္ဒရားခလုတ်တွေကို သဲကွဲစွာ မမြင်ရ။ မျက်လုံးအိမ်ထဲမှာ မျက်ရည်တွေပြည့်လျှံကာနေပြီ။

မျက်လွှာချထားရင်း ငြိမ်သက်နေမိသည်။

ကားထွက်သွားသံကြားမှ ခေါင်းမော့ကာ နှုတ်ခမ်းလေးကိုက်ရင်း မျက်ရည်တွေသုတ်ပစ်သည်။

မငိုပါဘူး။

ကိုယ့်ကိုယ်ကို အားတင်းပါသည်။

ကိုခန့်တလူကို ကိုယ်ဘယ်လောက်အထိ နေရာပေးထားမိသလဲဆိုတာ တိတိကျကျသိလာရသည်။

သူသာမရှိလျှင် ကိုယ့်ဘဝကြီးက နံရံတဖက်ပွင့်နေသလို လုံခြုံမှုမရှိ ဟာလာဟင်းလင်း ခြောက်သွေ့သွားရ သည်။

မသိစိတ်က ကိုခန့်တလူကို အားကိုးတွယ်တာနေမိပါလား။ ပြီးတော့ ယုံကြည်မှုမြင့်မား နေခဲ့သည်။

ရှုပ်ပါ့ အိတာရယ်။

မမရည်မွန်ထက်ပိုပြီး ကိုခန့်တလူက အိတာကို ဂရု
စိုက်မှာတဲ့လား။ ညှို့မျှင်းသော နှလုံးသားက မျှော်လင့်နေမိသေး
သည်။ ခုထက်ထိ နားမလည်သေး။

ကွင်းကွင်းကွက်ကွက် မြင်နေရတာတောင် ဘာမှန်
မသိသေးသော ကိုယ့်အဖြစ်။

မသိသေးတာတော့ မဟုတ်။

လက်မခံနိုင်သေးတာ။

ခေါင်းထဲမှာ ပူထူပြီး အခြေအနေမှန်ကို ဘယ်လို
လက်သင့်မခံနိုင်။ ရင်မဆိုင်နိုင်။

ကိုခန့်တလူကို အိတာ တကယ်ပဲဆုံးရှုံးရပြီလား။

\+ + +

"အိတာ"

ကိုခန့်တလူခေါ်သံကြောင့် ဆတ်ခနဲကြည့်မိသည်။ မမရည်မွန်နှင့် ကိုခန့်တလူ နည်းနည်းကပ်လွဲသည်။

စာအုပ်နှင့် အခွေအပ်ဖို့ မမရည်မွန်က ခြံထဲဆင်း လျှောက်ကာ ခန့်တလူကိုစောင့်နေခဲ့သေးသည်။

တော်တော်ကြာသွားတော့မှ . . .

"အိတာ . . . ကိုခန့်တလူလာရင် ငါသွားနှင့်ပြီ လိုက် လာခဲ့လို့ ပြောလိုက်" ဟုမှာရစ်ကာ ကားမောင်း ထွက်သွားခဲ့၏။

"ရည်မွန်ရော"

ကြောင်နှစ်ကောင်စာအုပ်တိုက်

"လိုက်လာခဲ့တဲ့"

"ဟုတ်လား . . . ဘာလို့မစောင့်ရတာလဲ"

"စောင့်နေသေးတယ် အကြာကြီးပဲ"

အိတာက မမရည်မွန်ဘက်လိုက်ပြီး ပြောတာ မဟုတ်ပါ။

အမှန်အတိုင်းပြောတာပါ။

"စာအုပ်ဆိုင် အရင်သွားမယ်ပြောလား"

"ဘာမှ မပြောသွားဘူး"

အိတာမှမသိပဲ ။ သူတို့ချင်း အတူတူသွားကြဖို့ ဖုန်းဆက်ချိန်းထားကြတာပင် မသိပါ။

"လာလေ . . . ရည်မွန်ဆီ လိုက်သွားရအောင်"

"ဟင့်အင်း . . . မလိုက်ဘူး"

ကမ္ဘာကယာငြင်းဆန်မိသည်။

အိတာ မလိုက်ချင်ပါ။ သူတို့ နှစ်ယောက်ကြားမှာ ကိုယ်က လူပိုသက်သက်။

"ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး"

" အိတာလည်း အားနေတာပဲဟာ"

"ဟင့်အင်း . . . မအားဘူး ဖေဖေနဲ့မေမေအတွက် ကော်ဖီဖျော်ပေးရအုံးမယ်"

ချက်ချင်းပဲ အကြောင်းပြချက်ရှာမိသည်။

ခန့်တလူက ဘာမှ မပြောတော့ပဲ အိမ်ထဲလှည့်ဝင်သွား၏။

မမရည်မွန်ကို အိမ်ကပဲစောင့်နေတော့မည် ထင်ပါရဲ့။

ခဏကြာတော့ ခန့်တလူပြန်ထွက်လာသည်။

"လာ . . . လိုက်ခဲ့ . . ရပြီ . . . အန်တီ့ကို ပြောပြီးပြီ အိတာကိုခေါ်သွားမယ်လို့"

"ဟင်"

အိတာအံ့သြမိပါသည်။ ကိုခန့်တလူ သွားပြောလိမ့်မည် မထင်ခဲ့ပါ။ ဘာကို မေမေ့ကို သွားပြောပြီး ခွင့်တောင်းရတာလဲ။ အိတာ မလိုက်ချင်ပါ။

"ကိုကြီး အိတာ မလိုက်ချင်ဘူး"

"ဘာလို့ ရှောင်ဖယ်ဖယ်လုပ်နေရတာလဲ"

ခန့်တလူက စိတ်မရှည်တော့ပဲ အသံမာဆတ်သွား၏။

"မရှောင်ပါဘူး"

"မရှောင်ရင် လိုက်ခဲ့"

"မလိုက်ချင်ဘူး"

"လာပါ . . . ရည်မွန်ကိုပါ ခေါ်ပြီး တခုခုသွားစား

အောင်၊ကိုကြီးတို့ သုံးယောက်မသွားဖြစ်တာ ကြာပြီ"

အိတာ တချက်ငေးငိုင်သွားရသည်။

ကိုကြီးရော အဲဒါကို သတိပြုမိသလား။

အပြင်သွားတိုင်း အိတာ တမင်ချန်နေရစ်တာကို ခံ

မိပါရဲ့လား။ အိတာက ကိုကြီး သတိပြုမိမည်မထင်ခဲ့။

"လာပါကွာ . . . ခဏလေးပါ"

ကိုခန့်တလူက အိတာလက်ကောက်ဝတ်ကို ဖျတ်

ဖမ်းဆုပ်ကာ ကားဆီဆွဲခေါ်သည်။

အိတာ ဆက်မငြင်းဖြစ်တော့ပဲလိုက်လာမိ၏။

မမရည်မွန်ကို မျက်နှာချင်းဆိုင်ရမှာ ရင်တထိတ်ထိ

ရှိနေသည်။ အိတာ လိုက်လာတာ ကြိုက်ပါ့မလား။လုံးဝ မ

လားတာသိရက်နှင့် အိတာက တမင်ဆန့်ကျင်သလိုဖြစ်

ပြီလား။

ကိုခန့်တလူကရော . . အဲဒါတွေ နားလည်ပါ့မလာ

"အိတာ"

"ဟင်"

"ရည်မွန်မွေးနေ့အတွက် ဘာတွေလုပ်ထားလဲ"

"ရှင်"

အိတာက အံ့အားသင့်သည်။ မမရည်မွန်မွေးနေ့ ရောက်တော့မှာပဲ။ ဟုတ်သားပဲ အိတာ မေ့နေသည်။

"ခြံထဲမှာ လုပ်မှာဆိုတော့ စည်ကားပြီး လွတ်လပ်တာပေါ့ . . . အိတာက် မွေးနေ့အတွက် ဘယ်လို အိုင်ဒီယာ (စိတ်ကူး) သစ်တွေရှိနေလဲလို့ပါ။"

ခန့်တလူ မျက်နှာက လပြည့်ဝန်းလို ကြည်လင် ပြုံးမြနေပါသည်။ မျက်နှာဟန်ပန် စကားသံတို့ကို နား ထောင်ရတာ မမရည်မွန်ကို မြတ်တနိုးနှင့် ဂရုစိုက်တန်ဖိုးထားတာ ပေါ်လွင်ကာနေသည်။ အိတာ အဲဒါတွေမသိချင် မမြင်ချင် မကြားချင် မတွေ့ချင် အဝေးဆုံးကို ပြေးချင်နေပါပြီ။

"ဖိတ်စာအတွက် ကိုကြီး အိုင်ဒီယာပေးလိုက်တာ"

အိတာမသိပါ။ ဖိတ်စာပုံစံလည်း အိတာမတွေ့သေးပါ။

"ဘတ်ဒေးကိတ် (မွေးနေ့ကိတ်) ကို ကိုကြီး စီစဉ်ပေးမယ်လို့ ပြောထားတယ်"

ခန့်တလူက ကားမောင်းရင်း ပြောပြနေသမျှ အိတာက ငြိမ်သက်နားထောင်နေသည်။

"အိတာ"

"ဟင်"

"အခုတလော အိတာကို ကြည့်ရတာ မလန်းဆန်းဘူး။ နေမကောင်းဘူးလား။ ဘာဖြစ် လို့လဲ။"

ခန့်တလူက ဂရုတစိုက်မေးလာတော့ ငိုချင်သည်။

"နေကောင်းပါတယ်"

"လူကြီးတွေ ဆူထားလို့လား ရည်မွန်နဲ့စကားများလို့လား"

"မဟုတ်ပါဘူး"

ခန့်တလူက မသက်သာသလိုကြည့်လာ၏။

"အိတာပြောင်းလဲသွားတယ်"

"ရှင်"

"အရင်တုန်းကလို မပွင့်လင်းတော့ဘူး"

သူဝေဖန်တာကို မငြင်းချင်။ အိတာက ဘေးလူပါ ကိုကြီးရယ်။ ဘယ်သူက အိတာဘက်က ရပ်တည်ချင်မှာတဲ့လဲ။

ကိုကြီးနှုတ်ဖျားက တဖွဖွပြောနေတာ မမရည်မွန်ကိုပဲ တွေ့ပါပဲ။ ကိုကြီးအတွက် အရေးကြီးဆုံးက မမရည်မွန်ပဲ မဟုတ်လား။

"ဘာကိစ္စပဲ ဖြစ်ဖြစ် ကိုကြီးကို ဖွင့်ဟတိုင်ပင်ပါ"

"ဟုတ်ကဲ့"

အိတာ မျက်နှာမပျက်အောင် ဟန်ဆောင်ကြိုးစား၊ ...း

"စန္ဒရားတီး ရတာရော . . . ကျောင်းသင်ခန်းစာရော သင်တန်းကိစ္စရော . . ပင်ပန်းပြီး တာဝန်ပိနေလို့ပါ"

အိတာညာမိသည်။

"သင်တန်း ခဏနားလိုက်ပေါ့ . . . စာမေးပွဲ ပြီးမှ ပြန်တက်ပါလား။ အိတာကို ကြည့်ရတာ . . မရွှင်မပျနဲ့ကွာ"

ခန့်တလူက သက်ပြင်းချသည်။

ကိုကြီးရယ် . . .

လူပင်ပန်းတဲ့ ဒဏ်တွေကို အိတာခံနိုင်ရည်ရှိပါတယ်။ နှလုံးသားလေးမောဟိုက်ဖျားနာ နေတာကိုသာခံနိုင်ရည် မရှိတာပါ။ ကိုကြီးကို လက်လွှတ်ဆုံးရှုံးရမှာ အရမ်းကြောက်နေတယ်။ သည်လိုတွေ မဖြစ်သင့်မှန်းလည်း သိပါတယ်။ ဒါပေမယ့် တကယ်ခံနိုင်ရည်မရှိဘူး။

"ကိုကြီး ဘာကူညီရမလဲ . . စာကူကျက်ပေးရမလား"

အိတာခေါင်းခါတော့ သူက တိုးတိုးရယ်သည်။

သူရယ်သံက အိတာကို တုန်လှုပ်စေသည်။ နောက်ဆို အဲဒီရယ်သံတွေနဲ့ ဝေးသွားတော့မှာ။

ကိုကြီးဘေးနားမှာရှိနေပေမယ့် အဝေးကြီးကို ရောက်
သွားသလို ခံစားနာကျင်နေရပါပြီ။

"ဟိုမှာ . . ရည်မွန်ကား"

ဗွီဒီယိုခွေဆိုင်ရှေ့မှာ မမရည်မွန်ကားရပ်ထားသည်။
အိတာက ရင်ခုန်မြန်သွားပြီး မမရည်မွန် စိတ်ဆိုးမှာ ကြောက်
နေမိသည်။

"လာလေ . . . ဆင်းရအောင်"

ကားပေါ်က ဆင်းဖို့ ထိတ်လန့်နေသည်။

ခွေဆိုင်ထဲက ထွက်လာသော ရည်မွန်က လှမ်းမြင်
သွားပြီး လျှောက်လာ၏။

အိတာကို မြင်တော့ မျက်နှာနည်းနည်းတင်းသည်။

"အိမ်ကပဲစောင့်နေလိုက် . . . ပြီးရော"

"တခုခုသွားစားရအောင်"

"အင်း . . . ကောင်းသားပဲ"

အိတာက ကားထဲက အလျင်စလိုဆင်းသည်။

မမရည်မွန် ကားထဲပြောင်းထိုင်သည်။

ကိုခန့်တလူရော မမရည်မွန်ရော ဘာမှမပြောပါ။

"ဘယ်ဆိုင်သွားမလဲ"

သူတို့နှစ်ယောက် တိုင်ပင်ညှိနှိုင်းနေ၏။

အိတာက ကားထဲမှာထိုင်ပြီး ရည်မွန်ကိုစောင့်နေသည်။

ရည်မွန်က ကားထဲဝင်ထိုင် စက်နှိုးမောင်းထွက်ခဲ့ပေမယ့် အိတာကို စကားမဆို။

မမရည်မွန် အိတာ လိုက်လာတာကို စိတ်ဆိုးနေပြီလား။

"မမရည်မွန်"

"ဟင်"

"အိတာကို အရင်ပြန်ပို့ပြီးမှ သွားပါလား"

ရည်မွန်က ဘာမှပြန်မပြော။ အိတာက ပင့်သက်ရှိုက်သည်။

"လမ်းထိပ်ရောက်ရင် ရပြီ။ အိတာဆင်းလျှောက်သွားမယ်လေ။ မမရည်မွန်တို့ပဲ သွားလိုက်ပါ။"

ရည်မွန်က အိတာကို လှည့်မကြည့်ပဲ . . .

"ဘာဖြစ်လို့လဲ၊ တခါတလေပဲဟာ ကော်ဖီဆိုင်ထိုင်ရအောင်နှလေ" ဟုဆိုပါသည်။

"မမတို့အတွက် အနှောင့်အယှက်ဖြစ်"

"ရပါတယ် . . . ဘာမှမဖြစ်ပါဘူး"

အိတာကို စကားဆုံးအောင်ပင် ပြောခွင့်မပြု။

မမရည်မွန်က ဟန်ဆောင်ကောင်းသူပါ။ ချက်ချင်း
မျိုးသိပ်နိုင်စွမ်းရှိသည်။

"ကိုခန့်တလူကလည်း အိတာကို မုန့်လိုက်ကျွေးပါ
. . . စားလိုက်ပါ။ "

ဘယ်လို အဓိပ္ပါယ်နှင့် ပြောမှန်း အိတာနားမလည်ပါ။
သေသေချာချာသိနေတာတစ်ခုက အိတာကို ကားပေါ်တင်ပြီး
ကိုခန့်တလူခေါ်လာခဲ့တာကို မမရည်မွန်လုံးဝ ကြိုက်မှာ မဟုတ်
ဘူးဆိုတာပါပဲ။

"ဟမ်ဘာဂါနဲ့ ကော်ဖီသောက်ရအောင် အိတာ ကြိုက်
တယ်မဟုတ်လား"

မမရည်မွန်က မကြိုက်တာတစ်ခုကို ရင်ထဲမျိုချပစ်
လိုက်ပုံရ၏။ ကိုခန့်တလူနှင့် ပတ်သက်လျှင် မမရည်မွန်က
သည်းခံနိုင်စွမ်းလည်းရှိသည်။ စိတ်လည်းရှည်သည်။

"ကြိုက်ပါတယ်"

ကော်ဖီဆိုင်ရှေ့ရောက်တော့ ခန့်တလူက ကားရပ်ပြီး
ဆင်းစောင့်နေသည်။ မမရည်မွန်က ကားကိုဖြည်းဖြည်းပဲ
မောင်းတတ်သည်။ ကားမောင်းလျှင် ဘယ်တော့မှ မလော
တတ်ပါ။ ခန့်တလူကတော့ ယောကျ်ားလေးမို့ တခါတလေ

ကားမောင်းတာမြန်တတ်သည်။

"အရမ်းမြန်တာပဲ ဘယ်လိုမောင်းတာလဲ"

ကားထဲက ဆင်းဆင်းချင်း မမရည်မွန်က အပြစ်တင်စကားဆိုပါသည်။ ကိုခန့်တလူက ပြုံးလိုက်ရင်း

"မမြန်ပါဘူး . . . ရည်မွန်က နေးလွန်းတာ" ဟု ပြန်ဖြေသည်။ အီတာက ဘာမှဝင်မပြောပါ။

"အီတာ . . . ကိုကြီးမောင်းတာ မြန်လို့လား"

ခန့်တလူက အီတာကို စပ်ကူတောင်းကာမေး၏။

"မြန်တာပေါ့"

ရည်မွန်က ဝင်ဖြေသည်။ အီတာက ပြုံးနေသည်။

သူတို့အငြင်းအခုံ ကြားထဲမှာ ဝင်မပါချင်။

"ကိုတလူနော် . . . ဒီတစ်ခုပဲ ရိုက္ခပ်(စ်) (တောင်းပန်)လုပ်ထားတာ နားမထောင်ချင်ဘူး"

"အင်း . . နောက်ဆို အရှိန်လျှော့မောင်းပါ့မယ်"

မမရည်မွန် ကျေနပ်အောင် ကတိပေးလိုက်၏။

"တကယ်နော်"

"တကယ်ပါ"

"အီတာ သက်သေရှိတယ"

မမရည်မွန်က ခြိမ်းခြောက်သတိပေးသည်။

"ဟုတ်ပါပြီ . . စိတ်ချပါ"

ခန့်တလူ လက်မောင်းကို ဖမ်းဆုပ်တွဲထားပြီး မမရည်

မွန်က ရယ်သည်။ အိတာက ဖျတ်ကနဲ ခန့်တလူကို မော့ကြည့်

သည်။ ခန့်တလူ မျက်လုံးတွေနှင့် တန်းကနဲဆုံမိ၏။ ခန့်တလူ

ကလည်း အိတာကို ကြည့်နေသည်။

အိတာ ကပျာကယာအကြည့် လွှဲမိသည်။

သူနှင့် ကြာကြာမျက်လုံးချင်း မဆုံချင်ပါ။

မမရည်မွန်က ပိုင်ပိုင်နိုင်နိုင်တွဲထားတာကို သူက ဘာ

ပြန်မပြောပါ။ သူတို့ ချစ်နေကြပြီထင်ပါရဲ့။

အိတာရင်ထဲ မွန်းကြပ်သွား၏။

ဆိုင်ထဲရောက်ပြီး စားပွဲမှာထိုင်မိကြတော့ . . .။

"အိတာ ဘာစားမလဲ ကြည့်လေ" ဟု မီနူးကာ

(စားသောက်ဖွယ်ရာ စာရင်းစာရွက်) ကိုတိုးပေးကာ မေးလိုက်ပြီ

"ကျွန်တော်တို့နှစ်ယောက်က ဟမ်ဘာဂါနှစ်လုံးကော်ဖီနှစ်ခွက်"

ဟုမှာလိုက်၏။

အိတာက ကိုခန့်တလူကို တချက်ကြည့်သည်။

"တွေ့ပြီလား . . . ဘာစားမလဲ"

"ရတယ်၊ မစားတော့ဘူး"

"ဟာ . . မဟုတ်တာ"

မမရည်မွန်က အိတာကို တချက်ကြည့်ကာ

"မှာလိုက်လေ တခုခု " ဟု ဆိုသည်။

"သီးစုံဖျော်ရည်တစ်ခွက်"

အိတာက ရှည်ရှည်ဝေးဝေးရွေးမနေပဲ မှာလိုက်၏။

"မနက်ဖြန် မွေးနေ့ဖိတ်စာရတော့မယ်၊ ရည်မွန်လိုက်မလား သွားရွေးရင်"

"မလိုက်တော့ဘူး"

"အိုကေ . . . ယူလာခဲ့မယ် အိမ်ကပဲစောင့်"

"သူငယ်ချင်းတွေကိုလိုက်ဖိတ်ရအုံးမှာ"

"ဒါတော့ဒါပေါ့ မွေးနေ့ပွဲလုပ်မှတော့ ဖိတ်ရမှာပေါ့။ ဒါမှစည်ကားမှာ။"

သူတို့နှစ်ယောက် စကားထဲ အိတာဝင်မပြောပါ။ ဆိုင်မှမဆိုင်ပဲ။ မွေးနေ့ပွဲလုပ်မှာကို ကိုခန့်တလူပြောမှ သိရတာပါ။ မမရည်မွန်က ပြောပြတိုင်ပင်တာပင်မရှိ။ မေမေလည်း မပြောခဲ့ပါ။ မေမေကတော့ တမင်မပြောတာ ဟုတ်မည်မထင်။ မမရည်မွန် ပြောပြီးပြီပဲထင်မှာ။

“အိတာရော ဒီနှစ်မွေးနေ့ ဘယ်လိုစီစဉ်ထားလဲ”

ခန့်တလူက ဖြုန်းစားကြီးမေးလာတော့ အိတာ မဖြေတတ်ပါ။ ခုထက်ထိ ဘယ်လိုအစီအစဉ်မှ မရှိသေးပါ။

အိတာက ဖေဖေ့ကို ပြောလျှင်တော့ ဖေဖေက လုပ်ပေးမှာပါ။ သို့ပေမယ့် အိတာက မပူဆာချင်။

“မစဉ်းစားရသေးဘူးလား”

“အင်း”

“အိတာ မွေးနေ့က စာမေးပွဲနဲ့အရမ်းကပ်နေတယ်၊ လုပ်ဖြစ်ပါ့မလား”

မမရည်မွန်က ဝင်ပြောသည်။

“အင်း . . . ဟုတ်သားပဲ”

ခန့်တလူက ခေါင်းညိတ်သည်။

မမရည်မွန်လို မွေးနေ့ပွဲကြီးကြီးကျယ်ကျယ်လုပ်ဖို့ အိတာ စိတ်မကူးပါ။ အိတာမှာ သူငယ်ချင်းလည်း အများကြီး မရှိပါ။

အပြန်လမ်းမှာတော့ ရည်မွန်နှင့် အိတာ စကားမဆို ဖြစ်ပါ။ အိမ်ရောက်တော့ အိတာက အခန်းထဲတန်းဝင်လာခဲ့ ပေမယ့် ကိုခန့်တလူနှင့် မမရည်မွန်က ခြံထဲက ဒန်းကလေးမှာ

ဆိုင်စကားပြောနေသည်။

အိတာက ပြတင်းပေါက်ရှိလိုက်ကာကို နည်းနည်းလေးဖယ်ဟကာ ဒန်းကလေးရှိရာကြည့်မိ၏။

မမရည်မွန် ရယ်နေပုံလေးက အားပါးတရ။

ကိုခန့်တလူက မမကို ပျော်စေသူပါ။

သူတို့နှစ်ဦး၏ အချစ်ကို အိတာ မဖျက်ဆီးချင်ပါ။ ကိုခန့်တလူကို အိတာမေ့ပစ်ရပါမည်။

သူ့ဂရုစိုက်မှုတွေ အားပေးဖော်ရွေမှုတွေပြီးတော့ အလိုက်တသိဘာမဆို လုပ်ပေးတတ်တာတွေကို မသိစိတ်က အားကိုးတွယ်တာပြီး သံယောဇဉ်နှင့် ယုံကြည်မှုပိုလာခဲ့မိတာ။

သူ့ဘက်က ဘာမှမလွန်ပါ။ ဘာမှ မမှားပါ။

အိတာကလည်း သူ့ကို ဆုံးရှုံးရမှာ ကြောက်ကွဲနေမိတာ။

ယူကျုံးမရဖြစ်နေမိတာ။

ကိုခန့်တလူ၏ ဂရုစိုက်နွေးထွေးမှုတွေ ပျောက်ကွယ်သွားမှာကို စိုးရိမ်နေမိရုံကလေးပါ။

သူတို့နှစ်ဦးကို နှောင့်ယှက်ချင်စိတ်မရှိပါ။

ဘယ်တော့ဖြစ်ဖြစ် ဒုတိယသာရှိနေခဲ့ရသော အိတာအတွက် ကိုခန့်တလူကို ဆုံးရှုံးရတာလည်း မဆန်းပါ။

တနေ့ တချိန်ချိန်မှာတော့ အိတာအတွက် အကောင်း ဆုံး အဖော်တစ်ယောက် တွေ့လာနိုင်ကောင်းပါရဲ့။

မတာန်မရာလည်း မမှန်းရဲပါဘူး ကိုကြီးရယ်။

ကိုကြီးက မမရည်မွန်နဲ့ သာ အလိုက်ဖက်ဆုံးပါ။

အိတာ နားလည်ပါပြီ။

+ + +

လက်ကိုင်ဖုန်းပုံစံ (ဟမ်းဖုန်း) ခေါက်၍ ရသော မွေးနေ့ ဖိတ်စာကလေးက ခေါက်ထားတာကို ဖြန့်လိုက်လျှင် အသံလေးလည်း မြည်ပြီးမမရည်မွန် ဓါတ်ပုံကလေး အပေါ်ဘက်မှာပါရှိပြီး အောက်ဘက်မှာတော့ မွေးနေ့လုပ်မည့်နေရာ၊ အချိန်နှင့် နေ့စွဲပြီးတော့ "ပျော်ပျော်ပါးပါးဆုံကြရအောင်နော်" ဆိုသော စာတန်းကလေးပါရှိသည်။ ခေါက်ဟမ်းဖုန်းက ရွှေအိုရောင်ကလေးပါ။

ခန့်တလူက ရွှေရောင်ဟမ်းဖုန်း ပုံစံ မွေးနေ့ဖိတ်စာ

လေးကို အိတာဆီလှမ်းပေးကာ "ကိုကြီးအိုင်ဒီယာ ဝွတ်ဒ်တ
မဟုတ်လား" ဟုမေးပါသည်။

(အိုင်ဒီယာ ဝွတ်ဒ်တယ်မဟုတ်လား (စိတ်ကူးကော
တယ် မဟုတ်လား)

"အင်း"

အိတာက မွေးနေ့ဖိတ်စာ ဆန်းဆန်းကလေးကို ကြ
ကာ အရမ်းသဘောကျမိသည်။

မမရည်မွန်က အမြဲတမ်းပဲ ကံကောင်းသည်။

အမြဲတမ်းပဲအားကျစရာကောင်းသည်။

အိတာ ခဏဖြစ်ဖြစ်နေရာချင်းလဲချင်မိသည်။

သည်လို ခံစားချက်တွေ အပ်ကြောင်းထပ်နေခဲ့ပါပြီ

"အိတာ ဘတ်ဒေး(မွေးနေ့) ရောက်ရင် ဒီထက် ထူးခြာ
ဆန်းသစ်တဲ့ ဖိတ်စာမျိုးစဉ်းစားပေးမယ်"

"ကျေးဇူးတင်ပါတယ်"

ကိုယ့်အတွက်ဆို ဘာမဆိုဖြည့်ဆည်းလုပ်ပေးချင်သော
သူ့စိတ်ဆန္ဒကို သံသယမရှိပါ။ ယုံပါသည်။

"မမရည်မွန် သဘောကျရဲ့လားဟင်"

"အရမ်းကြိုက်နေတယ်"

ခန့်တလူက ကျေနပ်စွာပြောပြီးရယ်သည်။

"အိတာက ဘာလို့ မွေးနေ့မလုပ်တာလဲ"

"စာမေးပွဲနဲ့ သိပ်ကပ်နေလို့ပါ။"

မမရည်မွန်ပြောခဲ့သောစကားကိုပဲ အလွတ်မှတ်ထားကာ ပြန်ပြောမိသည်။

"မဆိုင်ပါဘူးကွာ . . . အိတာက စာတော်တာပဲ"

"မတော်ပါဘူး"

"ဘယ်လိုဖြေဖြေ အိတာအောင်ပါတယ်"

"ဒါပေမယ့် အာရုံတွေ မထွေပြားချင်ဘူး"

ခန့်တလူက အိတာကို စေ့စေ့ကြည့်သည်။

"အိတာ"

"ဟင်"

မျက်လုံးချင်းဆုံမိသောအခါ အိတာက အမြန်အဆန် လွှဲဖယ်သည်။ ကြာကြာမဆုံရဲပါ။ လိပ်ပြာမလုံ။

"လောကကြီးမှာ ကိုကြီး အမုန်းဆုံးက ဘာလဲသိလား"

"ဟင့်အင်း"

"ညာတာ ညာပြောတတ်တာကို အမုန်းဆုံးပဲ"

အိတာ ဆတ်ကနဲဖြစ်သွား၏။

ခန့်တလူက အိတာကို အပြစ်တင်နေတာများလ
အိတာ ဘ၀ အိတာခံစားမှုကို သူကိုယ်ချင်းစာနားလည်တ
မှာတဲ့လား။
"တခါတလေ မညာချင်လည်း ညာရတာပါပဲ ကိုကြ
"ဟုတ်လား"
"အားလုံးအတွက် ညာသင့်လို့ညာရတာရှိပါတယ်"
"အိတာ . . . ရည်မွန်နဲ့ စကားများထားသလား"
"မဟုတ်ပါဘူး"
"ရည်မွန်က တခုခုပြောထားလို့လား"
"မပြောပါဘူး"
"ဒါဆို ကိုကြီးကို ဘာလို့စိမ်းသွားရတာလဲ"
"ရှင်"
"အမှန်အတိုင်းပြောစမ်းပါ"
သူ့အသံက မာဆတ်ဆတ်။
မမရည်မွန်အပေါ် ပြုံးပြုံး ပြုံးပြုံးနှင့် စိတ်ရှည်
လောက် အိတာကိုဆို အော်ငေါက်ပစ်တတ်သည်။
"ကိုကြီး သတိထားမိတာကြာပြီ"
မျက်လုံးကလေးဝိုင်းစက်ကာ သူ့ကိုကြည့်မိ၏။
ကြောင်နစ်ကောင်

"ဘာလို့ ရှောင်ဖယ်ဖယ်လုပ်နေရတာလဲ"

"မလုပ်ပါဘူး"

"မညာနဲ့"

အိတာက ပင့်သက်ရှိုက်သည်။

"ရည်မွန် တခုခုပြောထားလို့ မဟုတ်လား"

"မဟုတ်ပါဘူး"

မမရည်မွန်ကို တစ်စုံတစ်ရာသွားမေးမှာစိုးသည်။ စိတ်ထဲပူပန်မိသည်။ ခန့်တလူက စိတ်မြန်သည်။

"အိတာ သိထားဖို့က ကိုကြီးဘဝကို ကိုကြီးပိုင်တယ်၊ အဲဒါပဲ။ လူကြီးတွေ ဘယ်လိုပဲ သဘောတူတူ ကိုကြီးနဲ့ ဘယ်လောက်ပဲ ထိုက်တန်ထိုက်တန် အချစ်မပါတဲ့ အိမ်ထောင်ရေး တစ်ခုကို လုံးဝမတည်ဆောက်ချင်ဘူး၊ ကိုကြီး ဆုံးဖြတ်ပြီးရင် ဘယ်သူဘာပြောပြောလည်း နောက်ဆုတ်မှာမဟုတ်ဘူး"

ခန့်တလူစကားများကြောင့် အိတာ ရင်တွေတဆတ်ဆတ်တုန်လာ၏။

သူ့အဲဒီလောက် ပေါက်ကွဲလိမ့်မည် မထင်ခဲ့ပါ။

အိတာ၏ အပြုအမူကြောင့် သူ့အဲ့ဒီလောက်ခံပြင်းဒေါသဖြစ်နေလိမ့်မည် မထင်ခဲ့တာ အမှန်။

ကိုကြီးရယ်။

အိတာကို ဂရုမစိုက်ပါနဲ့။ အရေးမလုပ်ပါနဲ့။

"ရည်မွန်နဲ့ ကိုကြီး သူငယ်ချင်းပဲ"

ထိုဝန်ခံစကားက အိတာကို အေးစက်တောင့်တ သွားစေသည်။ မမရည်မွန်နဲ့ပြောတော့ အဲဒီလိုမဟုတ်။ ... ပါပြီ။ ဘယ်သူ့စကားအမှန်လဲ ဘယ်သူ့ကို ယုံရမလဲ။ အိ... စိတ်တွေရှုပ်ထွေးသွား၏။

"ကိုကြီးဘဝကို သူခြယ်လှယ်စိုးမိုးခွင့်မရှိသေးဘူး"

ခန့်တလူက အိတာကို စူးစိုက်ကြည့်၏။

"အိတာကိုလည်း သူတားမြစ်ပိုင်ခွင့်မရှိသေးဘူး"

ခေါင်းလေးငုံ့ကာ မျက်လွှာချမိသည်။

ခန့်တလူက ခပ်ကြာကြာ တိတ်ဆိတ်နေ၏။ ပြီးမှ...

" လာ ... အပြင်သွားရအောင် ... အင်းယာ... ကန်ဘောင်ပေါ် လမ်းသွားလျှောက်မယ်။ ဘူးသီးကြော်သွား... စားမယ်" ဟုခေါ်လာတော့ အိတာက ငြင်းဖို့... န်ပြင်ရုံရှိသေး... ကိုကြီးက လက်ကာပြပြီး "ဘာလဲမလိုက်ဘူး မဟုတ်လား... ရည်မွန်က တားမြစ် ထားတာမဟုတ်ဖူးဆိုရင်လိုက်ခဲ့။ လိုက်ခဲ့ရင် အိတာစကားကို ယုံပေးမယ်" ဟု အပေးအယူလုပ်လာ၏။

အိတာက ခေါင်းညိတ်ပြီး နွေးသောခြေလှမ်းများနှင့် သူ့ကားဆီ လျှောက်မိ ပါသည်။

မမရည်မွန်နှင့် စကားမများချင်။ အိတာအမှား မလုပ်ချင်ပါ။ ကိုကြီးနှင့် ခဏတဖြုတ်အပြင်သွားတာကို မမရည်မွန် စိတ်ဆိုးမည်မထင်။

သူကရှေ့က လျှောက်သွားပြီး ကားတံခါးဖွင့်ပေး၏။ အိတာ ပင့်သက်ရှိုက်သည်။ ကားမောင်းနေသော ကိုကြီး မျက်နှာကို မရဲတရဲခိုးကြည့်သည်။ ဘေးတိုက်မျက်နှာထားက ယောကျ်ားပီသလွန်းလှသည်။

ကိုကြီးရယ်။

အခုလိုမျိုး ဘဝလေးကို တစ်သက်လုံးအမှန် တကယ် ပိုင်ဆိုင်ချင်လိုက်တာ။

"ကိုကြီးကို အိတာက လျှော့တွက်လွန်းတယ်"

ကိုကြီးက တစ်ချက်လှည့်ကြည့်ပြီး တိုးတိုးရေရွတ်သည်။ သူ့စိတ်ထဲမှာ ဘဝင်မကျဖြစ်နေပုံပါ။

"သူများ ကြိုးဆွဲလို့ရမယ့်၊ ရုပ်သေးရုပ် မဟုတ်ဘူးကွ"

မာန်နှင့် ဒေါသပါသော စကားကြောင့် အိတာက . .

"ကြိုးဆွဲချင်တယ် ဆိုရင်လည်း မေတ္တာကြောင့်ဖြစ်မှာပါ"

ဟု မမရည်မွန်ဘက်က ပြောမိပါသည်။

သူ့အထင်မမှားစေချင်ပါ။
မမရည်မွန်က မိန်းမကောင်းလေးပါ။
ခန့်တလူကိုလည်း လေးလေးနက်နက်ရှိသည်။
သူတို့နှစ်ဦးဟာ အလိုက်ဖက်ဆုံးပါ။
တဒင်္ဂ အတွင်းမှာ အိတာဆုံးဖြတ်မိသည်။
အိတာ သူတို့ကို မနှောင့်ယှက်ချင်။
ရဲရဲဝံ့ဝံ့ နောက်ဆုတ်ပေးတော့မည်။

ကိုခန့်တလူက မမရည်မွန်နှင့်မှ နေနိုင်လရွှေနိုင်
အတ္တတွေကို ချိုးနှိမ်ပြီး အိတာကို စောင့်ရှောက်ကြ
ခဲ့တဲ့ မမရည်မွန်ရဲ့ မိဘတွေကို ကျေးဇူးဆပ်ရပါမည်။

မမရည်မွန်ပျော်ပါစေတော့။

အိတာစကားကြောင့် ခန့်တလူငြိမ်သွား၏။ ပြီးမှ . .

"ရည်မွန့်ကို ကိုကြီးခင်ပါတယ်။ သူငယ်ချင်းထက်လ
ပိုချင်ပိုမယ်။ ဒါပေမယ့် ကိုကြီးဆိုလိုတဲ့ အဓိပ္ပါယ်က . . .
ဟု စကားတန်းလန်းရပ်ပစ်ရင်း ဟူးကနဲလေပူတစ်ချ
မှုတ်ထုတ်သည်။

ဘယ်လိုမှ ရှင်းပြမနေပါနဲ့တော့ ကိုကြီးရယ်။

အိတာ အားလုံးနားလည်ပြီးသားပါ။

မမရည်မွန်ကို ကိုကြီးချစ်နိုင်ပါတယ်။

ကားထဲမှာ အကြာကြီး တိတ်ဆိတ်သွား၏။ အိတာက အပြင်ကို ငေးနေသည်။

တစ်ချိန်လုံးကြိုးစားနေခဲ့ပေမယ့် စိတ်က မပြတ်နိုင်ဖြစ်နေခဲ့ရပြီးမှ ကိုကြီးစကားတွေကြောင့် အိတာပြတ်သားစွာ ဆုံးဖြတ်နိုင်တော့သည်။

တကယ်ဆို မမရည်မွန်နဲ့ ယှဉ်ရွှေခံရလောက်အောင်ကို မဖြစ်သင့်တာပါ။

အိတာ နေရာကို အိတာသိပါပြီ။

ခန့်တလူနှင့် ကမ်းစပ်က အကြော်ဆိုင်မှာ ထိုင်ဖြစ်သည်။ အိတာက ကိုကြီးကျွေးသောအကြော်စုံကို အားပါးတရစားပြီး အားလုံးကို ခေါင်းထဲက ခဏထုတ်ထားမိသည်။

"စွန်လွှတ်မလား"

"စွန်"

"စက္ကူစွန်လေ"

"ဟင့်အင်း"

"ဒါဆိုလမ်းလျှောက်ကြတာပေါ့"

"အင်း"

အိတာပုံစံလေးက စောစောကနှင့်လုံးဝမတူ

ဆန်းလာ၏။

တဖြူးဖြူးတိုက်လာသော လေနုအေးက အ

တဖတ်ဖတ် တိုးလွင့်စေသည်။

လေတိုက်နေတော့ လမ်းလျှောက်ရတာ အရမ်းကော

သည်။ အသက်ကို အားပါးတရရှူမိသည်။

"အိတာ"

"ဟင်"

"ဟိုတစ်နှစ်က မိုးတွေရွာနေတုန်း ဒီကန်ဘောင်

လမ်းလာလျှောက်တာ မှတ်မိသေးလား"

"ဟင်း. . . ဟင်း. . ဟင်း. . ကိုကြီးနော်"

ရှက်စနိုးရယ်ကာ မျက်စောင်းလေးခဲမိသည်။

မိုးသည်းသည်းမှာ လမ်းလျှောက်နေတုန်း အိတ

ဖိနပ်ပြတ်သွားခဲ့သည်။ ကိုကြီးက ချက်ချင်း သူ့ဖိနပ်ချွတ်ပေး

၏။ အိတာက အားနာပြီးမစီး . .

"ဘာလဲ . . အိတာ ဖိနပ်ပြတ်တာ မြန်သတိရလို့လား

နှုတ်ခမ်းလေးကိုက်ကာ မလုံမလဲမေးဖြစ်တော့

ခန့်တလူက အော်ရယ်သည်။

အဲဒီနေ့က ကိုကြီးဖိနပ်ကို စီးပြီးလျှောက်သွားရတာ

သိပ်ကျေနပ်စရာကောင်းသည်။

အေးစိမ့်နေသော မိုးထဲမှာ ကိုကြီးဖိနပ်က ခြေဖဝါးကို

နွေးစေသည်။ ကြည်နူးစေသည်။

အိတာ မေ့မရခဲ့သော နေ့တနေ့ပါ။ ကိုကြီးကလည်း

မှတ်မိနေသည်။

အိတာက ကိုကြီးမှတ်မိနေမည်မထင်ခဲ့ပါ။

"ဟွန့် . . . အဲဒါကို ပြန်တွေးပြီး ခုထက်ထိ

ရယ်နေသေးတယ်"

"ရယ်စရာပဲကွာ . . ရယ်မိတာ ဘာဖြစ်လဲ"

အိတာက ရှက်ရှက်နှင့် မျက်နှာနီးမြန်းလျက် ကိုကြီးကို

ဆိတ်ဖို့လက်ရွယ်သည်။

"ရော့ . . . ဆိတ် . . ဆိတ် နာအောင်ဆိတ်ကွာ"

ဟု သူ့လက်တဖက်ကို ထိုးပေးသည်။

အိတာက လက်ကလေးရုပ်ပြီး မဆိတ်မိတော့ပါ။

"ကိုကြီးဖိနပ်က ရှည်တော့ အိတာစကာဒ်အဖြူက

ပန်းပွင့်ရိုက်ထားသလိုပဲ၊ အိမ်ရောက်တော့ လျှော်တာတောင်

မရဘူး။"

ခန့်တလူက စေ့စေ့စပ်စပ်ပြန်ပြောကာ ရယ်မော ကြည်နူးနေ၏။ အိတာက ပင့်သက်ရှိုက်သည်။

"ကြာနေပြီ . . . ပြန်ကြရအောင်"

အိတာက မမရည်မွန်ပြန်ရောက်နေမှာ ကြောက်သည်။

"အိတာ"

"ဟင်"

ခန့်တလူက အိတာလက်ကောက်ဝတ်ကို ဆုပ်ကိုင် ဖျစ်ညှစ်ပြီး . . .

"ဘာလို့ ကိုကြီးကို သတိနဲ့ ဆက်ဆံနေရတာလဲ၊ ဘာလို့ ကိုကြီးကို ရှောင်ဖယ်ဖယ်လုပ်နေရတာလဲ"

"ကိုကြီး . . လွှတ်ပါ"

"အိတာ အမှန်တိုင်းပြော"

"ဘာပြောရမှာလဲ"

"အိတာဘာဖြစ်နေလဲ"

"ကိုကြီး အိတာလက်ကိုလွှတ်ပါ"

ချက်ချင်းပဲ ဒေါသထွက်လာတော့ ခန့်တလူ အိတာ မျက်နှာကလေးကို ငုံ့ကြည့်မိသည်။

"ဟင် . . အိတာ ငိုနေလား"

ခန့်တလူက ရင်ခုန်မြန်သွားပြီး အိတာ ပုခုံးလေးကို ဖက်ထွေးကာ ကားဆီ ပြန်လှည့်လျှောက်သည်။

"သူများတွေ မြင်မှာ မရှက်ဘူးလား"

ခန့်တလူက တိုးတိုးသတိပေးသည်။

ရုတ်တရက် ငိုချလိုက်တော့ သူအံ့အားသင့်ကာ တုန်လှုပ်သွားရတာအမှန်။

"ဘာလို့ ငိုရတာလဲကွာ . . ငိုတယ်ဆိုတာ အရှုံးပေးတာ၊ ဘယ်တော့မှ မငိုရဘူး တိတ်ပါအိတာရယ် တိတ်တိတ်၊ ဘာ အိတာ မဖြေချင်လည်း မမေးပါဘူး တိတ်တော့ . ."

အိတာ ပါးပြင်ပေါ်က မျက်ရည်တွေကို သုတ်ပေးကာ ချော့မော့နှစ်သိမ့်၏။ ခန့်တလူ သက်ပြင်းလည်း အကြိမ်ကြိမ် ရှိုက်မိသည်။ သူအံကြိတ်ကာ စိတ်ကို ချုပ်ထိန်းထားရသည်။

အိတာကို ရင်ခွင်ထဲဆွဲယူကာ တင်းတင်း ကြပ်ကြပ် ဖက်ထွေးပြီး သူ့ရင်ထဲရှိသမျှဖွင့်ဟပြောပြချင်မိသည်။

အိတာ အပြုအမူကို သူမခံနိုင်။ သူ့ရင်ထဲ ဆူလှိုက်လာရသည်။ သူ့ရင်ထဲက ဆန္ဒအမှန်ကို သူတစတစနားလည်လာရသည်။

ရည်မွန်နှင့် အတူသွားအတူလာ အမြဲတတွဲတွဲရှိ နေ ပေမယ့် ညအိပ်ရာဝင်တာနှင့် မျက်စိထဲ ထင်ဟပ်လာတတ်တာ က အိတာနှင့် မျက်နှာညိုးညိုးကလေး။

ဟိုးတုန်းကလို ရွှင်ရွှင်ပျပျလန်းလန်းဆန်းဆန်းမရှိ မျက်လုံးညိုညိုကလေးနှင့် ငေးကြည့်နေတတ်တာကို မြင် မြင်ယောင်ပြီး သူအိပ်မပျော်။

ဖုန်းဆက်တော့လည်း ရည်မွန်နှင့်ပဲတွေ့ရသည်။

အိတာက ဘယ်တော့မှ ဖုန်းမကိုင်။

အိတာက နှုတ်ခမ်းလေးဖိကိုက်ကာ အငိုရပ်သည်။

ကိုကြီး

မမရည်မွန်ကို မေ့ထားပြီး အိတာကို ချစ်တယ်လို့ မပြောနိုင်ဖူးမဟုတ်လား။

ရင်ထဲမှာ ဂရုဏာရှိရင်တောင် မမရည်မွန်ကိုတော့ လက်လွှတ်ဆုံးရှုံးမခံနိုင်ဖူးမဟုတ်လား။

ကိုကြီးကို အိတာ အရမ်းနားလည်ပါပြီ။

အိတာရှုံးမိပါတယ်။

ခိုက်ခိုက်မဲမဲ မျှော်လင့်ခဲ့မိပါတယ်။

တကယ်တော့ အိတာက မိုးတိမ်တွေကို စိတ်ကူးနဲ့

ဖမ်းဆုပ်ချင်နေသူပါ။

မဖြစ်နိုင်မှန်းသေချာနေလျှက် လက်မလျှော့ချင်သေးဘူး။

အိတာက ကူရှင်မှာ မတ်မတ်ထိုင်သည်။

"ရပြီ . ."

အိမ်မြန်မြန်ရောက်ချင်ပါပြီ။ သူ့ရှေ့မှာ ဆက်ပြီးမနေချင်။

"အိတာ"

သူ့ကို မျက်လုံးလေးရွှေ့ကာ ကြည့်မိသည်။

"ဘာလို့ ငိုတာလဲ၊ အိတာ ဘာတွေဖုံးကွယ်ထားလဲ။"

အိတာမဖြေ။ နှုတ်ဆိတ်နေသည်။

"မဖြေချင်လည်း မမေးတော့ဘူး ဒါပေမယ့် မငိုရဘူးအိတာ အရမ်းပျော့တာပဲ၊ ကြည့်တော့ အေးတိ အေးစက်နဲ့ဘာပဲဖြစ်ဖြစ်ရဲရဲရင့်ရင့်ပေါ့။"

မျက်လွှာချကာ ငြိမ်သက်နေတော့ သူက အိတာလက်ဖျားကလေးကို ဆုပ်ထွေးဖျစ်ညှစ်ကာ . . .

"ဘာပဲ စိတ်ရှုပ်စရာရှိရှိ ကိုကြီးကို တိုင်ပင်ပါကွာ" ဟုတောင်းပန်လာ၏။ သူ့ မျက်လုံးတွေကို အိတာ ဆုံမကြည့်ရဲ။

အိတာ စိတ်ကို အိတာမနည်းကြီး ထိန်းထားရသည်။

သူ့ရင်ခွင်မှာ ခေါင်းတိုးကာ အားပါးတရ ငိုရှိုက်ပါ
သည်။ ခံစားနေရတာတွေ မွန်းကြပ်နေသမျှ ပေါ့ပါးနေသာ
မလားလို့ပါ။

အိမ်ပြန်ရောက်တော့ မမရည်မွန်ကားကို လှမ်း
လိုက်ရသည်မို့ အိတာ ရင်တုန်သွားမိသည်။

ဘယ်နား ပြေးပုန်းရမှန်း မသိအောင် လန့်ထိတ်သည့်
မမရည်မွန် စိတ်ဆိုးတော့မှာ သိနေသည်။

"ရည်မွန်ရောက်နေပြီပဲ"

ခန့်တလူကတော့ ခပ်အေးအေးပါပဲ။

အိတာနှင့် ယှဉ်လျှောက်ကာ သီချင်းတိုးတိုးပင်ညည်း
သေးသည်။ အိတာ တစ်ယောက်တည်းသွေးပျက်နေတာ။

မမရည်မွန်က ဧည့်ခန်းမှာ ထိုင်စောင့်နေသည်။

အိတာတို့ဝင်လာတာကို စူးစူးစိုက်စိုက်ကြည့်နေသည်

အိတာက မသိမသာခေါင်းလေး ငုံ့ပြီး မမရည်မွန်
မကြည့်မိပါ။

"ထမင်းစားဖို့ မေမေတို့စောင့်နေတာကြာပြီ အိတာရဲ့
မြန်မြန်ပြန်ဆင်းလာနော်၊ ကိုတာလူ တစ်ခါတည်း ဝင်စားသွား

ာ၊ ဘယ်သွားကြတာလဲ၊ ရည်မွန်ကို ထားခဲ့တယ်ပေါ့
တ်လား။”

မမရည်မွန်က ဘာမှမဖြစ်သလိုဆိုသည်။

အိတာမြေလှမ်းတန့်သွား၏။

အပြစ်တင်လိုက်တာ တားမြစ်လိုက်တာ ဆူငေါက်လိုက်
ကမှ ဝိုကောင်းဖုံးမည်။ အခုဟာက ဟန်ဆောင်မှုတလွှာ
နှ ရင်ထဲက အမှက်ဒေါသကို သိုဝှက်သိမ်းလှို့ထားလိုက်တာ။

မိန်းမချင်းမို့ သိသည်။ ကိုကြီးနှင့် အိတာကို မမရည်မွန်
စေ့ အကဲခတ်နေတာ။

ရည်မွန်က အိတာ ကျောပြင်လေးကို ကြည့်လျက်
ငွေ့သက်တချက်ရှိုက်ကာ ခန့်တလူဆီ လှမ်းအကဲခတ်သည်။

ကိုတလူရယ်။

ရည်မွန် ဘယ်လုပ်ရမလဲ။

နီးဖို့ကြိုးစားလေလေ ဝေးကွာဖို့ ဖြစ်လာလေလေပါ
ား။ အိတာနှင့် ကိုတလူကို အရောတဝင်မမြင်ချင်ပါ။ သူတို့
င်းသံပေဟာရဉ်ပို့သွားမှာ စိုးထိတ်သည်။ ဒါတွေကို ရည်မွန်ပဲ
သည်။

ရည်မွန့်ကို ကိုတလူနားလည်ရဲ့လားဟင်။

"ထားခဲ့တာမဟုတ်ဘူး"

"ဒါဆိုဘာလဲ . . . ရည်မွန်ကို ဖုန်းဆက်ခေါ် ရင်ရေ
ပဲ၊ မခေါ်ချင်လို့ မဟုတ်လား"

ခန့်တလူက ရည်မွန့်ကို စူးစိုက်ကြည့်သည်။

"ကိုယ်တို့ နှစ်ယောက်တည်းသွားတာကို ရည်
မကြိုက်ဘူးလား။ ရည်မွန်က တားမြစ်ပိတ်ပင်ချင်တာလ
အိတာက ရည်မွန့်စကားကို မပယ်ရှားရဲဘူး။ ကိုယ်အတ
ခေါ်သွားတာ"

ရည်မွန်က မျက်နှာလေးသွေးဆုတ်ကာ ဘာပြောရ
ပင်မသိတော့ပါ။ ကိုတလူ ဘယ်လိုစကားတွေပြောလိုက်ပါလ
ရင်ထဲမှာ မွန်းကြပ်ကာ အသက်ရှူပင်မဝချင်။

"ရည်မွန်"

ခန့်တလူ အသံက အေးစက်ပြတ်သားနေသည်။

ရည်မွန်အံ့ဩမိသည်။ ပြီးတော့ ဝမ်းနည်းသည်။ အ
စိတ်ထိခိုက်မိသည်။

ရည်မွန်ဘဝမှာ ကိုတလူကို အမြတ်နိုးရဆုံးပါ။ တန်
အထားဆုံးပါ။ အိတာနှင့် ပဲဖြစ်ဖြစ် တခြားဘယ်ကောင်မလေ
နှင့်လဲ ကင်းကင်းရှင်းရှင်းရှိစေချင်တာ ရည်မွန် . . . ကိုတလူ

လေးနက်လွန်းလို့ပါပဲ။

အဲဒါ အပြစ်လား .. အဲဒါကို ချုပ်ခြယ်မှုတစ်ခုလို့ ကိုတလူသတ်မှတ်လိုက်ပြီလား။

မနောလိုသဝန်တိုစိတ်နှင့် ပြောမိဆိုမိသမျှ မှားယွင်းကုန်ပြီလား။ ရည်မွန်ကို သူစိမ်းတစ်ယောက်လို မဆက်ဆံပါနဲ့။ ခံနိုင်ရည်မရှိလို့ပါ။

မျက်လွှာချ ငြိမ်သက်တိတ်ဆိတ်သွားသော ရည်မွန့်ကို ခန့်တလူက မသက်မသာကြည့်သည်။

သူ့စကားတွေ လွန်သွားပြီလား။

သူ ဘာလို့သည်လောက်ထိ ပြောမိသလဲ။

ရည်မွန့် မျက်နှာလေးညှိုးသွားတော့ သူစိတ်မကောင်း

“အိတာကို ကိုကြီးချစ်တယ်” ဟု လွယ်လွယ်မပြော ဖြစ်အောင် တွန့်စေတာတန့်စေတာ ရည်မွန့်မျက်နှာကလေးလား၊ သူအိတာကို ချစ်နေတာပဲမဟုတ်လား။ ဘာလို့မှားတွေဝေနေမိတာလဲ။ ဖွင့်ဟမပြောဖြစ်တာ ဘာကြောင့်လဲ။

တစ်စုံတစ်ရာက သူ့ကို ချုပ်နှောင်ထားသည်။

ရည်မွန်ပါပဲ။ ရည်မွန့်အရိပ်ကလေးက သူ့ဘေးမှာ အမြဲတမ်းပါနေသည်။

သူ့ကိုမော့ကြည့်ပြီး ရည်မွန်က ကျောပေးလိုက်သည်၊ သူ့အနားက ထွက်သွားသည်။

"ရည်မွန်"

သူလှမ်းခေါ် ပေမယ့် ပြန်လှည့်မကြည့်။

"မေမေ . . . သမီးအပြင်ခဏသွားမလို့ ကိစ္စတစ်ခု သတိရလို့ . . . " ဟု ထမင်းစားခန်းမှာ သူ့မေမေကို ပြောတာ ကြားရပြီး ချက်ချင်းပဲ ဟမ်းဖုန်းနှင့် ပိုက်ဆံအိတ်နှင့် ပြန်ထွက်လာ၏။ ခန့်တလူကို စကားတစ်ခွန်းမှ မဆိုပဲ ဖြတ်လျှောက်သွားသည်။ ခန့်တလူက ရပ်ကြည့်နေပြီးမှ ချက်ချင်း ဆုံးဖြတ်ကာလိုက်လာ၏။

"ရည်မွန်"

ကားသော့ဖွင့်နေသော ရည်မွန်က လှည့်ကြည့်သည်၊

"ဘယ်လဲ"

ပြန်မဖြေပဲ သူ့ကို စေးစိုက်ကြည့်၏။ ပြီးမှ ကားတံခါးဖွင့်ပြီး ကားထဲဝင်ထိုင်ကာ ကားတံခါးပိတ်သည်။

"ရည်မွန်"

ကားစက်နှိုးနေပြီမို့ သူလည်း ကားပေါ် ပြေးတက်ကာ နောက်ကနေ လိုက်လာမိသည်။

ဘယ်တုန်းကမှ စိတ်မဆိုးဖူးသော ရည်မွန် .. သူ့ကို စိတ်ဆိုးမှာ သူမခံနိုင်။ သူအရမ်းတုန်လှုပ်သည်။

ရည်မွန့် ကားနောက်ကနေ သူလိုက်လာခဲ့သည်။

ဘယ်ကိုမှန်းမသိပဲ လိုက်နေရတာ အူကြောင်ကြောင် နိုင်လှ၏။

ရည်မွန်က အတော်ကလေးမောင်းလာပြီးမှ ကားကို ဘေးကပ်ရပ်လိုက်သည်။ သူ ချက်ချင်းပဲ ကားရပ်ပြီး ဆင်းလိုက်တာ ရည်မွန်ကားဘေးနားရောက်သွား၏။

ရည်မွန်က ကားစတီယာရင်ပေါ် ပါးအပ်မျက်နှာ မှောက်ချလျှက် ငိုရှိုက်နေသည်။

"ရည်မွန်"

ကားတံခါးဆွဲဖွင့်ကာ ငုံ့ကြည့်ပြီး ခန့်တလူလန့်ဖျန့် သွား၏။ ရည်မွန့်ကို ဘယ်လိုတောင်းပန်ချော့မော့ရမှန်းပင်မသိ။ ဘေးခုံမှာ ဝင်ထိုင်ပြီး ရည်မွန့် ပခုံးလေးကို ပိုင်ပိုင်ဖမ်းဆုပ် လျှက် ..

" ဟော့ .. လမ်းပေါ်မှာ . . . ရှက်စရာကြီး . . ငိုမချ နဲ့လေ"

ရည်မွန်က သူကို ဖျတ်ကနဲ မော့ကြည့်လာပြီး . . .

"ရှင်တို့ကို ဘယ်တော့မှ မနှောင့်ယှက်ဘူး စိတ်ချ" ဟု
ဗလုံးဗထွေး ငိုသံနှင့်ဆိုမိ၏။

"မဟုတ်ပါဘူးကွာ. . ကိုယ် . . ဟာ . . ကျွတ်"

ခန့်တလူ တော်တော်စိတ်ညစ်သွားမိသည်။

သူကြောင့် အိတာရော ရည်မွန်ပါ ငိုရသည်။

သူတော်တော်မကောင်းပါလား ။

"ရှင်ပြန်တော့ . . ရှင့်ကို မမြင်ချင်ဘူး၊ ရှင် ရည်မွန်ကို မနှောင့်ယှက်ပါနဲ့တော့"

"ကိုယ်စကားပြောမှားသွားတာပါကွာ"

"ရှင်တို့ချင်း ဒီလောက်အဖြစ်သည်းနေမှန်း မသိလို့ သိရင် အစကတည်းက ဒီလိုဖြစ်မလာဘူး"

"မဟုတ်ဖူး ကိုယ်တို့ ဘာမှမဖြစ်ဘူး"

"တော်ပြီ။ ရှင်းမပြနဲ့၊ ရှင်းပြဖို့မလိုဖူး၊ ရှင့်သဘောနဲ့ ရှင်ကြိုက်တာလုပ်ပိုင်ခွင့်ရှိတာပဲ။ ရည်မွန်ကို ထည့်မတွက်နဲ့ အားမနာနဲ့ရတယ်"

ရည်မွန်က နားနှစ်ဖက်ပိတ်ပြီး အော်ဟစ်သည်။

"သွား. . . သွား. . ရှင်ရည်မွန့် ကားထဲက ခုချက်ချင်း ထွက်သွားစမ်းပါ"

ခန့်တလူက အေးစက်စက်ကြီးကြည့်နေသည်။

"မှိုင်နဲ့ ရည်မွန် ဘာမှမဆိုင်ဘူး.. ဒီနေ့ ဒီအချိန်ကစပြီး သူငယ်ချင်းအဖြစ်က ရပ်စဲလိုက်ပြီ.. မှိုင့်ကို အသေတော့မှ မမြင်ချင်ဘူး.."

ရည်မွန်က သူ့ထက်အေးစက်ပြတ်သား မာကျောနေသည်။ ခန့်တလူကို နာကြည်းစွာကြည့်သည်။

"ရည်မွန် . . . မင်းစကားတွေ သိပ်လွန်နေပြီ"

"ဟုတ်တယ်၊ လွန်တယ် ဘာဖြစ်လဲ၊ မှိုင့်ကို ကျွန်မက ဘာကြောင့် သက်သက်ညှာညှာပြောရမှာလဲ၊ ကျွန်မပြောတာ ရှင့်လောက် မကြမ်းဘူး. . . ရှင့်လောက်မရိုင်းဘူး၊ ရှင် သွား ပါတော့"

"ရည်မွန်"

ခန့်တလူအသံက အေးစက်စွာ ဟိန်းထွက်လာသည်။

ရည်မွန်က သူ့ကို မျက်ရည်တွေနှင့်ကြည့်ကာ ကားထဲက ထွန်းလွှတ်သည်။

ခန့်တလူ ဒေါသဖြစ်လာမိကာ ရည်မွန့်လက်တွေကို ဖမ်းချုပ်ပြီး ရည်မွန့်ကို ရင်ခွင်ထဲဆွဲသွင်းကာ လှုပ်မရအောင် တင်းတင်းကြပ်ကြပ် ဖက်ထားပါသည်။

ရည်မွန်က ရုတ်တရက် ငြိမ်သက်နေပြီးမှ နောက်တော့ မျက်နှာကလေးရဲတွတ်လျက် သူ့ကို မကြည့်ပဲ ဖြည်း ဖြည်းရွှန်းသည်။ ရည်မွန် စိတ်ဆိုးတာကို သူခံနိုင်ရည်မရှိ။

သူနှင့် ရည်မွန်က သံယောဇဉ်ကြီးသည်။

အဲ့တာကို နှလုံးသားကလိုချင်လျက် ရည်မွန်ကို အသိဉာဏ်နှင့် ဖက်စေသည်။ အဲ့တာကြောင့် ရည်မွန်သည်းမခံနိုင်ပဲ ပေါက်ကွဲချိန်မှာ ခန့်တလူလည်း ထူပူပြီး ဘာမှမဆင်ခြင်နိုင်တော့ပါ။ ရည်မွန့်ကို တအားဖက်ထားပြီးချော့မိသည်။ ရည်မွန် စိတ်ဆိုးတာကို သူမလိုချင်။

"ဖယ် .. ရည်မွန့်ကို လွှတ်ပါ။"

" မလွှတ်ဘူး ... ကိုယ့်ကို နှင်လွှတ်အုံးလေ.."

ရည်မွန်က အသံတုန်ကလေးနှင့် ရှက်ရွံ့စွာဆို၏။

"လွှတ်နော် .. သူများတွေမြင်ကုန်မယ်"

"မြင်မြင်ပေါ့ ဘာဖြစ်လဲ"

ခန့်တလူက ရည်မွန့်မျက်နှာလေးကို မော့စေသည်။ ရည်မွန်က ရှက်လန့်ကာ မျက်လွှာချသည်။ သူ့ရင်ဘတ်ကို တွန်းမိသည်။ ခန့်တလူ အံကြိတ်ကာ ရည်မွန့်ကို ဖြေလွှတ်လိုက်၏။ ရည်မွန်က ခေါင်းလေးငုံ့နေသည်။

နောက်တော့ သူ့ကိုစကားမဆိုပဲ တဖက်လှည့်နေ၏။ တစ်ယောက်ကို တစ်ယောက် ချစ်တယ်လည်း မပြောပြစ်ပဲ စောစောတုန်းကလို အနေအထားမဟုတ်တော့တာ နှစ်ယောက်လုံး နားလည်မိကြသည်။

သူတို့ ချစ်သူတွေ ဖြစ်သွားကြပြီလား။

ခန့်တလူ မယုံနိုင်အောင် ဖြစ်ရသည်။

သူချစ်တာက အိတာကိုပါ။ ဘာလို့ ရည်မွန့် နောင်ကြိုးအောက် ရုန်းမထွက်နိုင်တာလဲ။

သူမှားသွားပြီလား။ အိတာကို သူဆုံးရှုံးရတော့မှာလား။ ရည်မွန့်ကို တချက်ကြည့်ကာ နောင်တရသည်။

"ရည်မွန်ကို အဲဒီလောက် ပစ်ပစ်ခါခါ မပြောသင့်ပါဘူး"

မကျေမနပ်ဖြစ်ကာ ဝမ်းနည်းစကားဆိုသည်။

"အိတာကို ရည်မွန်ဘာမှ တားမြစ်ထားတာမရှိဘူး"

ခန့်တလူ စကားမဆိုနိုင်။

" ရည်မွန်မှားသွားရင် ကိုတလူနားလည်ပေးပါ။"

ရည်မွန်က သူ့ကိုမော့ကြည့်လာ၏။

"ရည်မွန် မမှားပါဘူး"

ခန့်တလူက သက်ပြင်းချသည်။

ဒီတာ . . .

ကိုကြီးကို ခွင့်လွှတ်နားလည်ပေးပါတော့

ကိုကြီးမှားသွားပြီ။

ရည်မွန့်ကို ကိုကြီး . . .

ကိုကြီး ရည်မွန် နောက်ကလိုက်မလာသင့်ဘူး ။

မမျှော်လင့်ပဲ ကိုကြီးနဲ့ ရည်မွန် . . . ။

ခန့်တလု ခေါင်းတွေထူပူသွား၏။

ယောကျ်ားကောင်း ပီသစွာ သူ 'ဆောရီး' မပြောခဲ့

ရည်မွန်က သူ့ကို ချစ်သူတစ်ယောက်လို သတ်မှတ် ယူဆလိုက်ပါပြီ။ အားလုံး သူ့အမှားတွေပါ။

ရည်မွန့် ဟန့်တားမှုတွေ ဝင်စွက်မှုတွေကို သည်းမခံနိုင် လွန်းလို့ ပေါက်ကွဲမိကာမှ ရည်မွန်နှင့် တဆင့်တက်ပြီး ရင်းနှီး သွားရပြီ။

သူ ဘယ်လိုလုပ်ရမလဲ။

ရည်မွန့်ကို သူလိုက်လိုက်လှဲလှဲ ချစ်ပါရဲ့လား။

ဟား . . . ကိုကြီးဘာလို့ ဒီလောက်တွေဝေနေမိသလဲ ဒီတာရယ်။ ဒီတာကြောင့် ကိုကြီး ဆုံးဖြတ်ချက်တွေ ယိမ်းယိုင် နေရပြီ။ သည်နေ့ကစပြီး ဒီတာကို ကိုကြီးမေ့ပစ်ရတော့

မလားကွာ။

ရင်ထဲတင်းကြပ်စွာ တွေးမိသည်။

သူနှင့် အိတာက ခုထက်ထိရိုးသားသန့်ရှင်းသည်။ ရည်မွန့်အပေါ် သူ သစ္စာရှိသင့်သည်။

"ကိုတလူနှင့် အိတာ အတူတူပြန်လာတာတွေတော့ ရည်မွန် တုန်လှုပ်သွားတယ်။ ညာလည်း မညာချင်တော့ပါဘူး။ ကိုတလူဘေးမှာ ဘယ်မိန်းကလေးကိုမှ မမြင်ပါရစေနဲ့။ ရည်မွန် လောဘကြီးနေမိတယ် ကိုတလူရယ်၊ စိုးရိမ်စိတ်တွေလည်း အရမ်းများနေတယ်"

ရည်မွန်ရဲ့ စကားတွေကြောင့် ခန့်တလူက လက်ဖျားလေးဆုပ်ကာ အားပေးသည်။

အိတာ . . ကိုကြီးတို့ ရှေ့ဆက်ဖို့ ကုသိုလ်ကံမပါဘူး ထင်ပါတယ်ကွာ။

တကယ်တန်းကျတော့ ရည်မွန့်ကို ကိုကြီးမရက်စက်နိုင်ဖူး မပြတ်သားနိုင်ဘူး။

အိတာ . . . ကိုကြီးကို နာကြည်းမုန်းတီးလိုက်ပါတော့

"အိတာက ရည်မွန့် ညီမလေးပါ။ စိတ်ထဲခံစားရရင်တောင် သူ့ကို ရည်မွန်မပြောရက်ပါဘူး"

ခန့်တာလူက သက်ပြင်းတွေ ဆက်တိုက်ချဖြစ်သည်။ သူ့ ခြေလှမ်းတွေ ခြေစုံရပ်တန့်နေရတော့မှာပါ။ ရည်မှန်းမကြိုက်တာ မလုပ်ဖို့ သူ့မှာဝတ္တရားရှိသွားပြီ။

သူတို့ တစ်ယောက်နှင့် တစ်ယောက်ပွင့်လင်းသွားကြပြီ မဟုတ်လား။

\+ + +

ခန့်တလူရောက်လာချိန်မှာ ရည်မွန်တို့ မိသားစု ထမင်းစားပွဲမှာ စုံစုံညီညီရှိနေချိန်ပါ။

"သမီးငယ်. . . ဒီတာ. . အားပါးတရစားလေ အခု တလော ဒီကလေး သိပ်အစားနည်းတာပဲ။ သမီးကြိုက်တတ်တာတွေချည်း စီစဉ်ပေးထားတာ"

မေမေက သတိထားမိစွာ ဆိုလာ၏။

"ဟော . . . ကိုတလူ . . လာလေ"

ရည်မွန်က ခန့်တလူဆီ ထလျှောက်လာပြီး ကြိုသည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

ထမင်းစားပွဲမှာ ဝင်ထိုင်စေသည်။

"စောစောကပဲ မေမေ့ကိုပြောနေတာ ဖေဖေ တောင်ကြီး သွားရမယ်တဲ့၊ အဲဒါ လိုက်သွားရအောင်နော် ကိုတာလူ"

ရည်မွန်က သူ့ကို ချက်ချင်းတိုင်ပင်သည်။

အိတာက ခန့်တာလူဆီ မသိမသာ မျက်လုံးကလေး ရွေ့ကြည့်သည်။ မမရည်မွန်၏ အပြုအမူအပြောအဆိုက ခါတိုင်းထက် ပိုင်နိုင်သေချာနေသည်။

သူတို့ ချစ်သွားကြပြီလား။

အိတာ ခေါင်းငုံ့ရင်း ကော်ဖီပူပူကို သောက်ချမိသည်၊

"သမီး.. စားလို့မကောင်းဘူးလား"

ဖေဖေက ထပ်မေးလာသောအခါ မေမေက ..

" မဖြစ်ပါဘူး.. ဆရာဝန် ပြကြည့်ရမယ်။ အစား အသောက် အရမ်းပျက်နေတာရှင့်" ဟု ဝင်ပြောသည်။

"ဟင့်အင်း ... အိတာ ဘာမှမဖြစ်ပါဘူး မေမေ ဆရာဝန်မပြချင်ပါဘူး... စားလို့ကောင်းပါတယ်"

"စားလို့ကောင်းရင်စားလေ.. သမီးဘယ်မှာ စားဝင် လို့လဲ။ ပေါ့ပေါ့ဆဆ နေလို့မရဘူး"

စားမဝင်တာက ရင်ထဲမှာ ဆို့နင့်ကြေကွဲနေလို့ပါဖေဖေ။ ဒါကို အိတာလည်းသိပါတယ်။ ဒီအခက်အခဲကနေ အိတာ ရုန်းထွက်ကျော်ဖြတ်မှာပါ။ ဘယ်တော့မှ အရှုံးမပေးဘူး။

"သမီး. . ကိတ်မုန့် တစ်ခုစားအုံး . . . ရော့"

ဖေဖေလှမ်းပေးသော ကိတ်မုန့်ကို မတတ်သာပဲ ယူစားရပါသည်။ ရည်မွန်က အိတာကို တချက်ကြည့်ပြီး. .

"အိတာ လိုက်မလား" ဟုမေးလာ၏။

"မလိုက်ဘူး မေမေနဲ့ နေခဲ့မယ်"

အိတာစကားက သင့်တော်မျှတလှ၏။

ရည်မွန်က ဖေဖေနှင့် တောင်ကြီးကို လိုက်သွားမှတော့ အိတာက အိမ်မှာ မေမေနှင့် နေရစ်ခဲ့သင့်သည်။

အိတာပါ လိုက်သွားလျှင် မေမေတစ်ယောက်တည်း ဖြစ်သွားနိုင်သည်လေ။ သို့ပေမယ့် မေမေက . . .

"သမီးလိုက်ချင်ရင် လိုက်သွားလေ" ဟုခွင့်ပေးသည်။

"အိတာ မလိုက်ချင်ဘူး"

ပြတ်ပြတ်သားသား ငြင်းလိုက်သည်။

ခန့်တလူက ဘာမှဝင်မပြောပဲ တိတ်ဆိတ်နေ၏။ ခါတိုင်း ခါတိုင်းလို "လိုက်ခဲ့ပါ။ ဘား ဆိုတာ" ဟု တစ်ခွန်းမခေါ်။

စိတ်ထဲမှာ ဝမ်းနည်းသွားရသည်။

"မောင်တလူလိုက်ဖြစ်တယ် မဟုတ်လား"

"ခင်ဗျာ . . . အော် . . ဟုတ်ကဲ့"

ဖေဖေ့စကားကို ခန့်တလူ ခေါင်းညိတ်သည်။

ကိုကြီးရယ်။

အိတာ သိခဲ့ပါပြီ။

ကိုကြီး အိတာဘေးမှာ ဘယ်တော့မှ မားမား မရပ်တည်ပေးနိုင်ပါဘူး။

မမရည်မွန်ကို ဘယ်လွန်ဆန်နိုင်မှာလဲ။

"သမီးငယ် မလိုက်ချင်လည်း နေခဲ့ပါစေ၊ အမေကြီးနဲ့အဖော်ရတာပေါ့"

"ဟုတ်ကဲ့"

ဖေဖေက နေခွင့်ပြုလိုက်၏။ အိတာက ခေါင်းကလေးညိတ်ပြီး ထမင်းစားပွဲမှ အရင်ဦးဆုံးထထွက်သည်။

ဖေဖေနှင့် မေမေကလည်း ရှေ့ဆင့်နောက်ဆင့် ထွက်သွားကြသောအခါ ရည်မွန်နှင့် ခန့်တလူပဲစားပွဲမှာ ကျန်ရစ်ခဲ့သည်။

"ကိုတလူ"

"ဟင်"

"မနေ့ညက အိတာ တီးတဲ့တီးလုံးကလေးက အရမ်း နားထောင်ကောင်းတာပဲသိလား"

"အော်"

ရည်မွန်က ခစ်ကနဲရယ်ပြီး . . .

"အိတာကို ရည်မွန် အကူအညီတောင်းထားတယ်။ ရည်မွန်တို့ စေ့စပ်ပွဲမှာ အဲဒီတီးလုံးလေးတီးပေးရမယ်လို့။ မင်္ဂလာပွဲကျရင်လည်း အခါတော်ပေး သီချင်းလေးကို စန္ဒရားသံသက်သက်နဲ့ တီးပေးပြီး လက်ဖွဲ့ရမယ်လို့"

ခန့်တလူက ကျောက်ရုပ်လိုငြိမ်ကျသွား၏။

ရည်မွန့်စိတ်ကူးကလေးက အရမ်းနူးညံ့ချိုမြိန်ပြီး ကဗျာဆန်လှသည်။ သူများတွေနှင့် မတူပဲ အသစ်အဆန်းလည်းဖြစ်သည်။

သို့ပေမယ့် တီးခတ်ပေးရမယ့်သူက အိတာ။

အိတာ ရင်ထဲမှာ ဘယ်လိုနေမလဲ။

အဲဒီလောက် နိုင်စက်သင့်ရဲ့လား။

အိတာ မျက်ရည်နှင့် တီးခတ်ပေးမည့်တေးသွားနှင့် မင်္ဂလာခန်းမထဲ သူမဝင်ချင်။

အိတာ နှလုံးသားကို စတေးပြီး မင်္ဂလာလမ်းကို နင်းမလျှောက်ရက်ပါ။ သူရင်ကွဲရလိမ့်မည်။

သူ့ရင်ထဲကို အိတာမမြင်ပေမယ့် အိတာရင်ထဲကို သူမြင်သည်။ အိတာက သူ့အပေါ် ဥပက္ခာပြုနိုင်အောင်ကြိုးစား နေသည်။ သူကတော့ အိတာကို ခုထက်ထိလက်မလွှတ်ချင် သေးပါ။

အိတာ၏ စန္ဒရားသံနှင့် မင်္ဂလာအချိန်ကို မကျရောက် စေချင်ပါ။ သူလုံးဝမလိုလား။

အိတာသည် ရေမိုးချိုး အဝတ်အစားလဲပြီးတာနဲ့ ပြူတင်းတံခါးရဲ့ လိုက်ကာစလေးကို ဆွဲကပ်လို့ အပြင်လမ်း ရှုခင်းကို လှမ်းမျှော်ကြည့်လိုက်ပါသည်။

ဒီရပ်ကွက်လေးရဲ့ ချစ်စရာဓလေ့တစ်ခုက နှစ်စဉ် နှစ်တိုင်း တန်ဆောင်မုန်းလပြည့်နေ့မှာ မပျက်မကွက် နိဗ္ဗာန် ဈေးပွဲတော်ခင်းကျင်း ပြင်ဆင်ခြင်းပါ . . . ။

ကတ္တရာလမ်းက ကွေ့ကောက်ပေမဲ့ ကျယ်ဝန်းရှည် လျားပြီး ဘေးတဖက်တချက်မှာလည်း ခြံဝန်းတွေနှင့် တိုက်တာ အိမ်ခြေလှလှလေးတွေသာ များသည်။

ခြံအကျယ်အဝန်းချင်း မတူညီကြပေမဲ့ များသောအား

ဖြင့် ချမ်းသာပြည့်စုံသည်ဟု ဆိုနိုင်သည်။

ပြောရမည်ဆိုလျှင် သူဌေးတို့ စုဝေးရောက်ရှိ ကမကထ တာလမ်းပါ . . . ထိုသော် နယူးရီးယားပါတီကို ဖြို့ရေလှပ်ချင်မှ လုပ်မည်။ နိဗ္ဗာန်စျေးပွဲတော်ကိုတော့ ဖြိုတိုင်းရေ ဝင်းတံခါး ဖွင့်ပြီး စားပွဲကြီးငယ်တို့နှင့် စားသောက်ဖွယ်ရာအမျိုးစုံ ခင်းကျင်း ရောင်းချမှုစပြီ။

ဒီလိုအစဉ်အလာရှိတာလည်း နှစ်ပေါင်းကြာရှည်ခဲ့ပြီ . . .။ လမ်းသူလမ်းသားချင်း ခင်မင်ရင်းနှီးနွေးထွေးဖော်ရွေမှုကို လှစ်ပြနိုင်သော ရာသီလွဲလေးတစ်ခုလည်း ဖြစ်တာမို့ အီတာက အလွန်စိတ်ဝင်စားသည်။

နေ့လည်ခင်းကတည်းက မုန့်လက်ဆောင်းဖုတ်မှာတာ၊ အုန်းသီးအရည်ညှစ်တာ၊ ကျောက်ကျောထိုးတာ၊ ဒေါင်းနိဗ်င်းဗူးတွေ အများကြီးဝယ်လာတာ . . . အကုန်လုံးကိစ္စတွေမှာ အိမ်က အလုပ်သမားတွေပဲ မလွှဲထားပဲ သူမ ကိုယ်တိုင်ပါဝင်သည်။

နိဗ္ဗာန်စျေးမှာ ဘာစီစဉ်ရမလဲ စဉ်းစားတော့ အီတာက သူကြိုက်သော မုန့်နှစ်မျိုးကိုရွေးချယ်သည်။

ရွှေရင်အေးနှင့် ထမနဲတဲ့။

လမန်ကိုတော့ မှာနေကျ ဆိုင်က အလှူခေါ်ပွဲ

ရိုက်တာဖြစ်သည်။

ရွှေရှင်အေးကိုလည်း လျှာပေါ်မှာ စီမံပြီးစွဲသွားကော

အားလုံးထဲမှာ အကောင်းဆုံး ဖြစ်အောင်ဖိတာက ကြိုး

လားတာ . . .။

ပြီးရင် ပွဲအစကနေ အဆုံးထိ သူမကိုယ်တိုင် မြှေ

စားပွဲမှာ ထိုင်ဖို့ရည်ရွယ်ပြီးသား . . .။

ညနေခြောက်နာရီမှာ ပွဲစမည်မို့ စောစောစီးစီး အ

ပြင်ရတာဖြစ်သည်။

ဒီနှစ်မှာ အမှန်တကယ်တော့ ပျင်းခြောက်ခြောက်နှ

အထီးကျန်ခံစားရတာအမှန် . . .။

မမရည်မွန်ရော . . . ဖေဖေရော ကိုခန့်တလု

ခရီးထွက်သွားကြသည် မဟုတ်လား . .။

သူတို့အိမ်မှာ မရှိတော့ အိတာမပျော်။

နေကိုမနေတတ်ပါ. .။

ညအိပ်ရင်တောင် ကိုခန့်တလူနှင့် မမရည်မွန်တို့ကို

အိပ်မက်မက်စမြဲ။

အိတာရဲ့ အိပ်မက်မက်ပုံကလည်း အဆန်းပါပဲ။

ပြောရရင်တော့ ရယ်စရာ။

ကိုတလူနှင့် မမရည်မွန်တို့က ပစ်ကနစ်တစ်ခု ထွက်သွားတဲ့ပုံ စပြီး မက်လိုက်ပြီဆိုပါတော့ . . . .

သူတို့နှစ်ယောက်လက်ချင်းတွဲပြီး တောင်လေ့ကားလေး အတိုင်းတက်သွားတာ . . . မမရည်မွန်ရဲ့ လည်ပင်းကပုဝါစအဖြူလေးက ကိုတလူရဲ့ မျက်နှာပေါ် သွားသွား ဝဲလွင့်သွားတာ . . . မမရည်မွန်က ရယ်လိုက်တာ. . . ကိုတလူကမမဆံပင်လေးတွေကို ဖွလိုက်တာ အစသဖြင့် ရုပ်ရှင်ပြကွက်တွေလို အသေးစိပ် . . အနုစိပ်ဆန်လှပြီး လန့်နိုးသွားပြီဆိုရင်လည်း မေ့မေ့ပျောက်ပျောက်မဟုတ်ပဲ အကုန်မှတ်မိနေသည်။

အိတာက အိပ်မက်ကိုပြန်စဉ်းစားပြီး မမရည်မွန်အိမ်ပြန်လာတဲ့အခါ ပြောပြမည်ဟု စိတ်ကူးသည်။ ထိုအိပ်မက်က တပိုင်းတစနှင့်မို့ ရှေ့ဆက်ဘာတွေဖြစ်မလဲ . . သူတို့နှစ်ယောက်ဘယ်ကိုရောက်သွားမလဲ အိတာသိချင်လှသည်။

သိချင်စိတ်နှင့် တဖန်ပြန်ပြီး အိပ်ပျော်သွားပြန်သောအခါ နဂိုရောက်နေသော နေရာကနေပြီး ဆက်ပြီးထပ်မက်သည်။

လစ်လပ်ကွာဟမှု လုံးဝမရှိ။

ဖြတ်ထားသော အခန်းကနေပြီး စနစ်တကျပြန်ဆက် သလိုမျိုးအတိအကျဆက်ပြီး မြင်မက်တာမျိုးဖြစ်သည်။

သူတို့နှစ်ယောက်သား တောင်ထိပ်ပေါ်က အိမ်ကလေး တစ်လုံးဆီရောက်သွားသည်။

အိမ်ကလေးဆိုပေမယ့် ဘန်ဂလိုဆန်ဆန် ဒီဇိုင်းလှလှ နှင့် မှန်တံခါးဘောင်တို့မှာ ဆေးအဖြူရောင်ဖြစ်ပြီး ခေါင်မိုးက မီးခိုးရောင်. . ကျန်သည့်နံရံတွေမှာ မိတ်ကပ်ရောင်. . အိမ်ရဲ့ ပုံစံနှင့် အရောင်ရော . . . အတွင်းခန်းအပြင်အဆင်ရော . . . ဇာလိုက်ကာအဖြူရောင်တွေနှင့် ကြိမ်ဆက်တီပုံဆန်းလေး ပါမကျန်ဒက်ကိုရေးရှင်းကအစနိုးလာရင် အကုန်အသေးစိပ် မှတ်မိနေသည်။

ပြောရမည်ဆိုလျှင် သူတို့တည်းခိုသည့် အိမ်ကလေးက အလွန်ပဲကဗျာဆန်သည်။ ကိုခန့်တလူရဲ့ မျက်နှာက သိပ်ကို ပျော်ရွှင်ကာကျေနပ်နေတဲ့ပုံမျိုး . . . မမရည်မွန်ကတော့ ရှက်ပြုံးကလေးနှင့် ကိုတလူကို ဘာတွေတိုးတိုးကပ်ပြောနေ သည် မသိ. . ။

ပြီးတော့ သူတို့နှစ်ဦးသား ပီးဖိုခန်းလေးဆီသို့

ရောက်သွားသည်။

ပါလာသည့် ချက်ပြုတ်စရာ ဟင်းသီးဟင်းရွက်. . သားငါး နှင့် သစ်သီးဝလံတွေကို ကျွန်းစားပွဲလေးပေါ် ချသည်။

ကိုခန့်တလူ ဝတ်ထားတဲ့ရှပ်အင်္ကျီ လက်ရှည်အကွက် ဘ သွေးအရပ်မြင့်မြင့် သူ့ဘော်ဒီကျစ်ကျစ်လစ်လစ်နှင့်ခန့်ညား ဘ ကိုယ်ဟန်ကို အရမ်းပေါ်လွင်စေသည်။

ဒီရှပ်အင်္ကျီတစ်ထည်ကို ဖက်ရှင်ဆိုင်မှာ ချိတ်ထားတာ မြင်လျှင် ယောကျ်ားတစ်ယောက်နှင့် ထိုမျှလိုက်ဖက်ကြည့် ကောင်းမည့် အင်္ကျီဟု ထင်စရာမရှိ . . .။

လက်စသပ်တော့ အင်္ကျီက ဆန်းနေတာ . . လှနေ တာမဟုတ်။ လူကိုက ချောမောခန့်ညားလွန်းလို့ အင်္ကျီရဲ့ အရောင်အသွေးက ပေါ်လွင်လာရတာဖြစ်သည်။

မမရည်မွန်က ကိုတလူရဲ့ အင်္ကျီလက်မောင်းစကို ဖွဖွ လေးဆွဲပြီး မူနွဲ့စွာစကားဆိုနေသည်။

ဘာတွေပြောနေသလဲဆိုတာ အိတာမကြားရ . . .။

သို့ပေမဲ့ ကိုတလူနှုတ်ဖျားက အိတာနာမည် စကားထဲ ပါလာတာကိုတော့ အသေအချာသိလိုက်သည်။

အိတာ အတူပါလာရင် ကောင်းမှာပဲလို့ သတိရတာမ်းတ

လိုက်တာလား . . .။ အိပ်မက်ထဲမှာ အိတာ အကုန်မြင်နေရတယ် ကိုတလူ။ ကိုတလူ အိတာကို သတိရတယ်ဆိုတာလည်း ယုံလိုက်ပါတယ်။

အိပ်မက်ထဲမှာ သူမရဲ့ နှုတ်ခမ်းလေးတွေပြုံးနေရသည်၊

ကျွန်မတို့နှစ်ယောက်ဟာ စိတ်ချင်းဆက်သွယ်မှု ရှိကြတယ် . . . ဒါဟာ သိပ်ကိုသေချာနေတယ်။

အဲဒီအတွက် အိတာမလိုက်ခဲ့ရပေမဲ့ ကျေနပ်နှစ်သိမ့်နိုင်ပါသည်။

တစ်ယောက်ရဲ့ စိတ်ထဲမှာ တစ်ယောက်ရှိ နေဖို့ဟာ အလွန်ပဲ အဓိကကျတယ်လို့ အိတာထင်ပါတယ်။

ထိုတညလုံးမှာ တရေးနိုးလိုက် . . အိပ်မက်မက်လိုက်နှင့်ပဲ မိုးလင်းရသည်။

မနက်လင်းတော့ အပိုင်းပိုင်းခွဲခွဲကာ တစ်ခန်းပြီးတစ်ခန်း ရုပ်ရှင်တစ်ကားလို သေသပ်လှပလွန်းသော အိတာရဲ့ အိပ်မက်ကို အိတာကိုယ်တိုင်အံ့ဩနေခဲ့မိသည်။

ကိုတလူနှင့် ပတ်သက်လျှင် သူမရဲ့စိတ်ခံစားချက်တို့ဟာ ဆန်းကြယ်နက်ရှိုင်းနေသည်မဟုတ် . . . သူမရဲ့ အိပ်မက်တို့ပါ ဆန်းသစ်လှပနေခဲ့ရတာအမှန် . . .။

"မမအိတာ. . ."

"ဟင်"

ကောင်မလေးလာခေါ်မှ သမင်လည်ပြန် လှည့်ကြည့်မိသည်။

"မမလေး . . . အောက်ဆင်းတော့မလား"

"အင်း. . . ဆင်းခဲ့မယ်"

ရင်ထဲမှာ ကိုတလူနှင့် မမရည်မွန်ကို ပြင်းပြစွာ လွမ်းဆွတ်သွားရသည်။

. . . . တစ်ယောက်ထဲလား မေးတော့. . . ငါတစ်ယောက်ထဲပါ. . . ကြင်နာသူရေ . . . . မင်းအဝေးသွားတဲ့အခါ . . .

သီချင်းတပိုင်းတစကို နှုတ်ကအလိုလိုဆိုမိပြီးမှ ကိုယ့်နှုတ်ခမ်းကို လက်ဖျားလေးနှင့် ယောင်ယမ်းကာ ပိတ်မိ၏။

ဒါဘယ်သူ့ကိုရည်ရွယ်မိသလဲ အိတာ အသိဆုံးမို့ ကိုယ့်စိတ်ကိုယ်မလုံ . . . .

အိတာက အရုပ်ပိုက်ဆံအိတ်လေးကို ယူလျှက် လှေကားမှ ပြေးဆင်းခဲ့သည်။

မတတ်နိုင်ပါဘူးလေ . . . . ကိုယ်ပိုင်တဲ့ ပစ္စုပ္ပန်မှာပဲ

ကိုယ်ပျော်အောင်ကြိုးစားရတော့မည်။

သူတို့လည်း သူတို့ဘာသာအဝေးတစ်နေရာမှာ ပျော်ရွှင်လန်းဆန်းနေကြမှာပါ . . . . ။

ညနေ နေဝင်ရီအချိန်လေးမှာ မိသားစု နှိပ္ပာန်စျေးပွဲတော်လေးကို ဖွင့်လှစ်ခဲ့ပြီ . . . ။

လမ်းမှာ ရောင်စုံမီးပွင့်တို့ လှလှပပ ချိတ်ဆွဲထားပေမဲ့ အလင်းရောင်ရှိနေသေးတော့ မီးရောင်တို့ရဲ့ အလှအပဟာ ညမှာလိုမပေါ်လွင်သေးပါ . . . ။

တော်ကြာကောင်းကင်ပြင်ကြီး တစတစမှောင်လာတဲ့အခါကျမှ ဒီမီးပွင့်တို့ရဲ့အလင်းရောင်နှင့် အလှအပကို ပိုမိုခံစားကြည့်မြင်ခွင့်ရလာမှာပါ . . . ။

ထို့အတူပဲ အိတာရဲ့ ရင်ထဲက အချစ်ဟာ ခုနေခါမှာ သေချာမပေါ်လွင်သေးပါ . . . ။ ရှိတာကရှိနေပြီ . . . လင်းတာကလည်းလင်းနေပြီ . . . သို့သော် မမြင်သာသေးပါ . . . ။

လမ်းမပေါ်မှာ လှလှပပဝတ်စား သွားလာနေ ကြတဲ့ လူရောင်စုံတွေရှိနေပေမဲ့ အခုမှညနေစောင်းမို့ သိပ်ကြီးမစည်ကားလှသေး . . . ။

"ငါဟိုဖက်ထိပ်ထိ လမ်းတစ်ခေါက် လျှောက်ကြည့်ဦးမယ် . . . ဘယ်သူတွေဘာကံစမ်းမဲလုပ်သလဲလေ့လာကြည့်မယ် . . . ."

အိတာက ကောင်မလေးတွေကို မှာခဲ့ပြီး လမ်းမပေါ်သို့ လျှောက်ခဲ့သည်။

နဂိုက သူမမှာ လမ်းလျှောက်ဖို့ အစီအစဉ်မရှိ . . .။

လမ်းပေါ်ရောက်မှ လျှောက်ချင်စိတ်ပေါ်လာတာဟာ တစုံတရာက နှိုးဆော်သလို ခံစားချက်မျိုးပါပဲ။

အိတာ သေချာမပြောတတ်ပါ။

သူမဘဝရဲ့ တစ်ဆစ်ချိုး ပြောင်းလဲခြင်းခရီးအစလည်း ပါလိမ့်မည်။

သူမဘဝမှာ မမျှော်လင့်ခဲ့ဖူးသော အလွန်ကြင်နာသဘောကောင်းသော လူတစ်ဦးကို စတင်ကြုံတွေ့ဖို့ဖန်တီးလာသော အခြေအနေတစ်ခုဆိုလည်း မမှားပါ။

လမ်းထဲက မိတ်ဆွေတွေ ဟိုကနှုတ်ဆက်၊ ဒီက လှမ်းခေါ်နှင့် အိတာလည်း ပြန်ပြုံးပြရင်း နှုတ်ဆက်ရင်း လမ်းရဲ့ တဖက်စွန်းနားထိ လျှောက်လာသည်။

ထိုနေရာမှာ ကုန်းမို့မို့ ခြံကျယ်ကျယ်နှင့် နိုင်ငံခြားသား

အကြိုက် အဲကွန်းများများတပ်ဆင်ထားသော ပန်းနုရောင် ကြွေပြားတို့နှင့် တိုက်ပုပုလှလှလေးတစ်လုံးရှိသည်။

ထိုတိုက်မှာ ငှါးဖို့သက်သက် ဆောက်ထားခြင်းမို့ မြက်ခင်းစိမ်းစိမ်းနှင့် အမြဲလှပသပ်ယပ်နေတာ တွေ့ရစမြဲ။

များသောအားဖြင့် နိုင်ငံခြားသားတို့ လာရောက်ငှါးရမ်းနေထိုင်လေ့ရှိတာမို့ လူတွေက အသစ်အသစ်ပြောင်းသွားတတ်သည် မဟုတ်လား . . .။

ယခုလည်း ဘယ်သူတွေများရှိနေသလဲဟု ဖွင့်ထားသော ဝင်းတံခါးကနေ လှမ်းကြည့်မိသည်။

အိတာ ဒီဘက်အတွင်းပိုင်းသို့ မရောက်ဖြစ်တာ ကြာပြီ. . .။

အိမ်ကို ထပ်မံပြီးမွမ်းမံပြင်ဆင်ထားပုံ ကြည့်ရတာ နောက်ထပ်လူအသစ်ပြောင်းလာတာဖြစ်ဖို့ များသည်။

ခြံအပြင် ညာဖက်ထောင့်လေးမှ စားပွဲလှလှတို့ ခင်းကျင်းပြင်ဆင်ထားပြီး ယောက်ျားသုံးလေးယောက်ရှိနေသည်။

အိတာက မျက်ခုံးပင့်သွားရသည်။

ဒီတစ်ခါတော့ ငှါးရမ်းနေထိုင်သူက ဖောရိမ်နာ မဟုတ်

[illegible]ပါရဲ့ . . .။

နိဗ္ဗာန်ဈေးကို စိတ်ဝင်တစားရှိတယ်ဆိုတော့ . . .။

ဘာရယ်မဟုတ်ပဲ ပျော်သွားမိသည်။

"ဟော့ . . . လာစားလေ"

သူမနားသို့ အရပ်မြင့်မြင့်နှင့် သားနားသပ်ယပ်သော လူလတ်ပိုင်းရွယ် ယောကျ်ားတစ်ယောက်ပြုံးဆိုရောက်လာသည်။

သူ့မျက်နှာကို ဒီတာမော့ကြည့်လိုက်တော့ သူဒီတာကို မြုံးငုံ့ကြည့်နေပုံက ချိုမြိန်နွေးထွေးပျော့ပျောင်းလွန်းတာမို့ အငိုက်မိငြိမ်သက်သွားရသည်။

"မင်းကတော့ ကိုယ့်ကိုသိမှာမဟုတ်ဘူး"

"ရှင်"

မျက်လုံးဝိုင်းဝိုင်းလေးနှင့် မော့ကြည့်ပုံလေးက ချစ်စရာ . . .။

ဂါဝန်အဖြူရောင် လွလွလေးပေါ်က ခေါင်းစွပ်ပါသော ဆွယ်တာလက်ပြတ် အဖြူလေးကို ထပ်ဝတ်ထားပုံရော . . . ဆံပင်တွေကို အဖြူရောင်ဖဲကြိုးလေးနှင့် ပိုနီတေးချည်ထားပုံရော . . . အဖြူနှင့်အနီကြား ဝေ့ါကင်းရှူးလေးကို ခြေအိတ်အဖြူနှင့် တွဲဖက်စီးထားပုံရော . . . နှုတ်ခမ်းလေးကို အလိုလိုနေရင်း

ညွှန်ထားပုံရော . . . ဟာ ကလေးစိတ်မပျောက်တပျောက်နှင့် ဆိုးနွဲ့တတ်ပုံရှိတာ သိသာစေသည်။

ထိုပုံစံလေးကိုပဲ မိုးနိုင်စာပြီး စိတ်လှုပ်ရှားခဲ့ရတာ . . .။

"မင်းကခြံနံပါတ် နိုင်းအေ (၉A) က မဟုတ်လား. . ."

သူသိနေပါလား . . .။

"ခြံထဲမှာ ပန်းပင်ရေလောင်းနေတာ ခဏခဏ တွေ့ဖူးတယ် . မင်းစွန်လွှတ်တာလည်း ကိုယ်မြင်ဖူးတယ် . . ."

"ဟင် . . တကယ်လား . ."

"ဟုတ်တယ် . . . ကိုယ်ဒီလမ်းကိုရောက်လာတာ တစ်လမပြည့်သေးဘူး . . . ဒါပေမဲ့ မင်းကို အကြိမ်သုံးဆယ်မက ကိုယ်တွေ့တာတော့အမှန်ပဲ . . ."

"အဲဒါတော့ ပိုနေပါပြီ . . ."

"ဟာ . . တကယ်ပြောတာကွ . . . လုံးဝမပိုဘူး . . မင်းမယုံရင် ကိုယ့်ရဲ့ဒိုင်ယာရီစာအုပ် ယူဖတ်ကြည့်မလား"

"တော်ပါပြီ"

အိတာက လက်ကလေးကာပြရင်း ရယ်လိုက်သည်။

သူ့ကိုတွေ့တွေ့ချင်း ဘယ်သူဘယ်ဝါရယ်လို့ မသိပါပဲ ယုံကြည်ခင်မင်မိသည်။

သူမျက်နှာက ယောကျ်ားပီသစွာချောမောပြီး သူ့စကားသံက လူတစ်ဖက်သားကို ပျော်စေလိုသော စေတနာတွေ ပျော်ဝင်နေသလိုခံစားရသည်။

"မင်းနာမည်က အိတာ . . . အိကိုဖိုင်နယ်ရောက်နေပြီ . . ."

"ဟင် . . . ရှင်ဘယ်လိုသိနေတာလဲ"

"ဒီလိုပဲပေါ့ . . သိချင်တာကို စုံစမ်းကြည့်ရတာပေါ့"

"သိချင်လို့ ဟုတ်လား . . ."

အံ့အားသင့်စွာရေရွတ်မိသည်။ အိတာလို သာမန်ကောင်မလေး တစ်ယောက်ကို ဒီလိုနိုင်ငံခြားသားတွေနေသည့် တိုက်အိမ်လှလှက ခန့်ညားအထက်တန်းဆန်သော ယောကျ်ား တစ်ဦးက စိတ်ဝင်တစားသိလိုလှပါတယ်ဆိုတာ အိပ်မက်ဆန်ဆန် အဖြစ်မျိုးပါပဲ . . .။

အိတာ မယုံကြည်နိုင်အောင်ဖြစ်မိသည်။

"မင်း ကိုယ်နဲ့စကားပြောလို့ အချိန်ပေးနိုင်တယ်မို့လား . . . လာပါ. . ဒီမှာလာထိုင်ပါ. . . ပီဇာမုန့်တွေ ကိုယ်စီစဉ်ထားတယ်. . ကောင်းမကောင်း မြည်းကြည့်စမ်းပါကွလာ . . "

သူက မြက်ခင်းစပ်က သီးသန့်စားပွဲသို့ ခေါ်လာ

ပါသည်။

စားပွဲပေါ်မှာ သစ်သီးဖျော်ရည်နှင့် ပီဇာမုန့်တွေ လှလှပပပြင်ဆင်ထားပြီးသား . . ။

အသားစင်းကောနှင့် ကြက်သွန်နီ၊ ငရုတ်ပွသီး အသားကင်နှင့် ဆလာဖီသဘောမျိုး လုပ်ထားတာရော . .

ပြောင်းဖူးပေါက်စလေးတွေနှင့် သံလွင်သီးအနက်၊ ပဲသီး၊ နာနတ်သီး၊ မှို၊ ကြက်ဥချောင်းတို့နှင့် အနီအနက် အဖြူအရောင်စုံတဲ့ ပီဇာမုန့်လှလှလေးရော . . . စားချင်စဖွယ် စုံလို့ပါပဲ။

သူက မုန့်တစ်မျိုးချင်းကို ပန်းကန်ရှေ့တိုးပြီး . . .

ဒါက "စူပါခေါ်ဘိုး" . . . ဒါက "ရှရင်းဖီး" ဒါက "ချစ်ကင်း စူပရီးမ်" စသည်ဖြင့် အမည်တွေကွဲပြားအောင် ပြောပြပါသည်။

သူရဲ့အင်္ဂလိပ်အသံထွက်က အရမ်းကောင်းတာ အသံ ချည်းပဲနားထောင်မယ်ဆိုရင် ဒါဟာ မြန်မာတစ်ယောက်လို့ ထင်စရာလုံးဝမရှိပါ . . . ရုပ်ကို မြင်မှသာ "သြော်" ဟု တအံ့ တသြ ဖြစ်ရလောက်ပါသည်။

"ဒီတာကို ညည်သည်ကြီးလို တခမ်းတနား ညှို့ခံနေ

တယ် ဟင်း . . ဟင်း . . ”

သဘောကျစွာရယ်မိသည်။

အမှန်အတိုင်း ဖွင့်ပြောပြရရင် ကိုယ့်အပေါ် ဒီလိုဂရုတစိုက် အရေးတယူ ကြင်နာဂရုစိုက်ဟန်နှင့် ယောကျ်ားတစ်ဦးကို နီးနီးကပ်ကပ်မကြုံဖူးခဲ့တာ တကယ်ပါ။

ကိုခန့်တလူကိုကျတော့ အိတာဘက်ကသာ ပေးဆပ်ခြင်းများနှင့် တိတ်တခိုးမေတ္တာပို့ရတာမျိုး မဟုတ်လား. .။

မေတ္တာစေတနာဆိုတာကို အိတာဘဝမှာ အပေးဖက်ကချည်းသာ ရာနှုန်းပြည့်ကြုံဖူးရတာမို့ မေတ္တာအကြင်နာကို မထင်မှတ်ပဲ ရယူလက်ခံရတော့ မနေတတ်အောင် စိတ်လှုပ်ရှားနေမိသည်။

အင်း . . . ဒီလောကကြီးမှာ ငါ့ကို ဒီလိုဂရုစိုက် ဦးစားပေးပြီး အကြင်နာဆန်ဆန် အပြုံးမျိုးနှင့် စိုက်ကြည့်နေတဲ့ လူတစ်ယောက်လည်း ရှိဖူးပြီပဲဟု ကျေနပ်နှစ်သိမ့်ခြင်းတွေ ရင်ထဲပြည့်လျှံနေတာမို့ သူကျွေးတဲ့မုန့်တွေစားလို့တောင် မျိုမကျအောင် ဝမ်းသာလုံးဆို့နေမိသည်။

“စားပါ . . . ဘာလို့လဲ . . စားမကောင်းဘူးလား . . ရှပ်သီးစပ်နေလား . . မင်းကြည့်ရတာ အစပ်ကြောက်မဲ့ပုံပဲ

. . ဟား . . ဟား. . "

"မစပ်ပါဘူး . . . ချိုနေတာပဲ. . "

"တကယ်လား"

"ရှင်ဘာကြောင့် အိတာကို ကြိုသိပြီး ခင်နေတာ လဲဟင်"

"ခင်နေတယ် . . ဟုတ်လား . . ချာတိတ်ရာ . . မင်း သိတာနည်းနည်းလေးပါလား. . ကျွတ် . . ကိုယ်ဘယ်လို ဆက်ပြောရမှန်းတောင် မသိတော့ဘူး . . . "

"အိတာရှင့်ကိုဘာလို့မတွေ့ဖူးတာလဲ . . ဒီလမ်းထဲ မှာနေတာ တစ်လနီးပါးရှိပြီဆိုတော့ တခါလောက်ဖြစ်ဖြစ် မြင်နေ ထားသင့်တာပေါ့ . . နော်"

"မစွဲလို့ မတွဲမိတာပါ . . အချစ်က မင်းအနားမှာပါ. . စိတ်မရှိလို့မရိပ်မိတာပါ. . အချစ်က မင်းအနားမှာပါ. . "

သူက ရယ်ရယ်ပြုံးပြုံးနှင့် သီချင်းတပိုင်းတစလောက် ဆိုပြပါသည်။

သူပုံစံက အလွန်လွတ်လပ်ပေါ့ပါးစွာနေတတ်ပုံ။
ကိုယ်တိုင်လည်း စိတ်ချမ်းသာအောင်နေမည်။
သူတစ်ပါးကိုလည်း ဖြစ်တဲ့နည်းနဲ့ စိတ်ချမ်းသာမှုကိုသာ

မရအရ လက်ဆောင်ပေးမည်ဆိုတာ မပြောပဲနှင့်သိသာနေ
တော့တာ။

အဲဒီတာ ကံကောင်းလို့ သူနဲ့ဆုံရတယ်ဆိုတာ တထိုင်
တည်းနှင့် ယုံကြည်သွားရပါသည်။

တစုံတစ်ယောက်ကို တခဏနှင့် မြန်မြန်ဆန်ဆန်
ယုံကြည်မှုရဖို့ဆိုတာ မလွယ်ကူပါ။

"ကိုယ့်အကြောင်းတွေ သိချင်လား . . ."

"ရှင်ပြောပြရင်တော့ နားထောင်မှာပေါ့ . ."

"တော်တော်စိတ်ဝင်စားတာပဲကွာ . . အားရှိစရာပဲ. ."

"ဟင်း . . ဟင်း . ."

သူ့မရယ်နေပုံလေးက ပွင့်လင်းလွတ်လပ်ပြီး ကလေး
ဆန်သည်။

တခြား မိန်းကလေးတွေလို ဟန်မူယာတွေအပိုမလုပ်။
ဒါကြောင့်လည်းပဲ သူကလေးကို ရင်ထဲမှာ အပိုင်သိမ်းထားလိုက်
ချင်မိတာ . . . ။

ဘယ်လို နောက်ကြောင်းမျိုးပဲရှိရှိ . . လက်ရှိ
လွတ်လပ်ရင်ပြီးရော . . . ကိုယ့်ကိုသိပ်မချစ်လည်းပဲ ကိုယ်က
ချစ်နေရရင် ကျေနပ်နိုင်ပါသည်။

"ကိုယ့်ဘဝက နည်းနည်းတော့ အထီးကျန်ဆန်တယ်ကွ. . ."

"ဟုတ်လို့လား . . အထီးကျန်သမားတွေက ရုပ်တည်ကြီးနဲ့ အေးစက်စက်လို့ကြားဖူးတာ. . . ရှင်ကတော့ ပြုံးနေတာပဲ. . လောကကြီးကို ကျေနပ်နေတဲ့ပုံနဲ့ . . ။

"ဩော်. . . ဒါကတော့ ဘာမကျေနပ်စရာရှိလဲကွာ . . ကိုယ်ကပေးထားတဲ့ဘဝအခြေအနေမှာ ပျော်ပျော်ပဲ နေတတ်လို့ပါ. . ။ ကိုယ့်မှာအမေမရှိဘူး. . အဖေတစ်ခုသား တစ်ခုပဲ . . . ကိုယ့်ဒက်ဒီက ဩစတြေးလျမှာ . . ကိုယ်က ဒီကို ကုမ္ပဏီရုံးခွဲဖွင့်ဖို့ ကိစ္စနဲ့ ရောက်နေတာ . . အိမ်ကိုတော့ တနှစ်စာငှါးလိုက်တယ် . . . တကယ်လို့ ကိုယ်ကြိုက်တဲ့ မိန်းကလေးတွေ့လို့ လက်ထပ်ဖြစ်ရင်လည်း အဆင်ပြေပြေနေနိုင်အောင်လို့ပေါ့ကွာ . . ."

"ဒါဆို ရှင်က လူပျိုကြီးလား . ."

" ဟ . . ဒီအရွယ်လူပျိုကြီးလား. . မနေ့တနေ့ကမှ သုံးဆယ့်ငါးပြည့်တာပါ . . အဲဒီတာနဲ့ သိပ်အများကြီးမကွာပါဘူး . . ဆယ့်သုံးနှစ်လောက်လား . . ဟား . . ဟား. . "

သူကပြောပြီး ခေါင်းမော့ရယ်သည်။

"အမှန်အတိုင်းပြောရရင် . . သင်တန်းဖွင့်ပွဲတစ်ခုမှာ မင်းအစ်မကို ကိုယ်စတွေ့တာ. . ."

"ဟင် . . တကယ် . . ရှင်နဲ့ မမရည်မွန်နဲ့ သိတယ် ဟုတ်လား"

ဒိတာ မျက်နှာပျက်သွားသည်။

သူမဟာ ဘယ်သောအခါမှ မမရည်မွန်ထက် ရှေ့တနေရာစာကို မရနိုင်တော့ဘူး ထင်ပါသည်။

ပြုံးရယ် ကျေနပ်နေသော ဒိတာမျက်နှာလေးမှာ အလိုလိုငယ်သွားရ၏။

"သိတယ်လို့ ကိုယ်မပြောပါဘူး . . မြင်ဖူးရုံပါ. ."

"မမရည်မွန်က လှတယ်"

"လှတယ်ဆိုတာ ကိုယ်မငြင်းပါဘူး . . . ဒါပေမဲ့ သူ့ကို ကိုယ်လုံးဝမကြိုက်ဘူး . . မင်းကတော့ သူလောက် မလှဘူး ဒါပေမဲ့ မင်းမျက်နှာလေးက သိပ်အပြစ်ကင်းပြီး ဆွဲဆောင်မှု ရှိနေတယ်ဆိုတာ မင်းမသိဘူးလားဟင် . . ဒီနေ့ကစပြီး မင်းအစ်မနဲ့ ယှဉ်ပြီး အားငယ်စိတ်မျိုးဝင်နေတာရှိရင် ဖျောက်ပစ်လိုက်တော့ . . ကြားလား . ."

သူအားပေးသောအခါ တသက်လုံးက မရှိဘူးသော

ခွန်အားတွေ အိတာရင်ထဲတိုးဝှေ့လို့ဝင်ရောက်လာသည်။

"ဒါပေမဲ့ အိတာက မွေးစားသမီးဆိုတာ ရှင်သိရဲ့လား"

"အပား . . မင်းက ကိုယ်ထင်တာထက်ပိုပြီး မှင်သေ့နေပါလား . . ၊ မွေးစားသမီးဆိုတော့ ဘာဖြစ်လဲ . . အဲဒီအတွက် မင်းကိုနှိမ့်ချဆက်ဆံတဲ့သူရှိလား . . ရှိရင် ကိုယ့်ကိုပြော . ."

နောက်တီးနောက်တောက်ဆိုလိုက်ပေမဲ့ ထိုစကားလေးက အိတာကိုကြည်နူးစေနိုင်သည်။

"မင်းဖက်မှာ ကိုမိုးနိုင်တစ်ယောက်လုံးရှိပါတယ်ကွာ ဘာအကူအညီလိုလဲပြော . . တိုင်ပင်ချင်တာရှိရင် လာတိုင်ပင် . . ရည်းစားထားဖို့ကလွဲရင် ဘာမဆိုတိုင်ပင်လို့ရတယ်"

မိုးနိုင်က သူ့စကားသူရယ်လိုက်သည်။

ဒီကောင်မလေး ကိုယ့်ဘေးနားရောက်လာရုံနှင့် စိတ်တွေက အလိုလိုပျော်ရွှင်သာယာမိတာ ဆန်းနေသည်။

သူ့ဘဝမှာ ခပ်ငယ်ငယ်တုန်းက သိပ်ချစ်သော ရည်းစားတစ်ယောက်တော့ ရှိခဲ့ဖူးတာ အိတာထံ သူဝန်ခံချင်သည်။

ပြီးတော့ နိုင်ငံခြားမှာတုန်းက တွဲဖူးတဲ့ မိန်းကလေးတွေ ရှိခဲ့တာလည်း မညာချင်ပါ။

ဒါပေမဲ့ သူဟာသူ့အနားမှာ မိန်းမတစ်ယောက်မရှိလို့ မဖြစ်ဘူးဟု အစွဲအလန်းကြီးသူတစ်ယောက် မဟုတ်ခဲ့တာတော့ သေချာပါသည်။

မိန်းမဆိုတာ သူ့အတွက် အရေးမကြီးသောအရာပါ။

သူမယုံကြည်သောအရာလည်းဖြစ်၏။

"ပြော . . . မင်းမှာရည်းစားရှိလား. ."

"ဘာလို့မေးတာလဲ"

"မရှိသေးရင် ကြိုကြိုတင်တင် ပရိုပို့စ်လုပ်ထားမလို့ပါကွာ . . ."

သူက ပြုံးစိစိနှင့် ငေးစိုက်ကြည့်ကာဆို၏။

အိတာ ရှက်စနိုးအကြည့်လွှဲဖယ်ရင်း . .

"အခုမှ သိကြတာကိုများ . ."

" ကိုယ်သိနေတာကြာပြီပဲ"

"ကောင်မလေးတွေ ဘယ်နှစ်ယောက်ကို အဲလိုပြောထားသလဲ . . ."

"ရည်းစားစကားပြောတာလား . . တာဝန်နဲ့ ဝတ္တရားအရ ယောက်ျားလေးဖက်ကစပြီး ချစ်ခွင့်ပန်ရတဲ့သဘောပါ . . သိပ်လည်းမများပါဘူး . . မင်းနဲ့ပါဆို . . အင်း . . အားလုံး

ပေါင်းရင် လေးဆယ့်ခြောက်ယောက်. ."

"သွား . . လာမနောက်နဲ့နော်. ."

" လေးဆယ့်ခြောက်ယောက်တော့ မရှိပါဘူး . . သူရဲ့တစ်ဝက်လောက်ပါ . . ကိုယ်နည်းနည်းပိုပြောထားတာ မယုံနဲ့ကွ . . သိလား . ."

"ပေါ့တီးပေါ့ပျက်နဲ့. . ."

"ဟ . . ဘယ်နဲ့ပေါ့ရမလဲ. . ၊ ပြောမလို့ စဉ်းစားထားတာကြာပြီ. . မင်းဆီ ဆက်သွယ်ဖို့ပဲ ကိုယ်တစ်ချိန်လုံးတွေးနေတာ . . ရည်းစားစကားပြောတယ်ဆိုတာ လွယ်တယ်မထင်နဲ့ ချာတိတ်ရေ. . ယောကျာ်းလေးတွေအတွက် ခက်ခဲတဲ့ ကိစ္စထဲမှာ ချစ်တယ်လို့ ပြောရတာထိပ်ဆုံးကနေ အခက်ဆုံးကိစ္စပဲ. . အတော်ကြီးကြိုးစားမှ ပြောရဲတာပါ . . အထင်မလွဲနဲ့. . ကိုယ်ကခက်တဲ့ စကားကို လွယ်အောင် တမင်ပြောလိုက်တာ. . အဲဒါကို ပေါ့တီးပေါ့ဆလို့ မတွက်နဲ့နော်. . မင်းမှားသွားလိမ့်မယ် . . ကိုယ့်ဖက်က အလေးအနက် အမှန်အကန်ပြောတာပါ . . မင်းမယုံရင် ကိုယ့်အကြောင်းကို ကြိုက်သလိုစုံစမ်း. . အချိန်ယူပြီး လေ့လာချင်တယ်ဆိုလည်း ရတယ် . ."

"ဒါပေမဲ့ ကိုယ့်ကိုတနေ့တကြိမ်တော့ တွေ့ခွင့်ပေးပါ မင်းကိုမြင်ရမှ ကိုယ်စိတ်ချမ်းသာလို့ပါ. ."

"အပိုတွေပါ"

အိတာ သူ့ကိုတရင်းတနှီးမျက်စောင်းရွယ်မိတော့သည်။

အိတာကိုမြင်ရမှ စိတ်ချမ်းသာမယ်တဲ့လေ . .

အိတာကရော . . ဘယ်သူ့မျက်နှာကို မျှော်လင့်ရ ့ းဆွတ်စွာ မြင်တွေ့ချင်မိသလဲ။

ကိုခန့်တလူ . .။

အိတာကို ရှင်မဟုတ်တဲ့ ယောကျ်ားတစ်ဦးက ချစ်ခွင့်ပန်နေပြီ။

အိတာပျော်ရမလား . . . စိတ်ညစ်ရမလားဟင် . .။

အချစ်ဆိုတာ တစ်ယောက်ယောက်ကို အစားထိုးလိုက်ရင် ခံစားနေရသမျှ ရင်ထဲပေါ့ပြီး သက်သာရာရသွားမလား။

အိတာ သိချင်လိုက်တာ. . .။

"ဟော့. . ဘယ်လိုလဲ . . ဘာတွေစဉ်းစားနေတာလဲ"

"မစဉ်းစားပါဘူး. ."

"မင်းမျက်လုံးလေးတွေက တစ်ခုခုကို စဉ်းစားလိုက်သလိုပဲ . . မင်းသဘောကျနေတဲ့သူတော့ မရှိလောက်ပါ

ဘူးနော်"

သူက လူကဲခတ်ကျွမ်းကျင်ပါးနပ်ပုံရသည်။

တစ်ယောက်သောသူကို သတိရမိတယ်ဆိုတာ သူက အကဲခတ်နိုင်သည်လေ . . ။

အိတာကပဲ သိပ်သိသာနေလို့များလား . . . ။

နှုတ်ခမ်းလေးကိုက်ကာ ရှက်ဟန်နှင့် ကိုယ်လေးဖက် လိုက်ပုံက မိုးနိုင်ရင်ထဲကို ထိရှစေပါသည်။

ကိုယ့်ထက်ဦးသူရှိနှင့်ပြီးသားလား . . ။

ကိုယ်ဟာအမြဲတမ်း နောက်ကျတတ်သူ ဖြစ်နေမှာပဲ လား . . ။

မိုးနိုင်က သက်ပြင်းတစ်ချက်နှင့် အကြည့်လွှဲပြီးမှ သူ ကလေးမျက်ဝန်းကို မကြည့်ပဲလည်း မနေနိုင်တာကြောင့် ပြန်လည်စိုက်ကြည့်မိတာ . . .

"ရည်းစားရှိပြီးသားပေါ့ . . ဟုတ်လား . . "

"ဘယ်သူပြောလဲ"

"ဒါဆို မရှိသေးဘူးလား . . "

"အဲလိုလည်း မဟုတ်ဘူး . . "

"ကိုယ်နားမလည်ဘူး. . "

"ဒီတာလည်း သေချာမပြောတတ်ဘူး . ."

"လွယ်လွယ်လေးကိုကွာ . . ကိုယ်အသဲကွဲအောင်တော့ မလုပ်လိုက်နဲ့နော် . . ကိုယ်ငိုမိမှာ . ."

သူပြောပုံအမူအယာကြောင့် ဒီတာက နှုတ်ခမ်းလေးကို ကွယ်ပြီး ဟက်ဟက်ပက်ပက် ရယ်မိသည်။

ငိုမယ့်ရုပ်ကြီးတဲ့လေ . .။

ယုံချင်စရာပဲ။

"ရယ်တယ်ကွာ . . ကိုယ်က ရယ်စရာကောင်းတဲ့လူကြီးပေါ့နော် . . . ဟား . . ဟား . ."

"ငိုမယ်ဆိုလို့ပါ . ."

"ကိုယ့်ရုပ်က မိန်းကလေးတစ်ယောက်အတွက် ခံစားချက်မရှိတဲ့ရုပ်ကြီး ဆိုပါတော့ . . ."

"မဟုတ်ဘူးလား"

"ဟုတ်ပါတယ်"

သူကခေါင်းဆတ်သည်။

"အရင်တုန်းကတော့ ကိုယ်သိပ်အလေးအနက်မထားတာ ဝန်ခံပါတယ် . . ဒါပေမဲ့ အခုမင်းနဲ့ကျတော့ . ."

"အလေးအနက် ထားမိပြီလို့ပြောရင် သိပ်စောနေမှာ

ပေါ့ . . ကိုမိုးနိုင်ရယ်. . "

"မင်းက မယုံနိုင်သေးပဲကိုး. . "

"ဟင့်အင်း . . အရမ်းယုံလိုက်မိတာ ဒါအမြန်ဆုံးပဲ"

" မင်းပေးတဲ့ အဆင့်နဲ့ ကိုယ်ကျေနပ်ပါတယ် . . မိတ်ဆွေတစ်ယောက်လို သဘောထားပေးမယ်ဆိုရင်တောင် မဆိုးပါဘူးကွာ"

သူက စိတ်လျှော့လိုက်သလို ရေရွတ်၏။

"ရှင့်ကို ခင်ပါတယ်"

"ဒါဆိုရင် အိမ်လာလည်လို့ရမလား. . "

"ရပါတယ် . . မေမေတို့နဲ့ မိတ်ဆက်ပေးမယ်. . "

"ကိုယ်ကလည်း တိတ်တိတ်လေးချိန်းတွေ့ခွင့်ပဲ တောင်းမှာမဟုတ်ပါဘူး . . လူကြီးတွေကတဆင့် ဂုဏ်သိက္ခာရှိရှိ ပတ်သက်ခွင့်မျိုးလိုချင်တာပါ. . "

သူတကယ် အတည်ကြီးပြောနေတော့ အိတာရင်ထဲ အံ့ဩရှက်ရွံ့စွာ မယုံနိုင်သလိုကြီးဖြစ်နေသည်။

တန်ဆောင်မုန်းလပြည့်ညရဲ့ ညဦးပိုင်းလေးက သာယာစိုပြေသလို အိတာနှလုံးသားမှာလည်း ချမ်းမြေ့ကြည်လင်စွာ ပျော်ရွှင်မှုတွေ ကိန်းဝပ်လာရသည်။

ကိုယ့်အပေါ် ချစ်ခင်ကြင်နာသူ တစ်ယောက်ရှိလာသောအခါ အိတာရင်ထဲ စောစောတုန်းကလို အားငယ်မနေတော့ပါ . . ။

ထူးဆန်းတာကတော့ သူ့မျက်နှာကို မော့ကြည့်ပြီး သူ့စကားတွေနားထောင်နေမိဆဲမှာတောင် စိတ်တွေကလှစ်ခနဲ အဝေးသို့ပြေးကာ တစ်ချက်တစ်ချက် ကိုခန့်တလူကို လွမ်းဆွတ်သတိရမိသေးတာပါပဲ။

အချစ်ဆိုတာ အိတာ နဂိုကထင်ထားခဲ့တာထက်ပိုပြီး ဆန်းကြယ်ရှုပ်ထွေးနေသည်ကတော့ သေချာပါသည်။

\+ + +

ခန့်တလူက မြင်လိုက်ရသော မြင်ကွင်းကြောင့် ကား
အရှိန်ကို လျှော့ချကာ မမှိတ်မသုန် စိုက်ကြည့်မိသည်။
အိတာနှင့် သူတခါမှ မမြင်ဖူးသော လူတစ်ယောက်
အရပ်မြင့်မြင့်နှင့် ခန့်ညားသောပုံစံရှိသည်။ အိတာက မော့်ကြည့်
ပြီး ရယ်နေလိုက်တာ ပတ်ဝန်းကျင်ကိုပင် မေ့လျော့နေတဲ့ပုံ။
အိတာလက်ထဲမှာ အဖြူရောင် အသဲပုံပူပေါင်းကလေး
တစ်ခုကို ကိုင်ထားသည်။
သူတို့ မနေ့က ပြန်ရောက်ပေမယ့်၊ အိတာက အိမ်မှာ
မရှိ။ ခရီးလမ်းတလျှောက်လုံးမှာ သူ အိတာကို သတိရသည်၊

အိတာအတွက် အမှတ်တရ ဖြစ်စေမည့် လက်ဆောင်ကလေး တွေလည်း ဝယ်လာခဲ့သည်။

ပြန်ရောက်ရောက်ချင်း အိတာကို မမြင်ရတော့ ရင်ထဲမှာ လစ်ဟာသွား၏။

" သမီးငယ် မရှိဘူး အဖေကြီးရဲ့-"

ရည်မွန်မေမေစကားက သူ့ကို စိတ်ပျက်စေသည်။

" အိတာက ဘယ်သွားလဲ မေမေ"

" မေမေ လွှတ်လိုက်တာပါ ကိစ္စရှိလို့"

အိမ်ထဲရောက်တာနှင့် ရည်မွန်ရော ဦးလေးပါ အိတာကိုပဲ မေးကြရှာကြတာပါ။

သူကတော့ ပွင့်ပွင့်လင်းလင်း မေးခွင့်မသာ။ စိတ်ထဲက တွေ့ချင်ဇောနှင့် မျက်လုံးက ဖွေရှာပေမယ့် အရိပ်အရောင်ပင် မမြင်ရပါ။

ရည်မွန့် မေမေက ပြောပြလိုက်သောအခါ အိတာရှိမနေတာ သေချာသွားသည်။

ခန့်တလူ သက်ပြင်းတစ်ချက်ချမိသည်။

" ကိုတလူ မောနေပြီလားဟင်"

သူ သက်ပြင်းချလိုက်တာ ရည်မွန်တောင် ကြားသွား

ခဲ့ပြီး။ သူ့အတွက် သစ်သီးဖျော်ရည်တစ်ခွက် အပြန်စီစဉ်ပေးခဲ့သည်။ ခန့်တလူက အအေးဖန်ခွက်ကို လှမ်းယူပြီးသောက်မိပေမယ့် ရင်ထဲ အေးမသွား။ ပူမြဲ ပူနေသည်။

အိမ်ကို တန်းမပြန်ပဲ သည်ကိုအရင်လိုက်လာခဲ့သည်။ အီတာမျက်နှာကလေးကို မြင်ချင်လွန်းလို့ပါ။

သို့ပေမယ့် သူ့ဆန္ဒမပြည့်။

" ကိုတလူ ပြန်ချင်ရင်ပြန်လေ. . ရည်မွန်ခေါ် လာမိတာ မှားသွားပြီ. . ကိုတလူ နားချင်ရောပေါ့"

" ရပါတယ်"

ရည်မွန်က အလိုက်သိစွာ ဆိုလာသည်။

သူမောတာက အီတာကို တွေ့ခွင့် မရလို့ပါ။

အဲဒါ ဘယ်သူမှ မသိ။ သူတစ်ယောက်တည်းပဲသိသည်။ ခန့်တလူကို ရည်မွန့် မိဘတွေက ရည်မွန့် ချစ်သူတစ်ယောက် အဖြစ် သတ်မှတ်ထားခဲ့ပါပြီ။

ရှုန်းဖို့ ကြိုးစားလေ ပိုပြီး နစ်လေ။ သူ့အဖြစ်က မလွယ်။ သူ အီတာကို ဆုံးရှုံးဖို့ ရာခိုင်နှုန်းများ နေခဲ့ပြီ။

သည်အနေအထားမျိုးမှာ အီတာဘက်ကလည်း ရှေ့တိုးဝံ့မှာ မဟုတ်တော့ပေ။

သူ ထပ်ပြီး စောင့်မနေတော့ပဲ ပြန်လာခဲ့သည်။ နောက်တနေ့ မနက်မှ လာတော့မည်ဟု ဆုံးဖြတ်ခဲ့သည်။

ဟော . . . အခု သူရောက်လာတော့လည်း ဘဝင်မကျစရာ မြင်ကွင်းတစ်ခုက ဆီးကြိုလို့ နေပါသည်။ ကားကို အိတာတို့ နှစ်ဦးဘေးမှာရပ်ပြီး ခေါင်းပြူထွက် နှုတ်ဆက်လိုက်သည်။ ဘယ်လိုပဲ ဖြစ်ဖြစ် အိတာကို မြင်ရတာ ရင်ထဲ အေးမြသွားရသည်လေ။

" အိတာ "

" ဟင် . . . ကိုကြီး"

တအံ့တသြနှင့် ပွင့်ဟသွားသော နှုတ်ခမ်းလေးနှင့် တဖျတ်ဖျတ်လက်ဖြာ သွားသော မျက်လုံးကလေး။

" မနေ့က အိတာမရှိဘူး"

" ဟုတ်ကဲ့ မေမေခိုင်းလိုက်လို့"

ခန့်တလူက အိတာရှေ့က ပုဂ္ဂိုလ်ကို တချက်ကြည့်သည်။

" အဟင်း . . မိတ်ဆက်ပေးရအုံးမယ်။ ကိုကြီး ဒါ အိတာသူငယ်ချင်း ကိုမိုးနိုင်တဲ့ . . ကိုမိုးနိုင် သူက မမရည်မွန်ရဲ့ သူငယ်ချင်း ကိုခန့်တလူတဲ့ "

မိုးနိုင်က သူ့ကို လက်ကမ်းပေးတော့ မလွှဲမရှောင်သာ လက်ဆွဲနှုတ်ဆက်ရပေမယ့် သူ့ရင်ထဲမှာ မခံချိမခံသာ ထိုလူကို သူမကြိုဆိုချင်။ သူ မလိုလား။ အိတာနှင့် အတူတူ ယှဉ်တွဲ မမြင်ချင်။ သူအရမ်း အူတိုမိသည်။

သူ့စိတ်ကို သူ တိတိကျကျမြင်လာသည်။

အိတာကို သူ ဘယ်လောက်ထိ အလေးအနက်ထား နေမိသလဲ စွဲလန်းတမ်းတနေမိသလဲ။ အခုလို အိတာဘေးမှာ သူစိမ်း ယောကျ်ားတစ်ယောက်ကို နီးနီးကပ်ကပ် ရင်းနှီးကျွမ်းဝင်စွာ မြင်ခဲ့ရရင်ဆိုတာမျိုးကို သူတစ်ခါမှ ကြိုမတွေးထားခဲ့ပေ။

သူ့ရင်ကို ဤမျှ ထိခိုက်နာကျင်စေလိမ့်မည်ဆိုတာ။

" တွေ့ရတာ ဝမ်းသာပါတယ် ကျွန်တော်တို့ ခင်မင်သိကျွမ်းရတာ သိပ်မကြာသေးဘူး. . . တစ်လမ်းထဲမှာနေပြီး မတွေ့ဖြစ်ကြဘူးဗျာ"

အတွေ့နောက်ကျလေခြင်းဟု မိုးနိုင်က နောင်တကဲ နေပြန်သည်။ သူ့စိတ်ထဲမှာ အပူငွေ့ ဟပ်နေပါပြီ။

အိတာကို ရှင်းရှင်းမေးချင်သည်။

ဘယ်သူလဲ၊ ဘယ်အတိုင်းအတာထိ ရောက်နေကြပြီ ဆိုတာ။ သူမခံစားနိုင်။ သဘောထားမကြီးနိုင်။

" ဟင် "

" ကိုကြီး အီတာအတွက် လက်ဆောင်လေးတွေ ဝယ်လာတယ်"

အီတာက ဆတ်ကနဲ ခေါင်းညိတ်သည်။ ကြည့်ရတာ မိုးနိုင်ကိုထားခဲ့ပြီး သူနှင့် အိမ်ထဲလိုက်ဝင်မည့်ပုံမရ။ ခန့်တလူ ကားထဲက ဆင်းလိုက်သည်။

မိုးနိုင်ကို လက်ဆွဲနှုတ်ဆက်ဖို့ပင် သူကားထဲက ဆင်းတာ မဟုတ်ပါ။ အီတာကို သူနှင့် အတူတကွ အိမ်ထဲဝင်စေချင်လို့သာ။ အီတာနှင့် မိုးနိုင်ကို ဆက်ပြီး စကားမပြောစေချင်။ အကြောင်းမရှိ အကြောင်းရှာလျှက် ပါအောင်ခေါ် ရပါမည်။

" ကိုကြီးရေ . . . စားပွဲပေါ် ထားခဲ့လေ။ စန္ဒရားဘေးက စားပွဲပေါ် ထားခဲ့ပါ။ ရတယ် "

အီတာက ချက်ချင်းဆုံးဖြတ်လိုက်၏။ သူက ကားတံခါးပိတ်ပြီး ဟန်မပျက်ပြုံးကာ . . .

" ခင်ဗျားက ဘယ်ခြံကလဲ" ဟုမေးမိပါသည်။ သူတို့ ခရီးသွားနေစဉ် ရက်ပိုင်းအတွင်း မြန်မြန်ဆန်ဆန် သူငယ်ချင်းတစ်ယောက် ရသွားလိမ့်မည် မထင်ခဲ့ပါ။

ပြီးတော့ ထိုသူငယ်ချင်းက ခန့်တလူထက် မသာလျှ
တောင် မညှံ့ပါ။ ကြည့်ရတာ ပညာတတ် အဆင့်အတန်းရှိပုံရ
ဖြစ်ပုံပါ။ ပြီးတော့ အိတာကို မြတ်မြတ်နိုးနိုး ဟန်ပန်က အထ
သား။ လုံးဝ မထင်ခဲ့ပါ။ မျှော်လင့်မထားခဲ့ပါ။ ဖြုန်းစားကြီး
အိတာဘေးကို ရောက်လာတာ။

“ ကိုခန့်တလူကို တစ်ရက်လောက် အိမ်ခေါ်ပါ့မယ်၊ မရည်မွန်နဲ့ အတူတူလေ ” ဟု မိုးနိုင်က ဖော်ရွေစွာဆို၏။

သူ့အိမ်လည်းမရောက်ဖူးချင်။ သူ့အကြောင်းတွေလည်း မသိချင်။ လုံးဝကို စိတ်မဝင်စား။ အိတာနှင့် ကင်းကင်းနေဖို့ပဲ မျှော်လင့်သည်။ အိတာဘေးမှာ သူ့ကို မမြင်ချင်။ မြင်နေရတာ မျက်စိစူးသည်။ သူ့အတွက် အင်မတန် ရုပ်ဆိုးသော မြင်ကွင်းပါ။ လောဘကြီးတယ်ပဲ ဆိုချင်ဆို အိတာကို သူချစ်သည်။ သူမဟုတ်သော တခြားတစ်ယောက် အိတာအနားမရှိစေရ။

ထိုလူ ဘယ်လိုလုပ်ပြီး အိတာနှင့် သိသွားသလဲ။ အိတာက စကားမဆိုပဲ ပြုံးနေသည်။

တခဏလေးအတွင်းမှာ သူငယ်ချင်းတစ်ယောက်ရသွားတာ သိပ်မလွယ်လွန်းဘူးလား။

အကြောင်းမသိဘာမသိ . . . သူငယ်ချင်းဖြစ်

ရောလား။

“ ကျွန်တော်တို့ ကော်ဖီဆိုင်သွားမလို့ ကိုခန့်တလူ လိုက်အုံးမလား” ဟု မိုးနိုင်က ခေါ်လိုက်သည်။

အိတာက သူနှင့် အိမ်ထဲမဝင်ပဲ အပြင်လိုက်ဖို့ ပြင်ဆင် ထားပုံရလေသည်။

အောင့်သက်သက်နှင့် လက်လျှော့ကာ အိမ်ထဲဝင်ခဲ့ ရပေမယ့်။ စိတ်ထဲမှာတော့ မုန်တိုင်းတစ်ခု တိုက်ခတ်နေပြီ။

“ ကိုတလူ . . စောသားပဲ ”

ရည်မွန်က အပြုံးမပျက်ကြိုပေမယ့် သူ့မျက်နှာက မှုန်တင်းတင်း မကြည်မသာ။ သူအရမ်းစိတ်တိုနေသည်။ ဘယ်သူ နှင့်မှ စကားမပြောချင်။

ပေါက်ကွဲချင်သော ဒေါသစိတ်ကို ချုပ်ထိန်းကာ ဟန်မ ပျက်ထိုင်ချလိုက်ရသည်။

“ ခဏလေးနော်. . . ရည်မွန် အကျႌလဲအုံးမယ်”

ရည်မွန်ကတော့ သူ့ကိုမြင်လိုက်ရတာ ကျေနပ်သွားပြီ။ ရည်မွန်နှင့် သူကားနှင့် ထွက်လာတော့ လမ်းထိပ်မှာ အိတာ တို့နှင့် ဆုံသည်။ အိတာက တစ်ချက်ပဲ လှည့်ကြည့်ပြီး တစ်ခါမှ မသိသူတွေလို ခပ်အေးအေးစတိုင်။

" အိတာက သူငယ်ချင်းအသစ်ရနေပြီ ကိုတလုရဲ့" ရည်မွန်က သဘောကျသလိုဆိုသည်။

" သူ သိပ်ပျင်းနေရှာတာ" ဟု ထပ်ပြီး ရှင်းပြသည်။

" အဲဒီ တစ်ယောက်က အိတာကို တော်တော်ခင်တ ညတုန်းက အိမ်ကို လာသေးတယ်။ ပြန်သွားတော့ ဖုန်းပြန်ဆက် ရော. . . ဖုန်းပြောနေတာ အကြာကြီး . . . မေမေက မေးမေ ပြီ။ အိတာကို ရိုးရိုးလား ဆန်းဆန်းလားတဲ့။"

မကြားချင်တာတွေ ဆက်တိုက်ကြားနေရသည်။

မမြင်ချင်တာတွေ ထပ်ပြီးမြင်ရသေးသည်။

သည်မနက် သူကံမကောင်းပါ။

" အိတာက ရိုးရိုးပါလို့ ပြောတာပဲ"

ရည်မွန်က သူ့ကို စေ့စေ့ကြည့်ကာ . . .

" ကိုတလု ဘာဖြစ်လို့လဲဟင် " ဟု သတိထားမိသွား သည်။

" ဘာမှ မဖြစ်ပါဘူး"

" လမ်းမှာ ဘယ်သူနဲ့ စကားများလာလို့လဲ"

သူ့ကို နားမလည်နိုင်သလိုနှင့် ရည်မွန် တိတ်ဆိတ် သွား၏။

ကိုကြီး ခံနိုင်ရည် မရှိဘူး အိတာရယ်။

သဝန်တိုလွန်းလို့ ရူးတော့မယ်။

လိပ်ပြာလွင့် မတတ် တုန်လှုပ်ချောက်ခြားရပါတယ်။

ကိုကြီး ရှေ့မှာ တခြားတစ်ယောက်နဲ့ မတွဲပါနဲ့ အိတာ။

လေပူတချက်ကို ခက်ခဲစွာ မှုတ်ထုတ်သည်။

ရည်မွန်က ခန့်တလူကို စကားမဆိုတော့ပဲ ငြိမ်နေ ငိုင်၏။

သူ့မျက်နှာ သည်လောက် ခက်ထန်အေးစက်နေတာကို မမြင်ဖူးခဲ့ပါ။ ကိုတလူ ဘာဖြစ်လာပါလိမ့်။

အိတာတို့ ရှေ့ကနေ ကားကို ဝူးကနဲ မောင်းထွက်ခဲ့ပေမယ့် လှည့်မကြည့် နှုတ်မဆက်။ ရည်မွန်က တမျိုးလေး ဖြစ်သွားသည်။ ကိုယ့်ညီမကို လမ်းမှာတွေ့တာစကား ပြောသင့်တာ။ ကိုတလူက သူ့ ဒေါသနှင့်သူ ဘာမှ ဂရုမစိုက်။

မိုးနိုင်က ဝူးကနဲ ဖြတ်သွားသော ကားကို လှမ်းကြည့်ပြီး အိတာကို တချက်လှည့်ကြည့်သည်။

အိတာ နှစ်သက်သဘောကျနေခဲ့တာ အဲဒီလူပဲ ထင်ပါသည်။ မရည်မွန်၏ချစ်သူ ကိုခန့်တလူပဲ ဖြစ်ဖို့များသည်။

ခန့်တလူကို မြင်တော့ အိတာ မျက်လုံးကလေးတွေ

စိုလက်သွားလိုက်တာ သူသတိပြုမိသည်။

ဖွင့်ဟာမေးဖို့ ဝန်လေးအားနာစွာနှင့် နှုတ်ဆိတ်နေမိသော်လည်း မယ့် ရင်ထဲမှာ နားလည်သည်။

" အော် အိတာရယ်"

မိုးနိုင်က ဂရုဏာဖြစ်မိသည်။ အိတာ ရင်ထဲမှာ ဝေဒနာ ရှူးတစ်ခု စိုက်ဝင်နေတာ သူသိသည်.

" အိတာ "

" ဟင် "

" မရည်မွန်တို့က လမ်းမှာ တွေ့ရင် မခေါ်ဘူးလား"

" မဟုတ်ပါဘူး ခေါ်ပါတယ် "

အိတာ ပုံစံလေးက အရာရာကို ဖုံးကွယ်ဖာထေးပြီး ဘယ်သူမှ မရိပ်မိအောင် လျှို့ဝှက်ထားမည့်ပုံ။

သူကလည်း မသိချင်ယောင်ဆောင်ပေးဖို့ အဆင်သင့်ပါ။ မသိချင်ယောင်ဆောင်ချင်တာမဟုတ်။ တစ်သက်လုံး တစ်ကယ်ပဲ မသိချင်။ မြတ်နိုးရသော အိတာကို အဖြူစင်ဆုံး ဖြစ်စေချင်သည်။

" သူတို့ ဘာဖြစ်လဲ မသိပါဘူး "

အိတာက မရေမရာနှင့် ထင်ကြေးပေးသည်။

မိုးနိုင် စိတ်ပူတာက ကို ခန့်တလူ၏ အေးစက်မာကျောသော မျက်နှာကိုပါ။

သူ့ကို မလိုလားသလို ကြည့်သည်။ အိတာနှင့် ခန့်တလူ ဘယ်လိုပတ်သက်ပါလိမ့်။ မရည်မွန်ဘေးမှာရှိနေပြီး အိတာ၏ ကိုယ်ရေးကိုယ်တာကိစ္စကို ဝင်စွက်ဖက်ချင်သေးတာလား။

သည်လိုဆိုရင် လွန်လွန်းသည်။

သူက ဘာလို့ ခန့်တလူကို ကြောက်ရမှာလဲ။

မိုးနိုင်ကလည်း ရှေ့ဆက်တိုးဖို့ သတ္တိရှိရှိ ဆုံးဖြတ်ထားခဲ့ပြီးသားပါ။

သူလွယ်လွယ်နှင့် နောက်မဆုတ်ချင်ပါ။

\+ + +

" အိတာ . . . ကိုကြီးမေးတာ အမှန်အတိုင်း ဖြေမ
ပါ။"

ခနဲ့တလူက စိတ်မရှည်သံနှင့် မေးသည်။

" သူငယ်ချင်း . . . ဘယ်နှစ်ခါဖြေရမလဲ "

" လုံးဝ မယုံဘူး မဖြစ်နိုင်ဘူး . . . သူ ရည်းစားစကား ပြောထားပြီးပြီ မဟုတ်လား"

အိတာက ခနဲ့တလူကို စူးစိုက်ကြည့်သည်။ အိမ်ပြန် ရောက်ချိန်အထိ တကူးတက စောင့်နေတာ သည်ကိစ္စမေး ဖို့လား။ မိုးနိုင်နှင့် အိတာ ကိစ္စက သူ့အတွက် အရေးကြီးနေ

လို့လား။

“ ဘာလို့ အရေးတကြီး မေးနေရတာလဲ”

“ ကိုကြီး အတွက် သေရေးရှင်ရေးပဲ”

အိတာက စိတ်ညစ်သလို မျက်နှာလေး ရှုံ့မဲ့သွား၏။

“ ပြောလေ သူနဲ့ အိတာ ကြိုက်နေပြီလား”

“ ကိုကြီး ”

မကျေမနပ် အော်မိတော့သည်။ ပိုင်စိုးပိုင်နင်း အော်ဟစ်မေးနေရအောင် ကိုကြီးနှင့် ဘာဆိုင်လို့လဲ။

“ အဲဒါ အိတာကိစ္စပါ ”

“ ဘာ ”

ခန့်တလူက အိတာကို အေးစက်စွာ စိုက်ကြည့်နေသည်။ ပြီးမှ . . .

“ အိုကေ . . ကောင်းပြီ၊ ဝင်မပါတော့ဘူး” ဟု လက်ကာပြ၏။ အေးစက်စွာကျောခိုင်းလိုက်တော့ အိတာ ဝမ်းနည်းသည်။

ကိုကြီးရယ် . .

မမရည်မွန်နဲ့ ကိုကြီးကြားကို အိတာ ဝင်မလာရဲပါဘူး၊ ကိုမိုးနိုင်ကို မြင်လိုက်တော့ ပူလောင်ပျာယာခတ်သွားတဲ့ ကိုကြီး

မျက်လုံးတွေကို အိတာ နားလည်မိပါတယ်။

ဒါပေမယ့် . . .

အိတာက ခြေစုံရပ်ပြီး ငြိမ်သက်နေသည်။ ပြီးမှ ကိုကြီး ကို လှည့်ကြည့်မိ၏။ ကိုကြီးက ခပ်လှမ်းလှမ်းကို ရောက်နေပြီ

" ကိုကြီး . . . ကိုကြီး ခဏနေပါအုံး"

ခန့်တလူဘေးကို ပြေးသွားပြီး ခေါ်မိသည်။

" အိတာတို့ ရိုးရိုးသားသားပါ"

ဘာကြောင့် အမှန်တိုင်း ဖြေရှင်းမိသလဲ။ ဝန်ခံမိသလဲ၊ ကိုကြီး စိတ်ဆိုးသွားမှာမျိုး မလိုချင်။

ခန့်တလူက အိတာကို အကြာကြီး စိုက်ကြည့် ငြိမ်သက်နေ၏။ အိတာလည်း ကိုကြီးမျက်လုံးတွေထဲကနေ ရုန်းထွက်မရ၊ တစ်ယောက်ကို တစ်ယောက် စိုက်ကြည့် ငြိတွယ်မိကြ၏။

" အိတာ "

" ကိုကြီး "

ခန့်တလူက တလှိုက်တလှဲခေါ်ပြီး အိတာက ငိုသံက လေးနှင့် ပြန်ခေါ်ကာ တစ်ယောက်ကို တစ်ယောက် တင်းကြပ်စွာ ဖက်မိကြသည်။ တခုခုကြောင့် ဝေးသွားမှာ နှစ်ယောက်စလုံး ကြောက်သည်။ မခွဲနိုင်ပါ။ သိပ်သည်းစွာ ချစ်မိကြသည်။

" ကိုကြီး အိတာကို သိပ်ချစ်တယ်"

" ကိုကြီးရယ် "

" ကိုကြီး အူတိုလွန်းလို့ သေတော့မယ် . . . အိတာ သိရဲ့လား "

အိတာက ကိုကြီးကို အားကိုးတကြီး ဖက်တွယ်ကာ ဘာမှ မစဉ်းစားချင်။ ဘာကြောင့်မှ နေ ၁မဆုတ်ချင်။ နောက်ဆုတ်ဖို့ အားတင်းကြိုးစားရင်း နှိမ်ချိုးထ ၊သော အချစ်တွေ အင်နှင့်အားနှင့် ပေါက်ကွဲပွင့်ထွက်သွားခဲ့ပြီ။ နှလုံးသားကို မညာလိုမလှည့်စားလို။

သူတို့ တစ်ယောက်ကို တစ်ယောက်သိပ်ချစ်ကြပါသည်။ ထိုအချစ်တွေကို တားဆီးမရတော့။

ခက်ခဲပင်ပန်းစွာ ထိန်းသိမ်းထားခဲ့ကြသည်။ မျိုသိပ်ဟန်ဆောင်ထားခဲ့ကြသည်။

" အိတာ ကြောက်တယ်ကိုကြီးရယ်။ ဘာတွေဖြစ်လာမလဲဆိုပြီး အရမ်းကြောက်တယ်။ ကိုကြီးကို ချစ်မိမှာလည်း ကြောက်တယ်။"

" အိတာရယ် "

တစ်ယောက်နှလုံးသားကို တစ်ယောက် နားလည်စွာနှင့်

ဖက်ထားမိကြသည်။ ဝေးသွားရမှာကို နှစ်ယောက်စလုံးလန့်နေသည်။ ခန့်တလူက ရည်မွန်ရှိနေသည်။ ရည်မွန်က အိတာ၏ အစ်မ။ ညီအစ်မရင်း မဟုတ်ပေမယ့် သူတို့က တစ်မိသားစုတည်း မဟုတ်လား။ အိတာအတွက် ရှေ့တိုးရခက် နောက်ဆုတ်ရခက် ဖြစ်တော့မှာကို သဘောပေါက်ပါသည်။

" အိတာ တရားရဲ့လားဟင် . . . မမရည်မွန်အပေါ် အိတာတို့ သစ္စာမစောင့်သလို ဖြစ်နေပြီလားဟင် "

စိုးရိမ်တကြီးမေးလာ၏။ ခန့်တလူက ရင်ဆိုင်ဖြေရှင်းဖို့ တွေးသည်။

သူက ယောကျ်ား ။ အိတာရှေ့က မားမားမတ်မတ် ရပ်တည်ပေးရမှာ။

" အိတာ . . . ဘာမှ မစိုးရိမ်နဲ့ ရည်မွန်ကို နားလည်အောင် ကိုကြီး ရှင်းပြမယ် . . . ကိုကြီး တောင်းပန်မယ်။ ကိုကြီး အိတာကိုပဲ ချစ်တယ် "

မမရည်မွန် ပြီးတော့ ဖေဖေနှင့် မေမေ အိတာ ဘယ်လို ရင်ဆိုင်ရမှာလဲ။ မတွေးရဲပါ။ အိတာကို ခွင့်လွှတ်ပါ့မလား နားလည်ပေးပါ့မလား။

အိတာ သိပ်မှားသွားပြီ။

ချက်ချင်းပဲ နောင်တရသည်။ သို့ပေမယ့် ကိုကြီး ရင်ခွင်ထဲက ရှုန်းမထွက်နိုင်။ ရှုန်းမထွက်ချင်တာ မဟုတ်။ ရှုန်းထွက်ဖို့ အင်အားအစွမ်းမရှိတော့တာ။

" မမရည်မွန်ကို အိတာ ကြောက်တယ်။"

" အိတာ . . . ဘာမှ မတွေးနဲ့ . . . ကိုကြီး ဖြေရှင်းပါမယ်"

အိတာက သူ့ရင်ခွင်ထဲ တိုးကာ ငြိမ်သက်နေသည်။ ခန့်တလူစိတ်တွေ ကြည်လင်လန်းဆန်းလာ၏။

အခုမှပဲ နေသာထိုင်သာ ရှိတော့သည်။

သူ့စိတ်တွေကို သူတံခါးပိတ်ထားတော့ အရမ်းအခံရခက်သည်။ မချစ်သင့်ဘူးဆိုရင်တောင် သူတို့ ချစ်မိကြပါပြီ။ ရည်မွန့်ကို ထိခိုက်နစ်နာစေတော့ဟု မရည်ရွယ်။ အိတာကို ဟိုးကတည်းက သူချစ်နေခဲ့တာပါ။ အိတာဘေးမှာ မိုးနိုင်ပေါ်လာတော့ သူသွေးပျက်သွားခဲ့ရသည်။

" ကိုကြီး. . . မမရည်မွန်ကို တကယ်ပြောပြမှာလား ဟင်၊ ကိုကြီး အိတာကို လက်ထပ်နိုင်လို့လား"

" အိတာရယ်"

ခန့်တလူက အိတာကို တင်းကြပ်စွာ ဖက်ထား၏။

သည်အနေအထားရောက်မှတော့ သူမတွေဝေတော့ပါ။ ရည်ရွယ်ချက်ကို မနှစ်သက်ပဲ ရည်မွှန့် လွှမ်းမိုးမှုအောက်က ရုန်းမထွက်နိုင်စရာလည်း မလို။

အချစ်မှာ အားနာဖို့လည်း မလိုအပ်ပါ။

ချစ်သူကလေးအတွက် သူ ရဲရင့်ပြတ်သားမှု ဖြစ်တော့မည်။ အိတာကို သူချစ်သည်။ သနားသည်။

အိတာကို သူ့ကြောင့် စိတ်မညစ်စေချင်ပါ။

ချစ်တယ် အိတာရယ်။

ချစ်လွန်းလို့ ကိုကြီး နောက်မဆုတ်နိုင်ခဲ့ဘူး။

နောက်မဆုတ်နိုင်မှတော့ ရဲရဲရွှေတိုး ရင်ဆိုင်ကြမယ်။

ခန့်တလူ ထပ်တလဲလဲ ဆုံးဖြတ်နေမိသည်။

+ + +

ခန့်တလူ ရောက်လာတော့ ရည်မွန်က အပြေးကလေး ကြိုသည်။ ညှော်ခန်းမှာ အီတာလည်းရှိသည်။ ဖေဖေနှင့် မေမေလည်းရှိသည်။ လူစုံတက်စုံ မိသားစု အကုန်ပါပဲ။

" ကိုတလူ လာလေ "

လက်မောင်းကို ဆွဲပြီး မခေါ် ရုံတမယ်ပါပဲ။

မမရည်မွန် မျက်နှာက ပြုံးမြမြ ချိုမြိန်လွန်းသည်။

အီတာက ချက်ချင်းပဲ အားလုံးကို ကျောပေးလျက် စန္ဒရားရှေ့ကို မျက်နှာမူမိသည်။

ရင်မဆိုင်ချင်။ အခုလို အနေအထားမှာ အားငယ်

သည်။ အီတာက လူမသိ သူမသိ ရည်းစားလား။

အီတာမှာ နေရာတစ်ခု မရှိပါလား။

ကိုခန့်တလူကိုပင် ပြေးကြိုခွင့်မရ။ နှုတ်ဆက်ခွင့်မရ၊ မဆိုင်သလို ဟန်မပျက်နေရသည်။ ကံတရားက မမျှတလွန်းပါ။ ကိုတလူက မမရည်မွန်ဧည့်သည်။ အားလုံးက အဲဒီလိုပဲ သတ်မှတ်ဆက်ဆံနေကြတာ။

" ကိုတလူ လာတာနဲ့ အတော်ပဲ "

ရည်မွန်က ခစ်တနဲ့ရယ်ပြီး သူ့စိတ်ကူးကလေးကို အကောင်အထည်ဖော်ကြည့်သည်။

" အီတာရေ . . . မမ ပြောထားတဲ့ တီးလုံးလေး အဲဒါလေးလုပ်ပါအုံး. . . ဖေဖေ မေမေတို့ ကိုတလူတို့ ကြိုက်ရဲ့လားလို့ ရိုဟာဆယ် ( အစမ်းလေ့ကျင့်ခြင်း) ပေါ့။ "

အီတာက ကျောကလေးမတ်သွားပြီး မျက်လုံးကလေး ဝိုင်းသွား၏။ မရည်မွန်က အခုထက်ထိ ဘာမှမသိရှာသေးပါ။ သဘောရိုးနှင့် ပြောဆိုနေတာ။ အီတာနှင့် ကိုကြီး အကြောင်းကို ဘာမှမသိ။ အီတာ လိပ်ပြာမလုံဖြစ်ရသည်။

တခဏအတွင်းမှာ ခံစားချက်တွေက အမျိုးမျိုးပါ။ ကိုကြီးနှင့် ပေါ်ပေါ်ထင်ထင် ချစ်ခွင့်မရတာကို မကျေနပ်တာ

တစ်ဖက်။ မမရည်မွန်အပေါ် တရားမျှတရဲ့လား ဟု ဝမ်းနည်းအားငယ်စိတ်က တစ်ဖက် အမျိုးမျိုးပါပဲ။

" ရှိဟာဆယ်က ဘာလဲသမီးရဲ့ . . . ဘာအတွက်လဲ"

မေမေက မေးသည်။ ရည်မွန်က မလုံမလဲလေးပြုံးကာ. . .

" မေမေကလည်း" ဟု နှုတ်ခမ်းလေး ချွန်ပြသည်။

" ကိုတလူ "

" ဟင် "

" ရည်မွန်တို့ စေ့စပ်တဲ့နေ့ကြရင်ပေါ့ ဒီ ဝေးသွားကလေးကို အီတာက တီးခတ်ပေးလိမ့်မယ်။ နားထောင်ကြည့်ရအောင်နော် "

" ဟာ . . . နေပါစေ "

ခန့်တလူ ဘာလုပ်ရမှန်းမသိ။ ဘေးကြပ်နံကြပ်နှင့်လှုပ်လို့မရ။ အီတာကို သည်လိုမျိုးတော့ မရက်စက်ချင်ပါ။

ရည်မွန်ကို ပြတ်ပြတ်သားသား ဖွင့်ပြောဖို့ ဆုံးဖြတ်ထားပြီးသားပါ။ အီတာနှင့် သူ. . . ချစ်နေကြပါပြီဟု ဝန်ခံတောင်းပန်ဖို့ စဉ်းစားပြီးသားပါ။ အီတာက မပြောပါနှင့်အုံး ဟု တားမြစ်နေလို့သာ။ သည်အနေအထားကို သူ သည်းမခံချင်

တော့တာအမှန်ပါ။

"သမီးကြီးက လျှို့ဝှက်နေတယ် အဖေကြီးရေ"

"လျှို့ဝှက်ချင်လည်း လျှို့ဝှက်ပါစေပေါ့ . . တနေ့ရေ့ သူလိုလိုလားလား အသိပေးလာမှာပါ။"

ဖေဖေက နူးညံ့သော အပြုံးတစ်ခုနှင့် ဆို၏

ခန့်တလူက သက်ပြင်းမောတစ်ချက် ကြိတ်ပြီးချသည်။ အိတာက သူ့ကို ကျောပေးနေသည်။ သူ့ကိုမှ မဟုတ် အားလုံးကို ကျောပေးထားတာ။

အိဝကွဲ့ရယ်။

ကိုကြီးကို အိတာ အားမလိုအားမရဖြစ်နေပြီလား။

အထင်သေးနာကျင်နေပြီလား။

စိတ်ထဲက မေးမိသည်။ တောင်းပန်မိသည်။

အိတာနှင့် သူ့ကိစ္စကို အလျင်မြန်ဆုံး ဖွင့်ပြောသင့်ပါပြီ။ နှောင့်နှေးကြန့်ကြာနေလို့ မဖြစ်။

ချစ်ရသူကလေးကို ဝမ်းနည်းကြေကွဲတာမျိုး မကြုံစေချင်။

"အိတာရေ . . . တီးပေးနော်"

"အင်း"

လှည့်မကြည့်ပဲ ခေါင်းကလေး ဆတ်ကနဲညိတ်သည်။

ကိုကြီးရေ အိတာ ရင်ထဲကို ဝင်ကြည့်လှည့်ပါ။

ဘယ်လောက်ထိ သိမ်ငယ်ကြေကွဲနေပြီလဲဆိုတာ။

မမရည်မွန်က ကိုကြီးကို အရမ်းမျှော်လင့်နေတုန်းပဲနော်။ ကိုကြီး ပြတ်သားရဲ့လား။

အိတာကို ကိုကြီး ဘဝထဲ တကယ်လက်တွဲ ခေါ်ရဲသလား ဟင်။ အိတာ မယုံရဲဘူး။

တွေဝေနေပြီလား ကိုကြီးရယ်။

တကယ့်တကယ်ကျရင် အိတာကို ထားရစ်ခဲ့မှာလား၊ မမရည်မွန်စကားတွေကို လွန်ဆန်ရဲလို့လား။

ကိုကြီးနဲ့ မမရည်မွန် တကယ်စေ့စပ်ပွဲလုပ်တာ မဟုတ်ပေမယ့်လည်း အိတာ ရင်ကွဲမတတ်ခံစားရသည်။

" သိပ်ကောင်းတာပဲနော် ကိုတလူ"

ရည်မွန်က အိတာ၏ စန္ဒရားလက်သံကလေးကို ချီးမွမ်းသည်။ အရမ်း နှစ်သက်နေသည်။ သူကတော့ အဲဒီလိုမထင်မိပါ။ နားထဲမှာ မချိုမြိန်။ နှလုံးသားကို တူသေးသေးလေးနှင့် တစ်ချက်ချင်းထုနေသလို နာကျင်ရသည်။ သူမျက်နှာပျက်မိသည်။

အိတာရယ် . . . ဆက်မတီးပါနဲ့တော့။

ကိုကြီး အသည်းတွေ မွကြေကုန်လိမ့်မယ်။

ကိုကြီး ရည်မွန်နဲ့ ဘယ်တော့မှ မစေ့စပ်ဘူး။

အိတာ စန္ဒရားသံနဲ့ ကိုကြီး ဘယ်တော့မှ မစေ့စပ်ပါဘူး ယုံပါ။

သာယာချိုမြိန်သော စန္ဒရားသံလေးကို ရည်မွန်တို့ ဖေဖေနှင့် မေမေက သဘောကျသည်။

အိတာ ဘယ်လောက်ခဲယဉ်းစွာ တီးခတ်ရသလဲဆိုတာ သူတို့ ရိပ်မိပုံမရ။

ကိုကြီးရော သိရဲ့လား။

အိတာက ခန့်တလူကို ဆတ်ကနဲ လှည့်ကြည့်သည်၊ မျက်လုံးချင်း ဆုံမိကြသည်။ ကိုကြီး မျက်လုံးတွေက တောင်းပန် စကားဆိုသည်။ ဂရုဏာ အပြည့်ပါသည်။

ထိုအချိန်ကလေးမှာပဲ ဧည့်ခန်းထဲကို ဧည့်သည်တစ်ဦး ထပ်ပြီး ရောက်ရှိလာသည်။

" ကိုမိုးနိုင် "

တိုးတိုးကလေး အိတာ ခေါ်မိသည်။

မိုးနိုင်ကို ဘွားကနဲ မြင်လိုက်ရတာ ကယ်တင်ရှင်ကြီး ရောက်လာသလိုပါပဲ။ ခုမှ အသာထကာ ခြေလှမ်းဖွဖွနှင့် သူ့

အနား လျှောက်သွားမိပါသည်။

"အိတာ . . . ဝီနွေအပြင်သွားတော့ လမ်းကြုံတာနဲ့ စားစရာဝယ်လာခဲ့တယ်။ ဟိုတစ်ရက်က အိတာ ကြေးအိုးစား ချင်တယ် ပြောတာနဲ့"

"တကူးတက . . . အားနာစရာကြီး။"

မိုးနိုင်က ဝယ်လာသော ကြေးအိုးအိတ်တွေကို အိတာ လှမ်းပေးပြီး၊ ဖေဖေနှင့် မေမေကို နှုတ်ဆက်သည်။

သူရောက်လာတာ အိတာ အားရှိလိုက်တာ။ ကျေနပ်မိ တာ။ သူဟာ အိတာကို ပျော်ရွှင်မှုပေးသည်။

ခန့်တလူကတော့ အမြဲဝေဒနာတွေပဲ ပေးတတ်သည်။ ဝေဒနာပေးသူကိုမှ အိတာကလည်း သံယောဇဉ် ဖြစ်မိသည်။

အိတာ မမိုက်မဲလွန်းဘူးလား၊ မရူးသွပ်လွန်းဘူးလား။

"အချစ်" ဆိုတာကြီးကို အိတာကရှောင်ပြေးချင်မိ သည်။ နှလုံးသားကို လွန်ဆန်ကာ မိုးနိုင်ကို ဇွတ်မှိတ်ရွေးချယ် ချင်သည်။

အေးမြသောလမ်းကို လစ်လျူရှုကာ ပူလောင်သော လမ်းပေါ်ကိုမှ အိတာလျှောက်လှမ်းမိပြီ။ သည်အပူကို အိတာ ခံနိုင်ပါ့မလား။

"ခဏလေးနော်. . . ထိုင်အုံးလေ"

"ရပါတယ်"

အိတာက လက်ကလေးကာပြပြီး ထမင်းစားခန်းဘက် ဝင်သွား၏။ ခန့်တလူက မိုးနိုင်ကို အေးစက်စက်စိုက်ကြည့် သည်။ သည်ပုဂ္ဂိုလ်ကို မြင်ရတာ စိတ်မချမ်းသာ။ ကြာကြာမြင် ရလျှင် အသက်တိုလိမ့်မည်။

အိတာနှင့် ဘာလို့များလာ ပက်သက်နေပါလိမ့်။ အခု ဒေါသက မီးတစ်စလို ရင်ထဲတောက်လောင်နေပါပြီ။

သူလာတာကို ကိုခန့်တလူမကြိုက်ပါ။

"အိတာ"

စည့်ခန်းထဲ ပြန်ရောက်လာသော အိတာကို မိုးနိုင်က ခေါ်လိုက်ပြီး

"ကားထဲမှာ အိတာ မှာထားတဲ့ စာအုပ်တွေ ပါလာ တယ်" ဟုဆိုတော့ အိတာက ဟုတ်လား ဆိုပြီး ခြံထဲဆင်းသွား သည်။ မိုးနိုင်ကလည်း နောက်က ပါသွား၏။

"ကိုတလူ"

အေးမှာရှိနေသော ရည်မွန်ကို ခန့်တလူ မေ့နေမိသည်။

"သူတို့ သိပ်လိုက်တာပဲနော်"

ရည်မွန်စကားက မြှားတစ်စင်းလို နှလုံးသားပေါ် ဗိုက်ဝင်သွား၏။ ခန့်တလူ မွန်းကြပ်စွာနှင့် ခေါင်းညိတ် လက်မ နိုင်။ ရည်မွန်က တိုးသဲ့သဲ့ရယ်သည်။

" အိတာ ကံကောင်းပါတယ် ကိုမိုးနိုင်က သိပ်ဂရုစိုက် ာ. . . မေမေ ကိုယ်တိုင် အိတာကို တိုက်တွန်းနေပြီ. . . လိုလူကိုတွေ့တုန်း စဉ်းစားဆုံးဖြတ်သင့်တယ်တဲ့. . . အခွင့် ရေးဆိုတာ ခဏခဏ မရဘူးလေ"

ခန့်တလူ တုန့်ပြန်စကားမဆို။

ရည်မွန်ပြောသမျှ ရင်နာနာနှင့် နားထောင်နေရ၏။ သူ ာလို့ အဲဒီလောက် နှေးကွေးညံ့ဖျင်းနေမိသလဲ။ ရည်မွန်ကို ူ လက်မထပ်နိုင်။ အိတာကိုပဲ သူချစ်သည်။ အဲဒါကို သူ ဖြတ်သားရဲဘူးလား။

အိတာက တော်တော်နှင့် တက်မလာတော့ပါ။ မိုးနိုင် ရောက်လာပြီဆို အမြဲအဲဒီလိုပါပဲ။

သူတို့ချင်း ရိုးသားကြသေးတယ်ဆိုပေမယ့် အိတာက ူချစ်သူပါ။ မိုးနိုင်နှင့် အကြာကြီး စကားပြောနေလျှင် ူအုတိုသည်။ သူမကြည်ဖြူနိုင်ပါ။

" ရည်မွန်ကလည်း ပြောပါတယ်။ ကိုမိုးနိုင်ကို ရွေးသင့်

တယ်လို့ အိတာက တွေဝေနေတာ"

ရည်မွန်က ခန့်တလူမျက်နှာကို အကဲခတ်ရင်း ေ
ဆက်မဆိုတော့ပါ။ အခုတလော ခန့်တလူ ရည်မွန့်အပေါ်
စက်စက်နိုင်လှသည်။ ဘာဖြစ်လို့ပါလိမ့်။ အစကတည်းကို
ရည်မွန်ဘက်က အများကြီး လျှော့ထားရတာပါ။

တစ်ယောက်သဘောကို တစ်ယောက် နားလည်သ
လိုရှိတာလည်း မှန်သည်။ တချိန်ချိန် လက်ထပ်ကြဖို့ ရည်
တာလည်းမှန်သည်။

သို့ပေမယ့် ဘယ်အရာက မှားယွင်းနေမှန်းမသိ
ခန့်တလူကို ကြည့်ရတာ ရည်မွန့်ချစ်သူအဖြစ် ရပ်တည်ရတာ
မနှစ်သက်သလို။ .

သည်နေ့အထိ " ချစ်တယ် ရည်မွန်ရယ် " ဟု
ခါမှမဆို။ ပြီးတော့ သူများချစ်သူတွေလို တယုတယ
ပျော်စရာမကောင်း။ ရည်မွန် နားမလည်ပါ။

ခန့်တလူပုံစံက ရည်မွန်နှင့်ဆို စိတ်မပါလက်
သွေးအေးလွန်းလှသည်။ ဘာလို့ အဲဒီလို ဖြစ်သွားရတာ
သူငယ်ချင်း ဘဝတုန်းကတောင် သည့်ထက် ပျော်စရာကော
သေးသည်။ တဆင့်တက်ကာ ပွင့်လင်းပြီးမှ ခန့်တလူကို ကြ

ရာ ဝတ်ကျေတန်းကျေ။

ရည်မွန်က စိတ်ရှည်ရှည်နှင့် စည်းရုံးကြိုးစား
နေခဲ့ရှာပါလား။ ခန့်တလူဘက် သက်ဝင်လှိုက်လှဲလာ
အောင်ဆိုင်းနေမိတာပါပဲ။

ယှဉ်နေတစ်နေ့ကို။

" ရည်မွန်"

" ဟင် "

" ကိုယ်ပြန်အုံးမယ်"

" ဟင် မဟုတ်တာ ချက်ချင်းကြီး ပြန်မလို့လား။"

" ရည်မွန် သွားစရာရှိလို့လား။ "

" မရှိတော့ မရှိပါဘူး၊ ဒါပေမယ့် နေပါအုံး။ အတူတူ
ထမင်းစားပြီးမှ အပြင်ထွက်ကြရအောင်လေ"

ခန့်တလူ နှုတ်ဆိတ်နေသည်။

သည်ဝန်းကျင်ကနေ မြန်သထက်မြန်အောင် ပြန်သွား
က ကောင်းသည်။ ပြဿနာတစ်ခုကို ဒေါသနှင့် ဖြေရှင်းမိလျှင်
လွယ်။ အားလုံး ရှုပ်ထွေးကုန်လိမ့်မည်။

မိုးနိုင်နှင့် အိတာက အိမ်ပေါ်ပြန်တက်လာသည်။
မမက ထမင်းစားဖို့ ပြင်ဆင်တော့သည်။

အိတာက စန္ဒရားခုံမှာ သွားထိုင်ပြီး မိုးနိုင်က ဘေးမှာ

ရယ်နေ၏။ ပိုင်ပိုင်နိုင်နိုင် ရဲရဲဝံ့ဝံ့။

ခန့်တလူ ရင်ဘတ်ထဲမှာ ဆိုးဝါးသော ဝေဒနာ တစ်ခု ဖြစ်ပေါ်လာ၏။ သူ့မှာ မိုးနိုင်လို အခွင့်အရေးမရှိ။ သူက အိတာ ချစ်သူပါ။ ရည်မွန်ဘေးမှာ မလှုပ်မယှက် ငြိမ်သက်နေရသည်။

အိတာက သူ့ဘက်ကို တချက်မှ လှည့်မကြည့်။ ခန့်တလူ သက်ပြင်းအကြိမ်ကြိမ်ရှိုက်မိသည်။

\+ + +

အိတာက မွေးနေ့ကိတ်မုန့်ကလေးကို ကြည်နူးစွာ ကြည့်သည်။ ဖယောင်းတိုင်လေးတွေကို အားပါးတရမှုတ်သည်။ ယောက်တည်း ကျင်းပသော မွေးနေ့ပွဲကလေးမှာ ကိုခန့်တလူ ငယ်ချင်းက ဓါတ်ပုံရိုက်ပေးပါသည်။ အိတာ အရမ်းပျော် သည်။

ခန့်တလူက မွေးနေ့ရှင်ကို ပုလဲလုံးကလေးတွေနှင့် လုပ်ထားသော သရဖူလေးကို ခေါင်းပေါ် ညင်သာစွာ ဆောင်း းသည်။

အိတာနဖူးလေးကို ဖွဖွလေးမွှေးရှိုက်တော့ ဓါတ်ပုံက

တဖျတ်ဖျတ်ရိုက်သည်။ ကိတ်မုန့် လှီးပြီး အပြန်အလှန်ခွံကျွေ
ကြသည်။

ပြီးပြည့်စုံပြီး အဓိပ္ပာယ်ရှိသော မွေးနေ့ကလေးပါ။

အိတာ တစ်သက်မမေ့ပါ။

ကိုကြီးကိုလည်း အရမ်းကျေးဇူးတင်မိသည်။

သက်ဝင်လှပသော မွေးနေ့လေးတစ်ခုကို ချစ်သူက
ဖန်တီးပေးသည်။

" ပျော်လားဟင် "

အိတာက တိုးတိုးလေးမေးသည်။

" ကိုကြီးက မေးရမှာ "

ခန့်တလူက အိတာကို ချစ်စနိုးကြည့်ရင်း ပြန်ပြောသည်

" ဓါတ်ပုံတွေ လှမှာပဲနော်"

" လှမှာပေါ့ အိတာက လှတာပဲဟာ"

" ကိုကြီးရယ် "

အိတာက မျက်စောင်းရွယ်သည်။

မမရည်မွန်လို လှပပြည့်စုံသော ပိန်းမလေးမျိုးကို
ခန့်တလူ တကယ်ပဲစွန့်လွှတ်ရဲပါ့မလား။ လောဘစိတ်နှင့် လိုချ
မှာပဲမဟုတ်လား။ တနေ့နေ့ကျရင် အိတာကို လက်တွဲဖြု

သားရစ် ခွဲမယ်ဆို. . .

အိတာ ဘယ်လို ဖြေသိမ့်ရမလဲ။

ကိုကြီးသူငယ်ချင်းက ခါတ်ပုံတွေ တဖျတ်ဖျတ်ရိုက်သည်။ ကိုကြီးက လက်ကာပြီး. . .

" မင်း ဘယ်နှစ်လိပ် ကုန်အောင်ရိုက်မလို့လဲ" ဟုမေးတော့ တဟားဟားရယ်လျှက်

" သုံးလိပ်တည်းပါ " ဟု ဖြေသည်။

" တော်ပြီလေကွာ ငါတို့က မင်းသား မင်းသမီးကျနေတာပဲ"

"မင်းတို့စုံတွဲ သိပ်လိုက်တယ်။ ခါတ်ပုံစားမယ့်ပုံပဲကွ"

ခန့်တလူက ကျေနပ်စွာ ပြုံးသည်။

အိတာလက်ကလေးကို မလွှတ်တမ်း ဆွဲထား၏။ အားလုံးရှေ့မှာ ကိုယ်ဝံ့ကြွား ဂုဏ်ယူစွာနဲ့ ကိုယ့်ချစ်သူကလေးဆိုတာ ကြေညာချင်တယ် အိတာရယ်။

ပြင်းပြသော ဆန္ဒတစ်ခုကို သူမကြာမီ အကောင်အထည်ဖော်ရပါမည်။

\+ + +

ညနေပိုင်းမှာခန့်တလူအတွက် စိတ်ရှုပ်စရာ ကိစ္စ တစ်ခုပေါ်လာသည်။ ပြဿနာက မိုးနိုင်။ မိုးနိုင်ဟာ သူ့အတွက် တော့ ကြည့်မရဆုံးအမှိုက်။ မြင်တာနှင့် မျက်စိစပ်သည်။ ရင်ပူ သည်။

မမြင်ချင်ကာမှ ဖြုန်းကနဲဖြုန်းကနဲ ပေါ်လာတတ် သည်။ အိတာဆီ ရောက်ရောက်လာတတ်သည်။

အခုလည်းပဲကြည့် လှပသော ပန်းစည်းကြီးနှင့် လက် ဆောင်ဗူးတစ်ဗူးနှင့် ဆိုက်ဆိုက်မြိုက်မြိုက်ကြီးရောက်လာပြီး ဟတ်ပီးဘတ်ဒေး အော်သံကြီးက နားကြားပြင်းကပ်ချင်စရာ။

သည်လူအရူး . . .

အီတာက ကိုယ့်ချစ်သူ . . .

ဘုမသိဘမသိ ကြားဖြတ်ဝင်လာရဲ့သူ။

“ ဟတ်ပီး ဘတ်ဒေး အီတာ ”

“ ကျေးဇူးတင်ပါတယ် ”

လှိုက်လှဲ့နွေးထွေးလွန်းသော သည်လူ့မျက်လုံးတွေက နဲ့တလူကို အသက်တိုစေလိမ့်မည်။

“ ဘာကျွေးမှာလဲ ”

“ ကြိုက်တာ စားပေါ့. . . လာလေ ”

အစားအသောက်ဒ႑မျိုးမျိုး ခင်းကျင်းထားသော စားပွဲ ည်ကလေးဆီ လျှောက်သွားပြီး ကြိုက်တာယူစေ၏။ လူနည်း ည်းကလေးပေမယ့် စားစရာတွေက အလျှံပယ်။

အီတာက သူ့ဆီ မသိမသာ မျက်လုံးကလေး ရွေ့ကြည့် သာ၏။ သူက အေးစက်စက်နှင့် မကြိုက်လှသလို။

“ ဘတ်ဒေးကိတ် ခွဲ့ရမှာပေါ့နော် ”

“ အင်း ”

မိုးနိုင်က ကိတ်မုန့်ခွဲ့ဖို့ ပါးစပ်ဟာပေးသည်။

သည်လူ အရှက်မရှိပါလား။

ခန့်တလူ သူ့အနားကို တိုးကပ်သွားမိ၏။

“ အော်. . .  ကိုခန့်တလူ. . .  ပလိ(စ်) (ကျေးဇူ

ျူး) ဓါတ်ပုံတစ်ပုံလောက် ရိုက်ပေးပါ” ဟု မိုးနိုင်က ကင်မရ

လှမ်းပေးသည်။

ဒေါ်သက ငယ်ထိပ်အထိ မွှန်တက်လာပေမယ့် ဓါတ်

တစ်ပုံ ရိုက်ပေးလိုက်ပါသည်။

“ မရည်မွန် နဲ့ ခင်ဗျားကိုလည်း ဓါတ်ပုံတစ်ပုံ အမှတ်

တရ ရိုက်ပေးပါရစေ ”

“ ဟာ . . .  ရပါတယ် နေပါစေ မလိုပါဘူး ”

တော်တော်တရားလွန်လာပြီး သူဆက်ပြီး သည်းမခံ

နိုင်ပဲ. . .  “ စကားခဏပြောရအောင် ” ဟု ခပ်လှမ်းလှမ်း

ခေါ်ထုတ်လာသည်။

“ ပြောပါ ကိုတလူ ”

သူက ရင်းရင်းနှီးနှီးခေါ်သည်။

“ ကျွန်တော် အားမနာတော့ဘူး ရှင်းရှင်းပဲပြောမယ်.

ခင်ဗျား အီတာနဲ့ ဝေးဝေးနေပေးပါ ”

ကွေ့ဝိုက်မနေပဲ တဲ့တိုးပြောချလိုက်၏။

“ ဗျာ. . .  ကျွန်တော် နားမလည်ဘူး ”

လက်ထဲက အအေးဖန်ခွက်ကို မိုးနိုင်က စားပွဲပေါ်
ချထားလိုက်၏။

" အိတာနဲ့ လာမပက်သက်နဲ့ မမျှော်လင့်နဲ့ အဲဒါ
အကောင်းဆုံးပဲ"

" ဘာ အဓိပ္ပာယ်လဲ "

" ကျွန်တော်မကြိုက်ဘူး "

မိုးနိုင် မျက်မှောင်ကြုတ်သွား၏။

" ဒါက အိတာ ကိစ္စပါ "

" ကျွန်တော် သဘောမတူဘူး "

" ခင်ဗျား အနေသာကြီးပါ "

ခန့်တလူက မိုးနိုင်ကို စိတ်ပျက်စွာ ကြည့်သည်။

ကျွန်တော်နဲ့ အိတာ ကိစ္စကို ခင်ဗျားဝင်စွက်နေတာ
ကျွန်တော်နားမလည်ဘူး. . . မရည်မွန်နဲ့ ခင်ဗျား လက်မထပ်ရ
သေးဘူး. . . သူနဲ့ ခင်ဗျား ဘာဆိုင်လို့လဲ. . . သူ့မိသားစုက
ကောင် ကျွန်တော့်ကို ကြည့်ဖြူလိုလားတယ်. . မတော်ရသေး
တဲ့ ခဲအိုလောင်းအနေနဲ့ . . . "

" တော်စမ်းပါဗျာ "

ခန့်တလူ အော်ပစ်လိုက်သည်။

" ရည်မွန်နဲ့ ကျွန်တော် ဘာမှမဆိုင်ဘူး"

" ဟာ. . . ဟုတ်လား ခင်ဗျား တော်တော်နောက်တတ်တယ် "

မိုးနိုင်က လှောင်သလိုရယ်သည်။

" အားလုံးသိထားတာ ခင်ဗျားဟာ မရည်မွန်ရဲ့ သတို့သားလောင်းပဲ. . . ကျွန်တော် ရှုပ်ထွေးသွားပြီ"

" လုံးဝမဟုတ်ဘူး"

ခန့်တလူက မိုးနိုင်ကို တည့်တည့်စိုက်ကြည့်ပြီး. . .

" အိတာက ကျွန်တော့် ချစ်သူ " ဟု ပြတ်ပြတ်သားသား ပြောချလိုက်၏။

မိုးနိုင်က အံ့အားသင့်စွာနှင့် မျက်နှာပျက်သွားသည်

" ခင်ဗျားပြောတိုင်းတော့ မယုံနိုင်ဘူး "

" ဒါ. . . ခင်ဗျား ကိစ္စပါ "

" အိတာ ချစ်သူဆိုရင်. . . မရည်မွန်ကရော "

" ဖဲ့ဒါတွေ ခင်ဗျား မမေးနဲ့ "

" လောဘမကြီးလွန်းဘူးလားဗျာ ခင်ဗျား လုပ်ပုံလည်း ကြည့်အုံး . . . အိတာအပေါ် တရားရဲ့လားဆိုတာ"

မိုးနိုင်က မခံချိမခံသာ မေးသည်။

[illegible]

“ ခင်ဗျားက ဒီကောင်ကို လွှတ်ပေးလိုက်ရင် ရည်မွန်ကလေးနဲ့

တစ်သက်လုံး တွေ့မရတော့ဘူး။

ခန့်တလူ ဒေါသက ပေါက်ကွဲအောင် ထက်လာသည်။

“ ခင်ဗျား ရှင်းရှင်းလင်းလင်းပြောပါ ”

မိုးနိုင်ကလည်း လှုပ်လှုပ်ရှားရှား ထက်မောက်

မည်မဟုတ်၊ သူပိုပြီး သဘောပေါက်တော့သည်။

“ဒီတာက ကျွန်တော့်ကို စဉ်းစားပါရစေဆို့ ပြောသွား

တာ။ မပြောင်းရသေးဘူး အချိန်ယူတာပဲ. . . ခင်ဗျားက

ဒီတာချစ်သူလို့ ပြောလာတော့ မျက်စိလည်သွားပြီ”

ခန့်တလူက စိတ်ကို ရအောင်ထိန်းလိုက်သည်။

သူတစ်ခုခု ဆုံးဖြတ်သင့်ပါပြီ။

အားလုံး ကောင်းဖို့ပါ။

ဘာပဲဖြစ်ဖြစ် . . . သူ . . . ရည်မွန်ကို ဖွင့်ဟဝန်ခံ

တောင်းပန်ရတော့မည်။

ရည်မွန် သူ့ကို ခွင့်လွှတ်နားလည်ပေးဖို့ မျှော်လင့်မိ

သည်။ ဒီတာနှင့် ပျော်ရွှင်စွာ လက်တွဲခွင့်ရချင်သည်။

မိုးနိုင်ကို နောက်ဆုတ်ခိုင်းလည်း အရာမထင်။

သူ့ကို မသိတသိ ဝေဖန်ကိုက်ခိုက်နေသေးသည်။

ထပ်ပြောရင် ရန်ပွဲပဲ။

သူ ဘရိတ်အုတ်လိုက်သည်။

သူ့ဘက်က ပြတ်သားရဲဝံ့စွာနှင့် အိတာကို ပိုင်ပိုင်နိုင်နိုင်ရနိုင်ဖို့သာ အရေးကြီးတာပါ။

\+ \+ \+

" ရှင် "

ခန့်တလူ ဖုန်းဆက်တော့ အိတာက တအံ့တသြ လေး

နှင့် တုန်လှုပ်သွား၏။ တော်တော်နှင့် စကားမဆို။

" ကိုကြီး ဆုံးဖြတ်ပြီးပြီ "

" ဖြစ်ပါ့မလား ဟင်"

" ဘာတွေ စိုးရိမ်နေတာလဲ အိတာရယ် "

ပင့်သက်ရှိုက်ပြီး ထပ်ပြီး မတားချင်တော့။

သည်အနေအထားကနေ အိတာလည်း လွတ်မြောက်

ချင်နေပါပြီ။

ချစ်သူကို ပိုင်ပိုင်ချစ်ခွင့် ရချင်သည်။

" ကိုကြီး "

" ဟင် "

" အိတာ တစ်ခုမေးလို့ ရမလားဟင်"

" မေးလေ "

" ကိုကြီးနဲ့ မမရည်မွန် ချစ်သူတွေ မဖြစ်ခဲ့ဖူး မဟုတ်လား၊ အိတာလေ မမရည်မွန်အပေါ် မတရားလုပ်မိမှာ စိုးကြောက်တယ် "

" အိတာ "

" ရှင် "

" သေချာနားထောင်နော် "

" အင်း "

" ကိုကြီး ရည်မွန့်ကို ချစ်တယ်လို့ တစ်ခါမှ မပြောခဲ့ဖူးဘူး၊ ဒါပေမယ့် အိတာနဲ့ အင်းယားကန်ဘောင်ပေါ် သွားခဲ့တဲ့နေ့ မှတ်မိလား"

" ဟုတ် "

" အဲဒီနေ့က ရည်မွန် စိတ်ဆိုးသွားတယ်။ ကိုကြီးကားနဲ့ လိုက်သွားပြီးချော့တယ်။ ကိုကြီး သူ့ကို အားပေးနှစ်သိမ့်ဖို့

ထွေးပိုက်ထားခဲ့မိတယ်။ ဒါပေမယ့် ကိုကြီး နောင်တလည်း ချက်ချင်းရတယ်။ အဲဒီနေ့ကစပြီး ရည်မွန်က ကိုကြီးကို သူ့ချစ်သူအဖြစ် သတ်မှတ်လိုက်တာပါပဲ။ ကိုကြီး ရည်မွန်ကို သံယောဇဉ်ရှိပါတယ်။

အိတာက ရင်ထဲမောဟိုက်စွာနှင့် နားထောင်နေမိသည်။

“ ကိုကြီးလည်း အလိုက်အထိုက်နေခဲ့တယ်။ တကယ်တန်း မကွယ်မဝှက် ဝန်ခံရရင် ကိုကြီး အိတာကို မေ့ပစ်ဖို့ပဲ ကြိုးစားခဲ့တယ်။ ရည်မွန့်အပေါ် တာဝန်မကျေရာရောက်မှာ စိုးလွန်းလို့ပါ။ ဒါပေမယ့် ကိုကြီး ကြိုးစားလို့မရခဲ့ ဘူး။ အိတာကို ဟိုလူနဲ့ မြင်လိုက်ရတော့၊ ကိုကြီးရဲ့ နှလုံးသား တာတမံကျိုးပေါက်သွားခဲ့ရတယ်။ ကိုကြီး မှားတယ်ဆိုရင်လည်းဆို။ အခုချိန်မှာ ရည်မွန့်ကို ဖွင့်ပြောပြီး တောင်းပန်လိုက်တာ အကောင်းဆုံးပဲ။ ဘယ်အချိန်ထိ ဖုံးကွယ်ထားလို့ရမှာလဲကွာ ”

အိတာက ကိုကြီး ဆုံးဖြတ်ချက်ကို ဝင်မစွက်ဖက်၊ ဟန့်တားပိတ်ပင်ခြင်းလည်းမရှိ။

“ ကိုကြီး ကောင်းသလို လုပ်ပါ။ ”

အိတာက လေသံတိုးကလေးနှင့် ဆိုလာ၏။

“ ကိုကြီးသိပါတယ် အိတာရယ် . . ရည်မွန့်တို့ မိသားစု

အိတာအပေါ် ကြည့်ရှုစောင့်ရှောက်ခဲ့တာတွေ . . . ကိုကြီး ရည်မွန် နားလည်အောင် ပြောပါ့မယ် ”

ချစ်သူကလေးကို စိတ်မပူစေချင်ပါ။

“ ကိုကြီး ဖုန်းပြန်ဆက်မယ် ဒါပဲ. . . ရည်မွန်ကို သွားရှင်းပြ တောင်းပန်လိုက်မယ်. . ”

“ ဟုတ်ကဲ့”

ဖုန်းခွက်ကလေး အသာချပြီး အိတာ ရင်လေးနေမိသည်။ မမရည်မွန် လက်ခံကျေနပ်ပါ့မလား။

ဘာတွေများ ရှေ့ဆက်ဖြစ်လာမလဲမသိပါ။

\+ + +

" ကိုတလူ "

ရည်မွန်က ဟက်ဟက်ပက်ပက်ကလေး ရယ်ကာ ကြည်နူး ဝမ်းသာသွားမိသည်။ ရည်မွန်ဆီ လိုက်လာပြီး တွေ့တာ ခုတစ်ကြိမ် ပထမဦးဆုံးပါပဲ။

လုံးဝ မမျှော်လင့်ခဲ့ပါ။

မမျှော်လင့်ခဲ့တာကလည်း တစ်ခါမှ ရောက်မလာဖူးလို့ပါ။ အေးစက်စက် အချစ်တစ်ခုကို ဘယ်လိုအသက်သွင်းရမှန်းမသိ။

ရည်မွန် စိတ်ဆိုးပြီး ငိုရှိုက်တုန်းက ထွေးပိုက်နှစ်သိမ့်

ခဲ့လို့သာ ချစ်သူတွေပါဟု စိတ်ထဲ သွင်းမှတ်ထားရတာ။ ကိုတလူ က ရည်မွန်ကို လက်ဖျားနှင့်ပင် မထိ၊ ပြီးတော့ ခပ်စိမ်းစိမ်း ဆက်ဆံသည်။

တခါတလေ ရည်မွန်တွေးပါသည်။

သူများတွေရော ရည်းစားထားတာ ဒါမျိုးပဲလားဟု ချစ်သူရှိတာအဲဒီလို ပျင်းခြောက်ခြောက်ကြီးပဲလား။

တစက်ကလေးမှ ပျော်စရာမကောင်း။

တယုတယ ဖုန်းဆက်တာလည်း မရှိ။ ပန်းခြံထဲ လမ်းလျှောက်တာလည်းမရှိ။ ရုပ်ရှင်ကြည့်တာလည်းမရှိ။

သူများစုံတွဲလေးတွေ လက်ချိတ်ထားတာ မြင်လျှင် ကိုတလူကို သတိရမိ ည်။

ကိုတလူက ရည်မွန့်ကို ဂရုမစိုက်တာလား။ ထိုအတွေး က ရည်မွန်ကို နှိပ်စက်သည်။

သို့ပေမယ့် ကိုတလူကို ရည်မွန် လက်မလွှတ်နိုင်။ ဆုံးရှုံးမခံနိုင်။ ကိုတလူ့ဘက်က ပြောင်းလဲလာမည့် နေ့တစ်နေ့ကို စောင့်နေမိသည်။

ခုတော့ . . . ကိုတလူရောက်လာခဲ့ပြီ။

" ရည်မွန် အားရဲ့လား "

" အားပါတယ် "

ရည်မွန်က ချက်ချင်း ခေါင်းညိတ်သည်။

" ခဏ အပြင်သွားရအောင် "

" အင်း "

ဝမ်းသာအားရနှင့် ရည်မွန် နှုတ်ခမ်းပင်မစေ့နိုင်။ အသိမ့်သိမ့်ကြည်နူးကာ ကိုတလူကို လှည့်ကြည့်လှည့်ကြည့်နှင့်။

" ကိုယ် ပြောစရာရှိတယ်

" ဟုတ်လား "

ခန့်တလူ ဘာများ ပြောမလို့ပါလိမ့်။

စေ့စပ်ဖို့ ကိစ္စလား။

တွေးကြည့်ကာ အဖြေရှာနေမိပါသည်။

ခန့်တလူက ဝင်းလက်နေသော ရည်မွန်မျက်နှာကလေးကို ကြည့်ကာ သက်ပြင်းရှိုက်သည်။

သူရောက်လာတာကို ရည်မွန် တော်တော်ပျော်နေပုံရလသည်။ သူ ဘယ်က စပြီးပြောရပါ့မလဲ။

ခန့်တလူ အခက်တွေနေရသည်။

ပြတ်သားစွာ ဆုံးဖြတ်ခဲ့ပြီးပြီ။

မပြောပဲ နေလို့လည်း မဖြစ်တော့ပါ။

အခြေအနေမှန်ကို ရည်မွန် သိသင့်ပါပြီ။

“ ဟာ ”

မီးပွိုင့်အနီးရောက်လာတော့ ဘရိတ်နင်းကြည့်တ
မမိ. . ဘယ်လို ဖြစ်ရတာလဲ. . ကားက အရှိန်မပြင်းပေမယ့်
သိပ်အနှေးကြီးလည်းမဟုတ်။

“ ဘရိတ်မမိတော့ဘူး”

“ ဟင် ”

သူ့စကားကြောင့် ရည်မွန့် မျက်လုံးကလေးပြူးသွား၏။

“ သူဘယ်လို လုပ်မလဲဟင်. . . မီးနီသွားပြီ”

စိုးထိတ်စွာ သတိပေး၏။

“ ရှေ့မှာ ကားတစ်စီးရှိတယ်”

ခန့်တလူက ရှေ့မှ ကားကို ကွေ့ဝိုက်ကာကျော်ပြီး မီးနီကို
မတတ်သာပဲ ဖြတ်ရတော့သည်။

ကားက ဘရိတ်မှ မမိတော့တာ။

“ ကိုတလူ. . . ရည်မွန် ဆင်းလိုက်မယ်”

ကားတံခါးဖွင့်ဖို့ ပြင်ကာ ခွင့်တောင်း၏။

“ ဆင်းချင်ဆင်းလေ ”

သူလည်း ရုတ်တရက် ထူပူပြီး မဆုံးဖြတ်တတ်ပါ

ရှေ့မှာဘာတွေဆက်ဖြစ်ဦးမလဲမသိသေးပါ။ ရည်မွန်ဆင်း ရဲ့ လျှင် ဆင်းနေရစ်လိုက်တာကောင်းမည်ထင်သည်။

ရည်မွန်က ကားတံခါးဖွင့်ပြီး ဖင်ထိုင်လျက် ကျသွားသည်။ သူက ကားကိုဘေးကပ်သည်။ လမ်းချိုးလေးထဲ ကွေ့ချသည်။ ကားကတဖြည်းဖြည်း အရှိန်နည်းလာသည်။ လမ်းဆုံးကလေးအနီးမှာ အုတ်ခုံတစ်ခုရှိသည်။ အုတ်ခုံရှေ့ကို သူရဲရဲတိုးလိုက်သည်။

ဒုတ်ကနဲ မြည်ကာ ကားရပ်သွား၏။

အုတ်ခုံတော့ ပဲ့ကျိုးသွားသည်။ သူ့ခြေထောက်နှင့် သတ်နည်းနည်းနာသွား၏။

အုတ်ခုံဘေးကပ်ရပ်ခြံက လူနှစ်ဦးသုံးဦး ထွက်လာသည်။ ကားထဲက ကမန်းကတန်းဆင်းပြီး. . .

"ဘရိတ်ပေါက်သွားလို့" ဟု အော်ပြောခဲ့ပြီး ခန့်တလူ သမ်းထိပ်ကို ပြေးသည်။

"ဟေ့ လူ ခင်ဗျား ဘယ်သွားမလို့လဲ"

လူတစ်ယောက်က လှမ်းမေးသည်။

"ခဏလေး. . . ခဏလေးပါဗျာ. . . ကျွန်တော့် မိတ်ဆွေလမ်းထိပ် မီးပွိုင့်ကျော်ကျော်မှာ ဆင်းနေရစ်ခဲ့တာ

ဘာဖြစ်သွားလဲကြည့်မလို့"

သူက ရှင်းအောင်ပြောပြီး ပြေးလာခဲ့သည်။

ရည်မွန် ဘယ်လိုဖြစ်သွားပြီလဲ။

ရင်ထဲမှာ ပူပန်မိသည်။

ခေါင်းထဲ ထူပူပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။

ရည်မွန် ဘာမှ မဖြစ်ပါစေနဲ့။

သူ့ခြေထောက်က တော်တော်နာနေသည်။

သို့သော် သူဂရုမစိုက်အား

ရည်မွန်က ကားထဲက ဆင်းပြီးဘုတ်ကနဲ ထိုင်ရက်ကလေးကျသွားရှာတာမို့ စိတ်ပူသည်။

သူ့ကြောင့် ရည်မွန် ထပ်ပြီးဒုက္ခမရောက်စေလိုပါ။ ရည်မွန် ခုန်ဆင်းဖို့ သူသဘောမတူခဲ့လျှင် အကောင်းသား။

\+ + +

ရည်မွန့်ကို လူနှစ်ယောက်က တဖက်စီ တွဲထားသည်။ သူတွေလည်း အုံနေသည်။ သူ့အဝေးက လှမ်းမြင် ရသည်။

“ ရည်မွန်”

သူမောကြီးပန်းကြီး ပြေးသွားမိသည်။

“ ကိုတလူ ဘာမှမဖြစ်ဖူး မဟုတ်လားဟင် ”

ရည်မွန်က သူ့အတွက် စိတ်ပူနေသေးသည်။

“ ရည်မွန် ”

“ ခြေထောက်က အရမ်းနာတယ်”

ခန့်တလူက ရည်မွန်ကို တွဲသည်။

လူတစ်ယောက်က အလိုက်သိစွာ ကူညီသည်။

တက်စီ လှမ်းတားပေးသည်။

ဒီးပွိုင့်ဂိတ်က ယာဉ်ထိန်းရဲလည်း ရောက်လာသည်။

ခန့်တလူက မြန်မြန်ရှင်းပြပြီး ရည်မွန်ကို အရင်ဦးဆုံး ဆေးခန်းပြဖို့ စီစဉ်ရတော့သည်။

" ရတယ် ခင်ဗျား သွား သွား. . . "

အားလုံးက ဝိုင်းဝန်းကူညီပေးကြသည်။

သူက တက်စီနှင့် ရည်မွန်ကို ခေါ်လာရင်း လမ်းမှာ ဖုန်းဆက်သည်။

ဘာပဲဖြစ်ဖြစ် သူ့အိမ်ကိုအသိပေးရမည်။ ရည်မွန် အိမ်ကိုအသိပေးရမည်။ ဖုန်းခေါ်ပြီ ခန့်တလူမျက်လုံးတွေ စုံမှိတ် ထားလိုက်၏။

သူအရမ်းပင်ပန်းသွားပြီ။

ကိုကြီးတို့ ဘာဆက်လုပ်ကြမလဲ။

ရည်မွန်ကို ဖွင့်ဟပြောပြဖို့ အစီအစဉ်က အလို အလျောက် နောက်ဆုတ်သွားရပြီ။

ရည်မွန်က သူ့ကို မှီပြီး ငြိမ်နေသည်။

ရည်မွန်ခြေထောက်တွေ ဘာမှ မဖြစ်ဖို့ အလွန်အရေး

ကြီးသည်။

"အား. . . ကျွတ် . . . ကျွတ်"

ရည်မွန်က ညည်းညူသည်။

"ခဏလေးပါ. . . ဆေးရုံရောက်တော့မယ်"

"ဒီဘက်က အရမ်းနာတယ်"

ခြေတဖက်ကို ငုံ့ကြည့်ကာ ပြောသည်။

"ခါးလည်း နာတယ်"

ခန့်တလူက မသက်မသာ သက်ပြင်းချသည်။

"ကိုတလူ ဘာမှမဖြစ်ပါဘူးနော်. . . ကားရော"

"အဲဒါတွေ မစိုးရိမ်ပါနဲ့ . . . နေသာသလိုနေ"

ရည်မွန်က သူ့လက်မောင်းကို တင်းတင်းဖမ်းဆုပ်ထား၏။

အခုလောက်ဆို အီတာလည်း သတင်းရပြီးလောက်ပြီ။

ရည်မွန့်ဖေဖေက ရည်မွန့်မေမေရှိရာ အိမ်ကို ဖုန်းဆက်ကိုဆက်မှာ။ မလွဲမသွေ။

တစ်လှမ်းနီးဖို့ ကြိုးစားတိုင်း နှစ်လှမ်းစာလောက်ဝေးသွားရတာ ဘာအဓိပ္ပါယ်လဲ အီတာရယ်။

ကိုကြီးတို့ ဖူးစာရှိပါ့မလား။

ကံရေးထားပါစေ ဟုပဲ မျှော်လင့်ရတော့မည်။

သူ့ဘက်က ကြိုးစားပေမယ့် ကံတရားက ရည်မွန့်ဘက်ကိုပဲ မျက်နှာသာပေးနေသည်။ မလွန်လွန်းဘူးလား။

တခါတလေ သူတို့နှစ်ဦးဘက်ကိုလည်း အသား ပေးပါအုံးလား။

\+ \+ \+

လေအေးပေးစက်ရှေ့မှာ ခန့်တလူက အဲစပရေးဗူးကို နှိပ်ဖြန်းလိုက်တာကြောင့် အခန်းလေးတစ်ခုလုံး နှင်းဆီပန်း ရနံ့တို့ မွှေးကြိုင်ထုံမွှမ်းသွားရ၏။

အစတုန်းက ဆေးရုံ၊ ဆေးခန်း အနံ့တို့ အရမ်းမုန်း မြဲ အလိုလိုနေရင်း မသိုးမသန့် ခံစားရလေ့ရှိသော ရည်မွန်ဟာ ဒီတကြိမ်မှာတော့ ဆေးခန်းထဲက ကုတင်မှာ လှဲလျောင်းနေရ တာကို သက်တောင့်သက်သာရှိရုံမက ပျော်သလိုလိုတောင် ရှိနေရသည်။

အချစ်ကြောင့် ဖြစ်လာတဲ့ စိတ်စွမ်းအားတွေရဲ့ ပြောင်း

လဲချက်က ဆန်းကြယ်သည်။

ကိုတလူက ဘေးနားကနေ ဖေးဖေးမမဆိုတော့ ခြေထောက်နာနေရတာပဲ အခွင့်အရေးတစ်ခုကဲ့သို့ ဖြစ်နေသည်။

ဒီလို ဒဏ်ရာရသွားတာကိုပဲ ကျေနပ်မိတော့ မလိုဖြစ်ရတာကို ရည်မွန် နားမလည်။

သူမရဲ့ ရင်ထဲမှာ ခန့်တလူရဲ့ အကြင်နာအယုယတို့ကို ဤမျှလိုချင်တောင့်တနေမိသလား. . . ။

ခန့်တလူကတော့ သူ့ကားမောင်းတုန်း ဘရိတ်ပေါက်ပြီး ရည်မွန်တစ်ယောက်ထဲ ဒဏ်ရာရပြီး သူက ပြောပလောက်အောင် ဘာမှမဖြစ်ခဲ့တော့ ရည်မွန်ကို မိသားစုတွေရှေ့မှာ အလိုလိုနေရင်း မျက်နှာငယ်ရ စိတ်မလုံခြုံရဖြစ်နေတာမို့ ဘာလုပ်ပေးရင် အကောင်းဆုံးဖြစ်မလဲ ပြေးလွှားစဉ်းစားနေရတာပင်။

ဤသို့နှင့်ပင် လောလောဆယ် ရည်မွန်နားက မခွာပဲ လိုအပ်တာကူညီပြုစုပေးနေမိတာ။

အိတာကတော့ ကိုကြီးကို ကြည့်ပြီး ရင်နင့်နေရပြီ။

ဘာပဲပြောပြော လူမှုရေးအရရော. . . တာဝန်အရရော၊ သူဟာ မမရည်မွန်နံဘေးမှာ အရိပ်ပမာ တဖဝါး

မျှော်ရှိနေပေသည် မဟုတ်လား. . . ။

" မမရည်မွန်. . . ပန်းသီးစားမလေ "

" ဟင့်အင်း "

ခြေထောက်မှာသာ ဒဏ်ရာရှိပြီး လူက အကောင်းမို့ အချင်ရာစားလို့ ရနေသည်။

ဒီတာက မယ်လမင်းပန်းကန်ထဲက ပန်းသီးစိပ်က တွေဟာ မမရည်မွန်စားလက်စမို့ ဆက်ပြီး ခွံ့ကျွေး ပေးမလို့ပါ။

ဒါပေမဲ့ ရည်မွန်က ခေါင်းယမ်းတာမို့ ပန်းကန်ကို ဘေးက စားပွဲလေးပေါ် ပြန်တင်ထားလိုက်ရ၏။

ဒီတာ အခန်းထဲဝင်မလာခင်တုန်းက ဒီပန်းသီးကို ကိုတလူက ခွံ့ကျွေးနေခဲ့တာပါ. . . ။

ဒီတာဝင်လာမှ ကြိုဆိုသလိုလိုနှင့် ပန်းကန်ကို ချထားပြီး ထပ်မခွံ့တော့တာ။

ဒါဟာ ဘာကြောင့်လဲ။

တခြားလူတွေရှေ့မှာ တယုတယလုပ်ရမှာမျိုးကို ကိုတလူ ရှက်လို့လား . . . ။

တခြားလူတွေရှေ့မှာမို့ ပိုပြီးရှောင်ချင်တာလား။

ရည်မွန် ဝေခွဲမရ. . . သို့သော် စိတ်ထဲမှာ ဖုထစ်ပြီး မကျေချမ်းနိုင်ပေ။

" အိတာ "

" ဟင်. . ပြောလေ မမ"

" မမ လက်ဖက်ရည်သောက်ချင်တယ်"

" ဒီအချိန်ကြီး. . . လက်ဖက်ရည်သောက်လို့ တည့်ပါ့မလား . . . အိပ်မရပဲ မျက်စိကြောင်နေဦးမယ်"

" ရပါတယ်. . . ဘာမှမဖြစ်ပါဘူး"

အိတာက ခန့်တလူဆီ လှမ်းကြည့်သည်။

" ဆေးခန်းအောက်ထပ်မှာ လက်ဖက်ရည်ဆိုင်ရှိတယ်၊ ပေါ့စိမ့်တခွက်သွားဝယ်ပေး. . "

" ဟုတ်ကဲ့"

" အိတာနေ. . . ကိုကြီး သွားဝယ်ခဲ့မယ်"

" ဟင့်အင်း. . ကိုတလူ မသွားနဲ့. . တချိန်လုံး ပင်ပန်းနေပြီ ဥစ္စာ. . "

ရည်မွန်က တားမြစ်သည်။

"ရပါတယ်. . အိတာ ဆင်းဝယ်ခဲ့ပါ့မယ်"

" ကော်ဖီပဲ သောက်ပါလား ရည်မွန်. . ဓါတ်ဘူး ထဲမှာ

ရေနွေးရှိသလဲ.. ကိုယ်ဖျော်ပေးမယ်လေ.."

"အို.. လက်ဖက်ရည် သောက်ချင်ပါတယ်ဆိုမှ"

ရည်မွန် စိတ်တိုလာသည်။ အိတာကို တမင်လွှတ်နေတာပါဆိုမှ ကိုတလူက အလိုက်မသိ။

နှုတ်ခမ်းလေးဆူကာ ပြုံးသလိုဆို လိုက်တော့မှ.. အိတာက အခန်းထဲမှ ထွက်သွားသည်။

"ကိုတလူ"

"ဟင်"

"စောစောကလိုပဲ ရည်မွန်နားမှာနေပါ.."

"နေပါတယ်"

"ပန်းသီးစားဦးမယ်"

"ဟား.. ဟား.. ကလေးကျနေတာပဲ"

ခန့်တလူက ပန်းသီးစိပ်ကလေးတွေကို သူမနှုတ်ခမ်းအဟလေးဆီ အသာခွံ့ပေးရင်း စိတ်မသက်မသာနှင့် ဘာဆက်လုပ်ရမှန်းမသိ ဖြစ်သွားသည်။

ရည်မွန်ကတော့ အိတာမရှိချိန်လေးမှာ ကိုတလူရဲ့ ကြင်နာမျက်ဝန်းများကို မော့ကြည့်နေမိသည်။

ရည်မွန် လိုအပ်နေတာ ရှင်ပဲလေ...။

ဒီလိုအချိန်လေးတွေပဲ လိုချင်နေတာ. .။

ချစ်တဲ့သူရဲ့ အကြင်နာကို လက်ခံရရှိချိန်မှာ မိန်းက လေးတွေအတွက် အသာယာဆုံးနဲ့ အကြည်နူးဆုံးအချိန်ပဲ ဆိုတာ ရည်မွန်သိပြီ ကိုတလူ. .။

ဘာနဲ့မှ အစားထိုးလို့မရတဲ့ အပျော်လှိုင်းလေး တွေနဲ့ ရင်သိပ်ခုန်အောင် ခံစားရသည်။

" ဓါတ်မှန်အဖြေကြည့်ပြီးရင် မနက်ဖြန်လောက် ဆေးရုံ က ဆင်းရမှာပါ။ ဘာတွေအားငယ်နေတာလဲ ရည်မွန်. . ."

" အားငယ်နေတယ်လို့ ဘယ်သူကပြောလဲ "

ရည်မွန်အပြုံးလေးက ချစ်စဖွယ် . . .။

"ကိုတလူ ဒီလိုမျိုး ရည်မွန့်အနားမှာရှိရင် ဘာတွေပဲရင် ဆိုင်ရ ရင်ဆိုင်ရ အားမငယ်ပါဘူးနော်. . "

"ကိုယ့်ကြောင့် ဖြစ်ရတာဆိုတော့ ကိုယ် ဘယ်စိတ် ကောင်းနိုင်မလဲ"

ရည်မွန်က သူ့နှုတ်ခမ်းကို လက်ဖျားလေးနှင့် လှမ်းပိတ် ကာ တားမြစ်သည်။

တာဝန်မကင်းသလို စကားမျိုးဆက်မကြားချင်။

တာဝန်ကျေ အကြင်နာကိုမလိုချင် . . ။

စိတ်ထဲကပါသော ချစ်မေတ္တာနှင့် အကြင်နာကိုသာ ဘမ်းတခဲ့ရတာပါ . . ။

အခုအချိန်ဟာ ရည်မွန်ရဲ့ လိုအင်ဆန္ဒတွေပြည့်ဝဖို့ းဝင်လာခဲ့ပြီ ဖြစ်သောအချိန် . . ။

ခန့်တလူက ရည်မွန့်လက်ဖျားလေးကို နှစ်သိမ့်သလို ည်တိုင်ဖျစ်ညှစ်လိုက်သည်။

ကိုယ့်ရင်ထဲမှာ ဘာတွေဖြစ်နေရသလဲဆိုတာ မပြောပဲ နားလည်လိုက်ပါလားရည်မွန်ရယ် . . . ။

နူးညံ့တဲ့ ခယတဲ့ အကြည့်လေးနဲ့ မကြည့်ပါနဲ့ . . . ။

အပြစ်တင်တဲ့ ဥပက္ခာဆန်ဆန်အကြည့်မျိုးနဲ့သာ ကိုယ့်ကိုကြည့်လိုက်ပါ . . . ။

"ကိုတလူ"

"ပြောလေ . . ရည်မွန်"

"အခုလိုလေး နေရတာပျော်ဖို့ကောင်းတယ်နော် . . ."

" ဟောဗျာ . . စိတ်ညစ်တာမဟုတ်ဘူးလား . ."

"အရင်က ကိုတလူက ဒီလိုမှ သဘောမကောင်းပဲ . ."

ခန့်တလူ ပြုံးရုံသာပြုံးနိုင်သည်။

ဪ . . . ကိုယ့်ရင်ထဲကို သူမမှဝင်မကြည့်နိုင်ပဲကိုး။

"ညဥ့်နက်တဲ့အထိ ကိုတလူက မပြန်ဘူးဆိုတော့ ရည်မွန် သိပ်အားရှိတာပဲ . . . လူကြီးတွေကတော့ မျက်စိနောက်မလားမသိဘူးနော် . . . ဟင်း. . ဟင်း. . ."

ဒဏ်ရာများနှင့် မိန်းကလေးဆီက ချိုလွင်သော ချစ်စနိုးရယ်သံလေး ထွက်လာသည်။

"ဒီလိုမျိုး နွေးနွေးထွေးထွေးလေး . . . တစ်ယောက်ကို တစ်ယောက်ဂရုစိုက်ပြီး အမြဲနေသွားရရင်ကောင်းမယ်နော် ကိုတလူ. ."

" အင်း. ."

"ဘာ အင်းလဲ . . သေချာပြောစမ်းပါ. . . ရှေ့ အနာဂတ် အစီအစဉ်တွေ ရည်မွန်ကြားချင်တယ် . . ရည်မွန်တို့ စေ့စပ်ထားကြရင် ကောင်းမယ်နော်. ."

ခန့်တလူ လန့်ဖျပ်သွား၏။

"လူကြီးစုံရာနဲ့ စေ့စပ်ထားတော့ ပိုပြီး တင့်တယ်တာပေါ့. . နော်. . ကိုတလူ၊ ရည်မွန် လမ်းမလျှောက်နိုင်သေးလဲ အိမ်မှာအကျဉ်းချုံးသဘောလေး စေ့စပ်ပွဲ လုပ်ရအောင်. . ."

ခန့်တလူသည် ခေါင်းညိတ်ဖို့လည်းခက်၊ ငြင်းဖို့လည်း မငြင်းသာပဲ အီလည်လည်ကြီးနှင့် ခေါင်းငုံ့ငြိမ်သက်သွား

ရသည်။

သူမထင်မှတ်သော တိုက်ကွက်တစ်ခုက ဖြန်းစားကြီး ဝင်လာသဖြင့် သူမှာ ရှောင်ချိန်မရ. .။

မိန်းကလေးတစ်ယောက်ရဲ့ တောင်းဆိုမှုကို သူဘယ်လို ငြင်းသင့်သလဲ။

အထူးသဖြင့် သူကြောင့် ဒဏ်ရာနှင့် ဆေးရုံကုတင် ပေါ်မှာ ရှိနေတဲ့အချိန်အခါမျိုးမှာ . .။

ကျွတ်. . . . ငါဘာလုပ်ရမှာလဲကွာ . . .။

ကျဉ်းထဲကျပ်ထဲမှာ ချွေးပျံချင်လာသည်။

ရည်မွန်က သူ့ကို စိုက်ကြည့်အကဲခတ်နေမိသည်။

သူပြောရခက်နေတဲ့ စကားကို ရည်မွန်က စတင်ပြီးလမ်း ကြောင်းပေးတာတောင် သူ့ဘက်က ပျော်ရွှင်ဝမ်းသာ မဖြစ်နိုင် ဘူးလား. . .။

နီးနီးကပ်ကပ်နေချင်မှတော့ စေ့စပ်ထားခြင်းကပိုပြီး ...သိက္ခာရှိတာမဟုတ်ဘူးလား. .။

ထိုအချိန်မှာ တံခါးတွန်းဖွင့်သံ "ကျွိ"ခနဲမြည်သံလေးနှင့် ...ရ အိတာလှမ်းဝင်လာသည်။

"ဩော်"

နှစ်ယောက်လုံး ဆတ်ခနဲ တမျိုးဖြစ်သွားသဖြင့် အိတာ အားနာသွားရသည်။

"လက်ဖက်ရည်ရပြီ မပ. . . ကိုကြီး . . မမကို တိုက်လိုက်ပါဦး. . "

"အင်းပါ. . . အဲဒါအသာထားပါဦး အိတာရဲ့ . . ဒီမှာ မမတို့ အရေးကြီးတဲ့ ကိစ္စတစ်ခုဆွေးနွေးနေတာ. . "

"ဟုတ်လား"

အိတာရင်ခုန်မြန်သွားရသည်။

ကိုကြီးကတော့ အကြီးအကျယ်မျက်နှာပျက်နေ၏။

ဘာများလဲဟု ထိတ်ခနဲပူသည်။

"သိချင်လား"

"ဘာလဲဟင်"

"မမတို့ အင်ကေ့ချ်လုပ်ဖို့ တိုင်ပင်နေတာ . . နော် ကိုတလူ ပြောလိုက်လေ. . "

အိတာ နားထဲဗုံးပေါက်ကွဲသွားသလို ထိုစကားကြောင့် ရင်တစ်ခုလုံး တုန်ယင်လှိုက်ခါသွားရ၏။

ကိုကြီး မျက်နှာကို အလန့်တကြားကြည့်မိသည်။

ကိုကြီးပြောတော့ နားလည်အောင် ဆွေးနွေးညှိနှိုင်းပြီး

အိတာတို့ကိစ္စ မမကို ဖွင့်ပြောအသိပေးမှာဆို . . ။

အခုတော့ . . .

"ဟုတ်လား . . . ကိုကြီး . ."

ကိုကြီးဆီက သေချာမှုတစ်ခုလိုချင်ပါသည်။

"ဟုတ်တယ် . . အိတာ . . အဲဒါကို ပြောနေတာပဲ"

"ဒါဆို ပျော်စရာကြီးပေါ့ . . . ဆက်ပြောလေ . . အေးအေးဆေးဆေး တိုင်ပင်ပါကိုကြီး . . . အိတာအပြင်မှာ တီဗွီသွားကြည့်လိုက်ဦးမယ် . ."

ခွင့်တောင်းပြီးတာနှင့် ကမူးရှူးတိုးဆန်စွာ အခန်းအပြင်သို့ အပြေးတပိုင်းထွက်လာမိသည်။

အခန်းတွေအားလုံး တံခါးပိတ်လျှက်သား ဆေးရုံစင်္ကြန်တစ်လျှောက် ရှင်းလင်းနေသည်။

အိတာသည် စင်္ကြန်တွေရဲ့အဆုံး အပြင်ကိုလှမ်းမြင်နေရသော သံပန်းတံခါးပေါက်ကလေးနားသို့ ပြေးလာမိသည်။

အပြင်ကိုလှမ်းကြည့် ခါတ်မီးတိုင်တို့ရဲ့ အလင်းရောင်မှာ ကတ္တရာလမ်းလေးကလည်း ရှင်းလင်းတိတ်ဆိတ်လို့။

သူမရဲ့ ရင်ထဲမှာသာ ပူလောင်ကျွမ်းမြေ့စွာ လစ်ဟာနေရတာဖြစ်သည်။

သတိထားလိုက်မိချိန်မှာ ပူနွေးသော မျက်ရည်စက်တို့ဟာ သူမရဲ့ပါးပြင်ပေါ် တစ်ပေါက်ချင်း လိမ့်ဆင်းလို့ကျနေရပြီး . . . ။

နှုတ်ခမ်းကိုက်ကာ ရှိုက်သံထွက်မလာအောင် ထိန်းထားနိုင်ပေမဲ့ စီးကျလာသောအရည်နွေးနွေးတို့ကို သူမမတားဆီးနိုင်. . ။ နောက်ဆုံးတော့လည်း ရှင် မမရည်မွန်နဲ့ပဲ စေ့စပ်ပွဲကျင်းပဖို့ ရွေးချယ်လိုက်ပြီမဟုတ်လား ဦးခန့်တလူ။

ဒီလိုပဲဖြစ်လာလိမ့်မယ်ဆိုတာ ကျွန်မ တွေး ထားပြီးသားပါ. . . ။

ရှင့်ကို ချစ်မိတာ ကျွန်မအသဲကွဲဖို့ သက်သက် ပဲ နော်၊ သိပါပြီ ကိုကြီးရယ်. . . ။

နီညိုရောင် ရင့်ရင့်လယ်သော ထိုင်ခုံပေါ် ခြေချိတ်ထိုင်လိုက်သော အီတာဟန်ပန်လေးက မိုးနိုင်မျက်စိထဲ ကြည့်ကောင်းလှသည်။

သူမဘာလုပ်လုပ် .. ဘယ်လိုနေနေ ကြည့်မိတိုင်းမှာ ရင်ထဲချစ်စနိုးသာဖြစ်ရသည်မို့ ဤဆန်းကြယ်သော ခံစားချက်နှင့် သူမကို ပတ်သက်ဖို့ကြိုးစားခဲ့ရတာ။

တီရှပ်အဝါဖျော့ဖျော့လေးကို ဂျင်းဘောင်းဘီထဲ ထည့်ဝတ်ကာ ခါးပတ်ပတ်ထားတာမို့ အီတာပုံစံလေးက ကလေးတစ်ယောက်လို လွတ်လပ်ပေါ့ပါးသော စတိုင်လ်မျိုးဖြစ်နေ

သည်။

သို့သော် သူကလေးမျက်နှာက ခပ်မှုန်မှုန် . . .။

ဘာကြောင့်မှန်းမသိ ညှိုးလည်းညှိုးနေသလို ထင်မိတယ်။

အိတာက သူ့ကိုမကြည့်ပဲ ခပ်ငိုင်ငိုင်လေးငေးနေသည်။

စကားပြောစရာရှိတယ်ဆိုပြီး အိတာရောက်လာတော့ သူက ဝမ်းပန်းတသာ စနက်ဘားဆိုင်လေးထဲခေါ်လာတာ။

သီးသန့်ခန်းထဲမှာမို့ သူမရင်ဖွင့်စရာရှိလည်း ဖွင့်ပြောလို့ရအောင်ပါ။

မိုးနိုင် သူမကို အကဲခတ်မိသလောက် အရေးကြီးတာတစ်ခုခုပြောစရာရှိနေပုံရသည်။

"အိတာ"

"ရှင်"

မိုးနိုင်ခေါ်လိုက်မှ မျက်လွှာလေးပင့်ကြည့်လာသည်။

"မင်းမျက်လုံးတွေနီနေပါလား. . ငိုထားတာလား. . "

သူမေးမှ ငိုချင်ရက် လက်တို့ သလို ဖြစ်လာရ လျှက် အိတာ မျက်ဝန်းထဲမျက်ရည်တွေပြည့်လျှံလာတော့သည်။

နှာသီးဖျားလေးတွေ နီမြန်းလာလျှက် . . ရုတ်တရက် ငိုချတော့မလို ပုံဖြစ်သွားသောအခါ မိုးနိုင်ပျာပျာသလဲ. .

"ဟာ. . . မငိုနဲ့လေ . . . ဘာဖြစ်လာလဲ . . ကိုယ့်ကို
အေးအေးဆေးဆေးပြော. . "

ပုန်းလေးတဖက်ကို ဆုပ်ကိုင်နှစ်သိမ့်ကာ သူမျှော်မျှော
သော ရှိုက်သံတချက်နှင့် . . .'

"ကိုမိုးနိုင် . . အိတာဆီက အဖြေတောင်းထားတယ်
နော် . . ."

"ဟုတ်တယ်လေ. . "

"အိတာ အခုပေးတယ်. "

"ဟောဗျာ. . ဗြုန်းစားကြီးပါလား. . "

သူမျက်လုံးပင့်ကာ ရယ်လည်း ရယ်ချင်သွားရသည်။

ဘယ်လိုတုန်း ငိုရင်းရှိုက်ရင်း ကောက်ခါငင်ကာ
အဖြေပေးတယ်ဆိုပါလား. . ။

တကယ့်ချာတိတ်မလေးကွာ . . . ။

"ဘာကြည့်နေတာလဲ . . ရှင်က မယုံလို့လား . . . ဖြစ်
နိုင်ရင် အိတာကို တနေရာခေါ်သွားပါနော်. . အိတာတို့
လက်ထပ်ရအောင်. . "

"မင်းစိတ်အေးအေးထားဦးလေ. . ဘာတွေဖြစ်လာ
သလဲ ကိုယ့်ကိုရှင်းပြဦးမှပေါ့. . "

"ရှင် အိတာကို လက်မခံဘူးလား. ."

"ဟာ. . လက်ခံတာပေါ့ . . . မင်းကို ကိုယ်က ချစ်နေ

တာပဲ . . ဘယ်အခြေအနေပဲ ဖြစ်ဖြစ်မင်းစိတ် ချမ်းသာ

အမိကပဲ . ."

"ဒါဆိုပြီးရော. ."

မိုးနိုင်စကားကို ကျေနပ်သွားမိတာမို့ အိတာက သူမပါး

ပေါ်က မျက်ရည်တွေကို လက်ခုံနှင့် ပွတ်သုတ်ပစ်လိုက်သည်။

မိုးနိုင်က ကမန်းကတန်းတစ်သျှူးပေပါ ယူပေးသည်။

ကလေးဆန်လှသော အိတာအမူအယာကိုလည်း

ပြုံးလို့ကြည့်နေမိသည်။

ငိုနေလည်း ချစ်စရာ . . မျက်ရည်သုတ်ပုံလေးက

လည်း ချစ်စရာ. .။ သူ့မျက်စိထဲ ဘာလို့ဒီလိုအလကားနေရင်း

ချစ်ပြီးရင်းချစ်ရတာလဲ။

နားမလည်နိုင်တော့ပါ. .။

"မင်းဒီလို ဘာကြောင့် ရုတ်တရက် ဆုံးဖြတ်ရတာ

လဲ. ."

"မမရည်မွန်တို့ စေ့စပ်ကြတော့မယ်. ."

"ဘယ်လို"

"မမနဲ့ ကိုကြီးနဲ့. ."

ရင်ထဲဆို့နင့်လာတာကြောင့် စကားကိုတောင် ကောင်းကောင်းမပြောနိုင် . . .။

"ကိုကြီးက . . ကိုကြီးက မမနဲ့စေ့စပ်ဖို့ ပြောနေပြီ. ."

ဒီတစ်ခါ ငြိမ်သက်နှုတ်ဆိတ်သွားရသူက မိုးနိုင်ဖြစ် သည်။

သူကလေး ဒီလိုပေါက်ကွဲ ပွင့်ထွက်လာရတဲ့ အကြောင်း က ဟိုလူကြောင့်ပဲပေါ့. . .။

အောင့်သက်ခံပြင်းသော ခံစားချက်က မိုးနိုင်နှလုံးသား ကို နှိပ်စက်သည်။

သူ့သက်ပြင်းတစ်ချက် ခိုးရှိုက်ဖြစ်သည်။

"သေချာရဲ့လား . . အဲဒီတာ. ."

"သေချာပါတယ်. . . သူတို့နှစ်ယောက်လုံးပြော တာ. ."

" မင်းသိပ်ခံစားနေရလား . . . ကိုယ့်ရင်ခွင်ထဲ ပုန်းနေလိုက်ရင် မင်းစိတ်သက်သာရာရမလား. . . ဒါဆို လာ ပုန်းနေလိုက်. ."

မိုးနိုင်က အပေါ်ကထပ်ဝတ်ထားသော ဂျာကင်ကို

လှစ်ဟပြီး သူမကိုပုန်းနေဖို့ ညွှန်ပြသည်။

အိတာ နှုတ်ခမ်းလေးပြုံးလာရကာ သူ့ပုခုံးပေါ် အားကိုး တကြီးမှီချမိသည်။

ဟုတ်တယ် . . ကိုကြီး. . . ။

အိတာ မခံစားနိုင်လွန်းလို့ တပါးသောရင်ခွင်တစ်ခုမှာ သွားရောက်ခိုလှုံပါရစေတော့. . . ။

ရှင်တို့ရဲ့ ဝေးရာကို လွင့်ပါရစေတော့ . . . ။

"ခန့်တလူဆိုတဲ့ လူကအဆန်းပဲ . . . ကိုယ့်ကို မင်းနဲ့ မပတ် သက်ရဘူး . . သူမကြိုက်ဘူးလို့ ပေါ်တင်တားတယ်. ."

အိတာ ကိုယ်လေး ဆတ်ခနဲမတ်သွားရသည်။

"မင်းကသူ့ရဲ့ ချစ်သူတဲ့. ."

"ဟင် . . တကယ် . . ကိုကြီး အဲလိုပြောတယ်. ."

မျက်လုံးဝိုင်းဝိုင်းလေးထဲ မိုးနိုင်ဆုံကြည့်ကာ . . .

"သူပြောတာအမှန်ပဲလား . . . "

အိတာက မဖြေပဲ မျက်လွှာလေးချသွား၏။

တကယ်တော့ သူမနှုတ်က အတည်ပြုစရာပင် မလိုတော့ပါ။ အားလုံးဟာ ဒိုင်လုံထင်ရှားနေပြီပဲ. . ။

သူမရဲ့ဘဝကို ကျွမ်းထိုးမှောက်ခုံကြိုက်သလိုပြုပြင်

ရှင်နိုင်သူဟာ တကယ်တော့ ခန့်တလှူပါပဲ . . ။

"မင်းကိုယ့်ဆီကိုလာရင် သူကိုယ့်ကိုပြဿနာရှာမယ် ထင်တယ်. . ဒါပေမဲ့ မင်းသာကိုယ့်ဘက်မှာရှိရင် ကိုယ်မ ကြောက်ပါဘူး. . သူနဲ့ တောက်ဆင်ပလေးရရော ဘာအရေးလဲ ပွဲလောက် စမ်းကြည့်ရတာပေါ့ . ."

"ကို. . မဟုတ်တာ. ."

" သူက သူမယူနိုင်ပဲနဲ့. . . မင်းကိုဦးထားချင် တဲ့လူ ပဲ. ."

"အဲလိုတော့ မဟုတ်ပါဘူး. ."

"မင်းမသိပါဘူး. ."

အိတာ ဖြေရှင်းချက်မပေးချင်တော့ပါ. . ။

ကိုကြီးဟာ ကိုမိုးနိုင်ပြောသလို လူစားမျိုးတော့ မဟုတ်ပါဘူး။

ကိုကြီးဘယ်တော့မှ အောက်တန်းမကျဘူး ဆိုတာ အိတာယုံကြည်သည်။

သူ့အိတာကို ရင်ထဲကနေ သန့်သန့်ရှင်းရှင်း လှိုက်လှိုက် လှဲ့လှဲ့ ချစ်ခဲ့တာလည်း တကယ်ပါ. . . ။

နှလုံးသားချင်း ခံစားနားလည်မှုဟာ ဘယ်

တော့မှ မမှားနိုင်ပါ. . .။

"အိတာ . . . မင်းကငယ် သေး တယ်. . . ကိုယ့်ဘ၀ထဲ တကယ်ဝင်လာနိုင်မလားဆိုတာ . . . တစ်ရက် နှစ်ရက်လောက် ထပ်စဉ်းစားလိုက်ပါဦး . . မင်းဘက်က တည်တည်ငြိမ်ငြိမ်နဲ့ တကယ်ပဲကိုယ်နဲ့လက်တွဲဖို့ ဆုံးဖြတ် နိုင်ပြီဆိုရင် ကျန်တာအားလုံး ကိုယ့်တာဝန်ထားပါ . . . မင်းမိဘတွေဆီလာတောင်းရမ်းပြီး မင်းကို ကိုယ်လက်ထပ်ဖို့ ကတိပေးနိုင်ပါတယ် ကိုယ်လူကြီးပါ . . ."

မိုးနိုင်က ခပ်အေးအေးဆိုပါသည်။ ရင့်ကျက် တည်ငြိမ်စွာ ပြောဆိုနိုင်တာသူ့မှာ အတွေ့အကြုံများစွာ ဖြတ်သန်းခဲ့ဖူးလို့ထင်ပါသည်။

အိတာက မိုးနိုင်ကို လေးစားအားကိုး အထင် ကြီးစွာ ငေးမောကြည့်နေမိသည်။

အကာအကွယ်မဲ့သော၊ မလုံခြုံသော အားငယ်စိုးရွံ့သော ခံစားချက်တွေဟာ သူနှင့်တွေ့တော့ ပျောက်ကင်းသက်သာသွားရပြီ . . .။

"ကျေးဇူးတင်လိုက်တာ. . ."

"မင်းစိတ်ချမ်းသာဖို့ပဲ အရေးကြီးတာပါကွာ. ."

အလွန်စိတ်သဘောထားမြင့် မြတ်သော ယောကျ်ား
တစ်ယောက်ရဲ့ ပေးဆပ်ရဲသော မေတ္တာမှာ ဇိတာရင်ဟဲ
ကြွဲဝမ်းထူးကဲစွာ ချမ်းမြေ့ငြိမ်းချမ်းသွားရလေသည်။

\+ \+ \+

"ရည်မွန့် ခြေထောက်က အရှင်းသက်သာသေးတာ မဟုတ်ဘူး . . လမ်းလျှောက်ရင် နာပါတယ်ဆိုမှ ရှင်တို့က အတင်းလိုက်ခေါ်တာပဲ . . . စိတ်ညစ်ပါတယ် . ."

သူငယ်ချင်းနှစ်ယောက်က ဂရုတစိုက်ရှိလှပေမယ့် ရည်မွန်က နှုတ်ခမ်းဆူအပြစ်တင်လိုက်ပါသည်။

သူတို့နဲ့ အပြင်ထွက်လာတော့ ကိုတလူ အိမ်လာရင်လွဲနေမှာပေါ့ . . . ။ ရည်မွန့်ကို အိမ်မှာ စောင့်မနေရ ကောင်းလားဟု သူစိတ်တိုမှာမလိုလားပါ . . ။

"ရည်မွန်ရယ် . . . နင်ပဲအာပူလျှာပူ သောက်

ချင်တယ်ဆိုပြီး. . "

"အဲဒါလည်း အဲဒါပေါ့ . . အခု ရှင်တို့က

ခင်းလျှားကန်ကနေ ဟိုဟိုဒီဒီ လျှောက်ဝင်နေတာ. . "

"တနေရာပဲ ဝင်ဖို့ကျန်ပါတော့တယ်. . "

"ဘယ်နေရာလဲ. . "

သက်မာက ကလျာ့ကို မျက်စပစ်ကာ ဘယ်လိုလဲ . .

ပြောရမလားဆိုတဲ့ အဓိပ္ပါယ်. . .

"ပြောလေ . . ဝေးရင် ရည်မွန်မလိုက်တော့ဘူး . .

အိမ်အရင်ဝင်ပို့လိုက် . . "

"ရည်မွန်မလိုက်လို့ မဖြစ်ဘူး"

"အမယ်လေးနော်. . "

"ဘာလို့ ဒီလောက်အိမ်ပြန်နေချင်ရတာလဲ"

"အိမ်မှာ ဟိုတစ်ယောက်စောင့်နေမှာစိုးလို့လား . .

ည်မွန် . . ရည်မွန် . . ပြောတော့ သူငယ်ချင်းပါဆို ပြီး. . "

သက်မာ ကစကားကို ရပ်ထားလိုက်တော့ . . .

"ပြောပါစေ . . . တကယ်ပဲ သူငယ်ချင်းလောက်ဖြစ်

စေလို့ ကလျာတို့က ဆုပောင်းနေရတာ. . "

ကလျာပြောပုံကြောင့် ရည်မွန်က ကိုတလူ နှင့်ချစ်သူ

တွေဆိုတာ ဖွင့်ပြောရကောင်းမလားစဉ်းစားသည်။

ဈေးစပ်ပွဲကျမှဖိတ်ပြီး သူတို့ကို အံ့ဩသွားစေချင်လို့ တမင်လျှို့ဝှက်ထားရတာ။

"ကဲပါ . . . အခုဘယ်လဲ. . ပြောပါဦး. . "

"ခါတ်ပုံစတူဒီယိုပါ. . "

"ကလျာရယ် . . နင်ကလည်း မော်ဒယ်ရှူးတုန်းပဲ လား. . "

ကလျာပြုံးသာပြုံးနေသည်။

သက်မာက ကားကို ခါတ်ပုံစတူဒီယိုရှိရာ . . ရွှေတည် တည့်နားရောက်အောင်ကားကို မရအရပါတင်ဝင်လိုက်ပါ သည်။

"ရည်မွန်နေခဲ့မယ်နော် . . မြန်မြန်လုပ်ကြ . . ဒါပဲ. . "

"နင့်ကို ပြစရာရှိလို့ ဒီကိုတမင်လာခဲ့တာ. . "

"ဘာရယ်. . "

"လာပါ . . သိချင်ရင် ကားပေါ်ကဆင်း . . ဘယ်နှ လုမ်းမှ မလျှောက်ရတော့ဘူး. . . ငါတို့တွဲခေါ်မှာ. . နင်ကိုယ် တိုင်မြင်စေချင်လို့. . . "

သူတို့ စကားဆန်းဆန်းကြောင့် ရည်မွန်မျက်မှောင်

ချတ်သွားရသည်။

"ဘာနဲ့လို့လဲဟယ်. ."

" နင်လိုက်ကြည့်လိုက်ပါ. ."

ရည်မွန် သူတို့နှင့်အတူ ခြေလှမ်းရှပ်တိုက်လျှောက်ပြီး ခဲ့လာရသည်။

ဒီဖိုတိုစတူဒီယို အသစ်ကို မရောက်ဖူးပေမယ့် ဓါတ်ပုံ ဆရာနာမည်က ကိုတလူသူငယ်ချင်းပဲဆိုတာ သိရသည်။

ရည်မွန်ရဲ့ ဝေဝေဝါအပျော့မဆုံးခင် သူတို့က ပုံကြီး ချဲ့ကာချိတ်ဆွဲအလှပြထားသော အသဲပုံဓါတ်ပုံရှေ့မှာ ကြည့် လိုက်ကြပါသည်။

ရည်မွန်မျက်လုံးဝိုင်းသွားရသည်။

နဖူးချင်းတိုက်ကာ နှစ်ဦးသားကြည်နူးစွာရယ်နေသော မျက်နှာနှစ်ခု အနီးကပ် . . .

ကိုတလူက ပါးပြင်းမွှေးရေးရေးလေးနှင့် နိုင်ငံခြား င်းသားတစ်ယောက်လို ချောမောနေပြီး အီတာကတော့ ည်မွန် မမှတ်မိလောက်အောင်ပင် မျက်နှာအနေအထားလေး လှပပေါ်လွင်ကာ ငေးချင်စရာ။

ဓါတ်ပုံက အသက်ပါလွန်းလို့ . . ကောင်းမွန်လွန်းလို့

ဆိုင်ကြော်ငြာထားရအောင်ပင် အဆင်ပြေနေတာ အသ
သာကြီးပါ. . .

"ရည်မွန့်ညီမက မင်းသမီးလုပ်ရင်တောင်ရမယ်ထင်
တယ်နော် . . . အရမ်းကို ဖိုတိုဂျမ်းနစ်ဖြစ်နေတာ. ."

ကလျာက ကောင်တာစားပွဲမှာ ဓါတ်ပုံတွေ သွားရှေ့
သည်။

ရည်မွန် မျက်နှာမှာ အပြုံးပျောက်ကာ ခပ်ပျက်ပျက်နှင့်
မနည်းဟန်ဆောင်ထားရသော်လည်း လူက လက်ဖျား အေးပြီး
ဒူးတွေပါချောင်လာသည်။

ဒါဘယ်တုန်းက ရိုက်ထားတာလဲ။

ဓါတ်ပုံတွေကို ကြည့်ခြင်းအားဖြင့် ချစ်သူတွေမှန်း
သိသာလှပါသည်။

ကိုတလူနှင့် အီတာက ချစ်သူတွေပါလား. .။

ဘုရား. . . ဘုရား. . . . ရည်မွန်ဘာလုပ်ရမလဲ။

ရင်ထဲမှာ တဒုတ်ဒုတ်မြည်အောင်တုန်ခါလာသည်။

"ငါပြန်တော့မယ်. ."

သူတို့တွဲခေါ်တာစောင့်မနေပဲ ခြေထောက်နာနေတာ
ပင်မေ့ကာ ကားဆီပြန်လှည့်ပြေးမိသည်။

အပြန်လမ်းမှာ ကလျာတို့က သူတို့ပြမိတာ မှားပြီလားဟု ရည်မွန့်မျက်နှာရိပ်ကို ကြည့်ကာကြည့်ကာ တလမ်းလုံး နှုတ်ဆိတ်နေလေသည်။

ရည်မွန်က အံလေးကြိတ်လျှက် မျက်ရည်ကျမလာအောင် ဂရုစိုက်ထိန်းချုပ်ထားမိသည်။

\+ + +

"အိတာ . . နင်ထပ်မညာနဲ့နော် . . မမဒေါသထွက်လာလိမ့်မယ်. ."

အိတာက မျက်ရည်ရစ်ဝဲစွာနှင့် ရည်မွန်ရှေ့မှာ အပြစ်ရှိသူပမာ ခေါင်းငုံ့ခြေစုံရပ်နေမိသည်။

"မမမေးတာ အမှန်အတိုင်းဖြေ"

"အိ. . အိတာတို့ မမထင်သလို မဟုတ်ပါဘူး. ."

"ဘာမဟုတ်တာလဲ. . . ဒီလောက်သက်သေ အထင်အရှားနဲ့. . . နင်တို့နှစ်ယောက်ပေါင်းပြီး ရည်မွန်ဆိုတဲ့ မိန်းမကို အရူးလုပ်တာပေါ့ . . ဟုတ်လား. ."

"အဲလိုလုံးဝမဟုတ်ပါဘူး . . ဒီတာရှင်းပြပါရစေ. . "

"တော်စမ်းပါ . . လာမရှင်းနဲ့. . . အခုအချိန်မှာ င်ရှင်းရင် ပိုရှုပ်တာပဲရှိမယ် . . အစကတည်းက မရှင်းတဲ့ တတ်လမ်းကို ဖုံးကွယ်ဖို့မကြိုးစားစမ်းပါနဲ့ . . နောက်ဆုံး တစ်ခွန်းထပ်မေးမယ် . . . နင်နဲ့ကိုတလူနဲ့ ဘယ်တုန်းကကြိုက် နေတာလဲ မြန်မြန်ဖြေ . . ဒါပဲ . . "

ဘယ်တုန်းကကြိုက်သလဲ . . ဒီမေးခွန်းက ဖြေရခက် သည်။

ရင်ထဲမှာတစ်ယောက်ကို တစ်ယောက် နှစ်နှစ်ကာကာ မှတ်နိုးကြတာကြာ . . ကြာလှပါပေါ့မမရယ်. . ။

ဒါပေမဲ့ အဲဒီတာ ဘယ်လိုဖြေရမလဲ . . ။

ဘယ်လိုဖြေရင် မမစိတ်ဆိုးရတာသက်သာမလဲ။

အခုဘာလုပ်ပေးရင် မမကျေနပ်မလဲ . . ။

"နင်တို့ ချစ်သူတွေပေါ့ . . ဟုတ်လား. . "

"အဲဒီတာ နောက်ဆုတ်ပေးပြီးသားပါ . . မမရယ် . . ယုံပါ. . "

"ဘယ်တုန်းက နောက်ဆုတ်လိုက်တာလဲ. . "

"ဆေးရုံမှာ မမတို့ စေ့စပ်ဖို့ တိုင်ပင်ကြတဲ့ ညတုန်းက"

"ဟင်း . . ဟင်း. . တော်တော်ရယ်ရတာပဲ. ."

ရည်မွန်က လှောင်ပြောင်သလိုရယ်မောလိုက်ပါသည်။

သူမရင်ထဲက မုန်တိုင်းက အရှိန်ပြင်းထန်နေသည်။

"ဒီကိစ္စကို ကိုတလူနဲ့ ရှင်းရမယ်. . "

ပြောပြောဆိုဆို ဟဲန်းဖုန်းကို သွက်သွက်ခေါ်သည်။

ခဏကြာလျှင် ကိုကြီးရောက်လာလိမ့်မည်။

ဖေဖေရော မေမေပါ အိမ်မှာမရှိကြတဲ့အချိန် . .၊

ကိုကြီး ဘယ်လိုဖြေမလဲ။

ဒီလိုအရေးကြီးတဲ့အချိန်မှာ မမရည်မွန်ဘက်က ပြတ်ပြတ်သားသားရပ်တည်လိုက်ပါတော့ရှင်. .။

အိတာ အလန့်လန့်အဖျပ်ဖျပ်ဖြင့် ကြိတ်ပြီး ဆုတောင်းနေမိသည်။

မမရည်မွန် ကျေနပ်အောင် ကိုကြီးဖြေရှင်းချော့နိုင်ပါစေ။

အိတာကတော့ မေ့လိုက်ဖို့ ဆုံးဖြတ်ပြီးသားပါ. .။

"အိတာ . . . ဟော့ အိတာ. . .  ခဏနေပါဦး. . "

ခန့်တလူက အပြေးအလွှား လိုက်လာသည်။

"သွား . . သွား. . အိတာကို လာမခေါ်နဲ့ . . ရှင်နဲ့ ပတ်သက်ချင်ဘူး. . "

ခန့်တလူက ငြင်းဆန်နေသော ကောင်မလေးရဲ့ လက်ကောက်ဝတ်ကို ဖျပ်ကနဲလှမ်းဆွဲပြီး သူ့ရင်ခွင်ထဲ ယိုင်ကျလာစေသည်။

"အို . . . ကိုကြီးနော်. . "

"ကိုယ့်ကို အတ္တကြီးတယ်လို့ ပြောချင်လည်းပြော . . .

ရည်မွန်ကို ကိုကြီးမှမချစ်တာ . . လက်ထပ်ဖို့လည်း မဖြစ်နိုင်ဘူး သူ့အရမ်းနားခါးမှာပဲဆိုတာ သိပေမဲ့ အိတာကိုပဲ ချစ်တယ်လို့ ကိုယ်ပြတ်ပြတ်သားသား ဝန်ခံလိုက်ပါတယ်. . သူ့ကို ကိုယ့် အနူးအညွတ်တောင်းပန်လိုက်ပြီ . . . သူ့ခွင့်လွှတ်တယ်လို့ လည်း ပြောလိုက်ပြီ . .

တကယ်ဆို ကိုကြီး မင်းဘက်က ရပ်တည်တာ မင်းကိုပဲ ချစ်တာ. . အဲဒါကိုဘာကြောင့် စိတ်ကောက်သေးတာလဲကွာ။ ပြဿနာပဲ . . . မင်းဝမ်းသာသင့်တာပါ အိတာရယ် . ."

အိတာက သူ့ရင်ခွင်ထဲက ရှုန်းဖယ်ရင်း မျက်ရည်ရစ် ဝိုင်းလာရသည်။

ပြောမပြတတ်အောင် ဝမ်းသာရတာနဲ့ ထပ်တူပဲ အိတာ ရင်ထဲကြေကွဲအားငယ်ခြင်းလည်း ဖြစ်မိပါတယ်။

အိတာတို့ ပျော်ရပေမဲ့ မမသောကရောက်နေမယ်လေ။

ဘယ်လိုလုပ်ပြီး စိတ်ချမ်းသာနိုင်မှာလဲ။

"ကိုကြီး မသိပါဘူး. . အိတာ. . အိတာ ဒီအိမ်မှာ ဘယ်လိုမျက်နှာနဲ့ ဆက်ပြီးနေရမှာလဲ. ."

"ဒီအိမ်မှာ မနေနဲ့တော့ . . . ကိုကြီးနဲ့ တခါတည်း လိုက်ခဲ့တော့ကွာ. . နော်. . ဘာပဲဖြစ်ဖြစ် ရင်ဆိုင်ကြမယ်. .

ဘယ်တော့မှ အိတာနဲ့မခွဲဘူး. . ကံကောင်းလို့ ခဲခဲယဉ်းယဉ်းနဲ့ မြန်ကြီးစားခွင့်ရလို့ . . ရည်မွန်နဲ့ကို တောင်းပန်ရတာ ဘယ်လောက်ခက်ခဲပြီး မျက်နှာပူရတယ်ဆိုတာ အိတာမသိလို့ပါ . . အိတာ ကိုကြီးကို စာနာတတ်ရင် အရမ်းသနားသွားမှာကွ . . . သိလား"

ခန့်တလူကတော့ အခက်ခဲဆုံး အပိုင်းတွေကျော်ဖြတ်သာခဲ့ပြီးပြီဖြစ်တာကြောင့် ပျော်နေမိသည်။

အိတာကတော့ ရင်လေးနေမိဆဲ . .။

ကိုကြီးပြောတဲ့ မျက်နှာပူအားနာစရာ အခက်အခဲကြီးတစ်ခု အိတာမှာလည်းရှိနေသည်။

"နေပါဦး . . ခင်ဗျားလေးကို မေးရဦးမယ် . . ဒီဖက်က နည်းနည်းလေးအဆင်မပြေနဲ့ ထစ်ခနဲဆို ဟိုလူဆီပြေးတာဘာသဘောလဲ . . သိပ်အားကိုးတယ်ပေါ့. . ဟုတ်လား . . သိပ်အထင်ကြီးတယ်ပေါ့ . . သူကဘာကောင်မို့လဲ ခင်ဗျားလေးက ဒီလောက်အဖြစ်သည်းရတာလဲ . ."

"အဲဒါကို စိတ်ညစ်နေတာသိရဲ့လား . . ကိုမိုးနိုင်ကို အိတာတောင်းပန်ရတော့မယ်. ."

သူက တစ်ရက်နှစ်ရက် စဉ်းစားချိန်ပေးခဲ့တာ တော်ပါ

အိတာဘာသာဆိုရင် ကမူးရှူးတိုးနဲ့ စိတ်လိုက်မာန် သေးရဲ့ . . . ပါဆုံးဖြတ်လိုက်မှာပင် . . ကိုကြီးနဲ့ ဝေးရတော့မလို့ . . .

ကိုကြီးက အိတာစကားကြောင့် မျက်နှာမဲ့ပြီး . .

"ခင်ဗျားလေးက ဘာအပြစ်ကျူးလွန်ထားလို့လဲ "

အိတာမဖြေပါ . . ဖြေလိုက်လျှင် ကိုကြီးတစ်ယောက် အရမ်းစိတ်ဆိုးပေါက်ကွဲမှာ သိနေလို့ပါ. . ။

"ဘာမှတော့ မဟုတ်ပါဘူး. . "

"ကျွတ် . . ထားလိုက်စမ်းပါ . . တောင်းပန်စရာရှိ တယ်ဆိုလည်း ကိုကြီးတို့ ဟန်းနီးမွန်းကပြန်လာမှ ကိုကြီးနဲ့ အတူတူသွားတွေ့ကြတာပေါ့ . . ဘယ်လိုလဲ . . "

အိတာလည်း သူနှင့် မျက်နှာချင်းမဆိုင်ရဲပါ . . ။

ဖုန်းထဲကဖြစ်ဖြစ် . . အမှန်အတိုင်းပြောပြခွင့်လွှတ်ဖို့ တောင်းဆိုရတော့မည်။

အိတာပုံစံလေးက ဇဝေဇဝါမို့ ခန့်တလူကတော့ ဖြစ်နိုင် ရင် ဟိုလူနှင့် မတွေ့စေချင်ပါ . . ။

သူ့ဘဝထဲမှာ အိတာကို မြတ်မြတ်နိုးနိုး အပိုင်သိမ်း ထားမည်။

တခြား ဘယ်ယောကျ်ားမှ စေ့စေ့ကြည့်တာလေးပင်

မလိုချင်။

"ကဲပါဗျာ . . လာပါ. : ကားပေါ်တက်. . ကိုကြီး အိတာကို နှစ်ယောက်ထဲပဲ ပြောချင်တဲ့ စကားတစ်ခွန်းရှိတယ်. . ."

အိတာက ခေါင်းလေးငုံ့လို့ နှုတ်ခမ်းကိုက်ပြုံးမိသည်။

ကိုကြီးပြောမှာ အိတာကို "ချစ်တယ်" ဆိုတဲ့ စကားလေးတစ်ခွန်းကလွဲရင် ဘာများဖြစ်နိုင်သေးလဲနော်. . ။

ပန်းသီနိုင်